ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

သနား၊ စာနာ၊ မေတ္တာထား

မိမိချမ်းသာမှုအတွက် သတ္တဝါတို့အား တုတ်လုံးတို့ဖြင့် ရိုက်ပုတ်ညှဉ်းဆဲခြင်းဖြင့် ချမ်းသာမှုကို မရနိုင်။ ထိုသတ္တဝါတို့ကို မရိုက်ပုတ်၊ မညှဉ်းဆဲခြင်းဖြင့်သာလျှင် တမလွန်ဘဝ၌ ချမ်းသာခြင်းကို ရနိုင်၏။ (သတ္တဝါများအပေါ် သနားခြင်း၊ စာနာခြင်း၊ မေတ္တာထားခြင်းတို့ဖြင့် ဆက်ဆံရာ၏။)

ဒဏ္ဍာဝဂ်(ဓမ္မပဒ-၁၃၁)

၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၄ ရက်၊ တနလာ်နေ့။ 5, Monday September 2016 (စဉ်၇၅)

မြန်မာ့ဟိုတယ်စီမံကိန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စင်ကာပူ၊ ထိုင်းနှင့် ပီယက်နမ်နိုင်ငံတို့ အများဆုံးဖြစ်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်းများအား အာဆီယံဒေသတွင်းနိုင်ငံများမှ အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံထားမှု ဟိုတယ်များတွင် နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံထားမှုမှာ စင်ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၆၂၄ ဒသမ ၁၉၄၄ သန်းဖြင့် အများဆုံးဖြစ်ပြီး ဒုတိယနေရာတွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၄၅ ဒသမ ၆၃ သန်း၊ တတိယနေရာတွင် ဗီယက်နမ်နိုင်ငံဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၄၀ ဒသမ ၀၀ သန်း ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားမှု အများဆုံးနိုင်ငံများမှာ အာဆီယံဒေသတွင်းနိုင်ငံများမှဖြစ်ပြီး စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်ထားနိုင်သည့် ဒေသတွင်းခရီးသွားလုပ်ငန်းတွင် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၏ ခရီးသွားကဏ္ဍသည်လည်း တစ်ဟုန်ထိုးတိုးတက်လာလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါပြီး ခရီးသွားဖွံ့ဖြိုးနေသော ဒေသတွင်းနိုင်ငံများရှိ ဟိုတယ်နှင့် ဝန်ဆောင်မှုနှုန်းထားများကဲ့သို့ ဆောင်ရွက်ပေးနိုင်ရန်မှာလည်း အရေးကြီးလျက်ရှိသည်ဟု

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

နိုင်ငံကူးလက်မှတ်စာအုပ်များ မမှန်မကန်ပြုလုပ်သဖြင့် ပြည်တွင်းလေဆိပ်၌ တားဆီးအရေးယူခံရသလို ပြည်ပလေဆိပ်တွင် ပြည်ဝင်ခွင့်မပြုဘဲ နှင်ထုတ်ခံရ

မုံရွာ စက်တင်ဘာ ၄

မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်များကို မမှန်မကန်ပြုလုပ်ရယူခဲ့သဖြင့် ပြည်ပသို့ မထွက်ခွာမီ မြန်မာနိုင်ငံလေဆိပ်မှာပင် တားဆီးအရေးယူခံရခြင်းများရှိသလို ပြည်ပလေဆိပ်များမှ ပြည်ဝင်ခွင့်မပြုဘဲ ပြန်လည်နှင်ထုတ်ခံရခြင်းများ ဖြစ်ပွားလျက်ရှိကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(မုံရွာ)မှ သိရသည်။

"ကျေးလက်ဒေသမှာနေပြီး အခြေခံပညာနည်းပါးတဲ့ဒေသခံအများစုဟာ လူမှောင်ခိုတွေ၊ အလုပ်အကိုင်ပွဲစားတွေ၊ မြန်မာနိုင်ငံကူး လက်မှတ်ပွဲစားတွေနဲ့ချိတ်ဆက်ပြီး ပြည်ပသွားအလုပ်လုပ်မယ့် အထောက်အထားတွေ၊ နိုင်ငံကူးလက်မှတ်စာအုပ်တွေကို မမှန်မကန် ပြုလုပ်ရယူခဲ့တဲ့အတွက် ငွေကြေးအများကြီး ဆုံးရှုံးရတာတွေရှိပါတယ်။ ဒါ့အပြင် ပြည်ပကို မထွက်ခင် မြန်မာနိုင်ငံလေဆိပ်မှာ တားဆီးအရေးယူခံရတာတွေရှိသလို ပြည်ပလေဆိပ်တွေမှာ ပြည်ဝင်ခွင့်မပြုဘဲ ပြန်နှင်ထုတ်ခံရတာတွေရှိနေပါတယ်။ ဝိသမလောဘကြောင့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားသူတွေရဲ့ အသုံးချတာကိုခံရပြီး ဥပဒေအရအရေးယူအပြစ်ပေးခံရတာတွေ ရှိနေပါတယ်"ဟု မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(မုံရွာ)မှ တာဝန်ခံရဲအုပ်မြင့်ဆွေက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✪

စိုးမင်းကြီးဘုရားအား ရှေးမူမပျက်ပြုပြင်မွမ်းမံနိုင်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိ

ညောင်ဦး စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် သြဂုတ်၂၄ ရက် ညနေပိုင်းက လူပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် သမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် စေတီပုထိုးများစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး ယခုအခါ အဆိုပါငလျင်ကြောင့် ပျက်စီးသည့် ဘုရားစေတီပုထိုးများကို အသစ်တစ်ဖန် ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငလျင်ကြောင့် ထိခိုက်ပျက်စီးသည့် ဘုရားစေတီပုထိုးများတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့များမှ

စာမျက်နှာ ၃ ကော်လံ ၆ သို့ ❖

လေပိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၄ - ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

(ကြေးမုံ)

DECO-LAND GROUP

ONE-STOP TRUSTED PAPER SUPPLIER

Contacts us :
01 684292
01 684284
01 382789
01 250425

Copy Paper
Copy Paper
Color Copy Paper

Printing Paper
Art Card
Art Paper
Woodfree
Newsprint

Special Paper
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

Packaging Paper
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

Stationery paper
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll

၂၁ ရာစု ပင်လုံညီလာခံပြီးပြီ ပြည်တွင်းငြိမ်းချမ်းရေးကို ဘယ်လိုရယူကြမလဲ

ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေပြည်တော်တွင်ပြုလုပ်ခဲ့သော ၂၁ ရာစု ပင်လုံညီလာခံကြီး အောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်သည်။

တက်ရောက်လာကြသော တိုင်းရင်းသားတို့ အကျိတ်အခဲရှိသမျှ၊ မကျေနပ်တာရှိသမျှ၊ ရင်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆိုသွားခဲ့ကြသည်။ ညီလာခံကြီး၏ အောင်မြင်မှုဆိုသည်မှာ ဒါကို ဆိုလိုချင်တာ ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ကိုယ့်ရင်ထဲရှိတာကိုမှ ပြောမပြခဲ့ရသည့် တိုင်းရင်းသားများအနေဖြင့် ရင်ကိုဖွင့်ကာ အန်ချသွားနိုင်ခဲ့ခြင်းကပင် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်၊ ငြိမ်းချမ်းရေး တာဝေးခရီးလမ်းအတွက် တာထွက်အချက်ပေးသံပင် ဖြစ်သည်ဟု ယူဆပါသည်။

ယနေ့ပြီးစီးခဲ့သော ညီလာခံကြီးက နှစ်ပေါင်းများစွာ ထိခိုက်ခံစားခဲ့ရသော ပြည်တွင်းစစ်ကိုရပ်စဲပြီး ငြိမ်းချမ်းရေးခရီးကို ဘယ်နည်း ဘယ်ပုံ လျှောက်လှမ်းကြမည်ဆိုသည်ကို စတင်ဖွင့်လှစ်သည့် နိဒါန်းပင် ဖြစ်ပါသည်။

ပြည်သူအားလုံး တောင့်တတမ်းမွတ်ခဲ့သော ငြိမ်းချမ်းရေးအတွက် ယနေ့ဆွေးနွေးခဲ့ကြသော အင်အားစုများအားလုံး ဆက်လက်ညှိနှိုင်းအဖြေရှာကြရဦးမည်။ လျှောက်လှမ်းကြရမည့် ငြိမ်းချမ်းရေးခရီးအတွက် သမိုင်းကို ပြန်လည်သုံးသပ်ခြင်းကို ညီလာခံမှာ သုံးသပ်ဆန်းစစ်ခဲ့ကြသည်။ နောက်ထပ်ပါဝင်ရန်လိုအပ်သည့် အင်အားစုတို့ကိုလည်း ပါဝင်လာအောင် စည်းရုံးကြရန်လိုမည်ဟု ထင်ပါသည်။

တိုးတက်လာသည့် ခေတ်မီနည်းပညာတို့၏ ကျေးဇူးကြောင့် ပြည်သူလူထုက ညီလာခံတစ်ခုလုံးကို ကြည့်ရှုလေ့လာခဲ့ကြရသည်ဖြစ်သောကြောင့် အင်အားစုအသီးသီးတို့၏ သဘောထား၊ ရပ်တည်ချက်၊ အခြေခံ ခံယူချက် စသည်တို့ကို မှန်းဆနားလည်နေကြပြီ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ငြိမ်းချမ်းရေးသည် ပြည်သူအားလုံးတို့၏ လိုအင်ဆန္ဒဖြစ်သည့်အားလျော်စွာ အင်အားစုအားလုံးတို့သည် မိမိတို့ သဘောထားများကို ပြန်လည်သုံးသပ်စရာရှိသည်တို့ကို သုံးသပ်၊ အခြားသူများ၏သဘောထား၊ ပြည်သူလူထု၏ သဘောထားတို့နှင့် ညှိနှိုင်းရမည်တို့ကို ညှိနှိုင်းကာ အနာဂတ်အတွက် အကောင်းမွန်ဆုံး အကောင်အထည်ဖော်မှုပုံစံများကို စဉ်းစားကြလိမ့်မည်ဟုလည်း ပြည်သူတို့က မျှော်လင့်နေကြသည်။ ပြည်သူ့သဘောဆန္ဒကို လေးလေးနက်နက်ခံယူကြလိမ့်မည်ဟုလည်း ပြည်သူတို့က အားထားယုံကြည်လိုကြပါသည်။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့သော ပြည်တွင်းစစ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဆိုသည်မှာ အလွယ်တကူဖြစ်လိမ့်မည်မဟုတ်ဆိုသည်ကို ပြည်သူတို့က နားလည်မှုရှိစွာဖြင့် အသေးစိတ်လေ့လာနားထောင်စောင့်ကြည့်နေကြပါသည်။ အခက်အခဲတွေ မျှားစွာရှိနေလိမ့်မည်၊ ပြဿနာတွေ မျှားစွာရှိနေလိမ့်မည်၊ အင်အားစုအသီးသီးကြားမှာ သဘောထားချင်းမတိုက်ဆိုင်မှုများ အများကြီးရှိနေလိမ့်မည်၊ သည်းခံစရာများ ဖြေရှင်းစရာများ ဒုနှင့်ဒေးဖြစ်သည်ဆိုသည်တို့ကိုလည်း နားလည်ကြပြီးဖြစ်ပါသည်။ ထိုအခက်အခဲများကို အင်အားစုအားလုံးက စိတ်ရှည်ရှည်ဖြင့် ကျော်လွှားသွားနိုင်ကြရန်၊ ဉာဏ်အမြော်အမြင်ကြီးကြီးဖြင့် ပိုင်းဆစ်ဝေဖန်ရန်၊ လူတစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ မိမိတို့၏ အာယာတများ၊ မိမိတို့၏အကျိုးစီးပွားများထက် ပြည်သူတို့၏မျက်နှာကို ဦးစားပေးစာနာစိတ်ဖြင့် အနာဂတ်ငြိမ်းချမ်းရေးခရီးကို အောင်မြင်သည်အထိ ဆက်လက်လျှောက်လှမ်းနိုင်ကြပါစေကြောင်း ပြည်သူ့အပေါင်းက ဆုမွန်တောင်းနေကြပါကြောင်း။ ။

ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော် ဂျပန်နိုင်ငံသို့ကြွရောက်

ရန်ကုန် စက်တင်ဘာ ၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် အဖွဲ့ဝင်ဆရာတော်များသည် ဂျပန်နိုင်ငံ Nenbutsushu ဂိုဏ်းချုပ် ဆရာတော် ဗုဒ္ဓဘာသာထိပ်သီးအစည်းအဝေးအတိုင်ပင်ခံချုပ် Dr.Kyuse Enshinijoh ၏ဖိတ်ကြားချက်အရ စက်တင်ဘာ ၃ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ကြွရောက်သွားကြောင်းသိရသည်။**(ယာဝုံ)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အတူ အဖွဲ့ဝင်ဆရာတော်များအဖြစ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တတေဇောသာရာဘိဝံသနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခဌာနမှူး(ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန)မှ ဒေါက်တာဘဒ္ဒန္တကေတုတို့လိုက်ပါ၍ စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ Nenbutsushu ဂိုဏ်းချုပ်ဆရာတော် Dr.Kyuse Enshinijoh နှင့်တွေ့ဆုံပြီး ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၏ အနာဂတ်တိုးတက်မှု အနေအထားများနှင့် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးဆိုင်ရာများ ဆွေးနွေးကြမည်ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးသည် ဂျပန်နိုင်ငံ၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ပြီးပါက မကြာမီရက်ပိုင်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာလေမြို့သို့ ထပ်မံကြွရောက်၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်ရှိကြောင်းလည်း သိရသည်။

(ရွှေအောင်)

ပုဂံညောင်ဦးရွှေဟောင်းဒေသရှိ မြေလျင်ဒဏ်သင့်ခဲ့သော ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေများ လှူဒါန်းနိုင်

၂၄-၈-၂၀၁၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ အနောက်ဘက် ၁၂ မိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေလျင် လှုပ်ခတ်မှုဒဏ်ကြောင့် ပုဂံနှင့် ညောင်ဦးရွှေဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရား၊ စေတီပုထိုးများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါထိခိုက်ပျက်စီးခဲ့သော ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ပြည်တွင်း/ပြည်ပမှ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အလှူခံဌာနများတွင် အလှူငွေများ လှူဒါန်းနိုင်ပါသည်-

- ဦးမျိုးတင့်အောင်
  ညွှန်ကြားရေးမှူး၊ အုပ်ချုပ်ရေးနှင့် လူအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲဝန်ကြီးရုံး(ယဉ်ကျေးမှု)
  သာသနာရေးနှင့် ယဉ်ကျေးမှုပန်ကြီးဌာန၊ နေပြည်တော်
  ဖုန်း ၀၆၇-၄၀၈၀၃၁၊ ၀၉-၈၆၁၃၃၄၂
- ဒေါ်ဥမ္မာအောင်
  ညွှန်ကြားရေးမှူး
  ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်)
  ၃၂D၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
  ဖုန်း ၀၁-၅၁၃၈၉၇၊ ၀၉-၇၃၀၃၀၂၃၈၊ ၀၉-၅၀၆၁၈၃၃၂
- ဦးညိုမြင့်ထွန်း
  ညွှန်ကြားရေးမှူး
  ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)
  ၂၈ လမ်း×၇၀ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
  ဖုန်း ၀၂-၆၀၀၅၉၊ ၀၉-၂၀၁၉၀၀၄
- ဦးစိုးတင့်
  ခရိုင်အုပ်ချုပ်ရေးမှူး
  ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့
  ဖုန်း ၀၆၁-၆၀၂၆၁/၆၀၂၆၂၊ ၀၉-၄၄၂၀၀၃၀၁၂

သစ်မြစ်ဆေးရွက် ဆေးဖက်ဝင်၏

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယ်ဒီတာန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Daily Media Inc.
၁၉၉၅ခုနှစ် ၁၆ လွှာ ဧပြီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၁၂၆၊ ၀၆၇-၃၄၁၁၃၀၊ ဖက်စ် ၀၆၇-၃၄၁၁၃၀၊
ရန်ကုန်နိုင်ငံခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
ပန်းနေကျော် ၀၁-၈၆၁၀၆၅၅ ဦးမဲ/ဌေးရောင်း ၀၁-၂၉၁၄၅၅၊ ဖြန့်မိုးရေ ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ကြေးမုံ

ဝန်ကြီးဌာနနှင့် မီဒီယာဆက်ဆံရေးကောင်းမွန်စေရန် ပထမဆုံးအကြိမ်အလုပ်ရုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းများ၊ မီဒီယာနှင့်ဆက်ဆံရေးကောင်းမွန်စေရန်၊ စွမ်းဆောင်ရည်တိုးတက်စေရန်တို့အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သတင်းမီဒီယာအကြောင်းသိကောင်းစရာများ ပထမဆုံးအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက်နံနက်ပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးဟန်ညွန့်(ဥပဒေ)က "အခုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရဲ့ရည်ရွယ်ချက်က ဝန်ကြီးဌာနအောက်မှာရှိတဲ့ အရာရှိတွေ၊ အမှုထမ်းတွေ မီဒီယာနဲ့ဆက်ဆံရေးတိုးတက်ကောင်းမွန်ဖို့ ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်။ လိုအပ်တဲ့အသိအမြင်နဲ့ ကျွမ်းကျင်မှုတွေ ရရှိစေဖို့လည်း ရည်ရွယ်ပါတယ်။ ဒါကြောင့်မို့ ဒီဆွေးနွေးပွဲကို ကျင်းပတဲ့အခါမှာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေ တွေ့ဆုံခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုအလုပ်ရုံဆွေးနွေးပွဲသည် ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ သတင်းမီဒီယာဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး အခြားသော ဝန်ကြီးဌာနများအနေဖြင့်လည်း မီဒီယာဆက်ဆံရေးဆိုင်ရာ တိုးတက်ကောင်းမွန်စေရန်နှင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများကို ပြည်သူကို အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်ရန် သတင်းမီဒီယာနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် အကူအညီပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"ဒီလိုတွေ့ဆုံတာဟာ ဒီဌာနမှာ ဘာတွေဆောင်ရွက်နေလဲ၊ ပြည်သူလူထုကို ဘာတွေသိစေချင်လဲဆိုတာတွေကို သတင်းမီဒီယာနဲ့ ဆက်စပ်ပတ်သက်စေဖို့လိုပါတယ်။ သတင်းမီဒီယာနဲ့ မဆက်စပ်ဘူး၊ မပတ်သက်ဘူးဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနက ဘာတွေလုပ်နေတယ်၊ ပြည်သူလူထုရဲ့အကျိုးအတွက် ဘာတွေကို အကောင်အထည်ဖော်နေတယ်ဆိုတာကို လူထုအနေနဲ့ ပြည့်ပြည့်စုံစုံသိနိုင်မှာ မဟုတ်ပါဘူး။ တစ်နည်းအားဖြင့် ဝန်ကြီးဌာနရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်တွေ အောင်မြင်တာတွေ၊ ဆုံးရှုံးတာတွေ၊ လိုအပ်တာတွေ၊ ပြည်သူလူထုက အကူအညီပေးရမယ့် ကိစ္စတွေကို သတင်းမီဒီယာနဲ့ ဆက်သွယ်ပေးခြင်းအားဖြင့်၊ သတင်းမီဒီယာကောင်စီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကို သွားရောက်တွေ့ဆုံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်အပြန်အလှန်အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်"ဟုလည်း ဦးဟန်ညွန့်(ဥပဒေ)က ဆိုသည်။

ထို့အပြင် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ နေ့စဉ်ကြုံတွေ့နေရသည့် ဒုက္ခများ၊ အခက်အခဲများရှိကြောင်း၊ ပြည်သူလူထုတစ်ဦးအနေဖြင့် ဆေးရုံတစ်ရုံရောက်သည့်အခါတွင် မည်ကဲ့သို့သော ကျန်းမာရေးဗဟုသုတရယူရမည် စသည်ဖြင့် ဗဟုသုတများရယူရန် ခက်ခဲနေတတ်ကြောင်း၊ ကျေးလက်ဆေးရုံများတွင် ပိုပြီးဆိုးကြောင်း၊ ထို့ကြောင့် အသိအမြင်များရရှိအောင်၊ နားလည်အောင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးမည်ဆိုသည့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ပြည်သူ့အတွက် လုပ်ငန်းစဉ်တွေ အများကြီးရှိပါတယ်။ လုပ်ဆဲလုပ်ငန်းစဉ်တွေရှိသလို ဆက်လက်တိုးချဲ့လုပ်ဆောင်မယ့်လုပ်ငန်းစဉ်တွေရှိပါတယ်။ ဘယ်လိုပဲကြိုးစားကြိုးစား၊ ဘယ်လောက်ပဲလုပ်နေနေ ပြည်သူမသိရင် အလကားပဲ။ ပြည်သူမပါရင်မအောင်မြင်ပါဘူး။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေကို ပြည်သူသိဖို့၊ ပါဝင်ဖို့ဆိုတာ ကျွန်တော်တို့က မစွမ်းဆောင်နိုင်ဘူး။ ဒါကြောင့်မို့ အင်မတန် အရေးပါလှတဲ့ မီဒီယာလောကကပဲ ပို့နိုင်၊ စွမ်းနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေက မီဒီယာတွေနဲ့ ဆက်ဆံတဲ့အခါမှာ ထိတွေ့လေ့ကျင့်မှုမရှိဘူး။ မီဒီယာတွေနဲ့ ဆက်ဆံပြောဆိုတဲ့ အတွေ့အကြုံနည်းကြတယ်။

ဒီနေ့အလုပ်ရုံဆွေးနွေးပွဲမှာ အရာရှိငယ်၊ လတ်၊ ကြီး အားလုံးလည်း မီဒီယာတွေနဲ့ ဘယ်လိုဆက်ဆံပြောဆိုဆောင်ရွက်ရမယ်ဆိုတဲ့ အတွေးအခေါ်အတွေ့အကြုံတွေ၊ အသိပညာဗဟုသုတတွေရနိုင်ဖို့ ဒီအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ပါတယ်။ အလားတူ မီဒီယာတွေကလည်း ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ စွမ်းဆောင်ချက်တွေကို မီဒီယာကျင့်ဝတ်၊ မီဒီယာဥပဒေနဲ့အညီ မှန်ကန်တဲ့အချက်အလက်တွေ၊ ပြည်သူသိပြီး အများကိုအကျိုးပြုတဲ့အချက်အလက်တွေ၊ အများနားလည်လွယ်မယ့် တင်ပြချက်နဲ့ ပြည်သူ့ထံရောက်အောင်ပို့ပြီး နှစ်ဦးနှစ်ဖက်အပြန်အလှန်နားလည်မှုရှိစွာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်တွေ ပေါက်မြောက်အောင်မြင်ဖို့၊ ပြည်သူ့အကျိုးတကယ်ဖြစ်ထွန်းဖို့ အခရာကျတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်"ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန့်က ရှင်းပြသည်။

ဆက်လက်၍ ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးဆက်သွေးက "ပြည်သူလူထုသိဖို့ဆိုရင် မီဒီယာကိုအသုံးပြုမှရမှာပါ။ ဥပမာအားဖြင့် ပြည်သူ့ကျန်းမာရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ၊ ရောဂါကာကွယ်တားဆီးရေးနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ၊ လူတွေရဲ့ အပြုအမူပြောင်းလဲဖို့ကိစ္စရပ်တွေမှာ ပြည်သူလူထုပါဝင်မှသာ ဌာနရဲ့ရည်ရွယ်ချက်တွေပြည့်မီမှာပါ။ ပြည်သူလူထုက ကျွန်တော်တို့ရဲ့လုပ်ငန်းတွေကို ပူးပေါင်းပါဝင်ဖို့ဆိုရင် အရင်ဆုံးသိဖို့လိုအပ်ပါတယ်။ ၅၁ သန်းသော ပြည်သူလူထုကို တစ်ဦးချင်းစီလိုက်ပြီး မပြောနိုင်တဲ့အတွက် မီဒီယာကနေတစ်ဆင့် ဆောင်ရွက်ရတာလည်း ရှိတယ်။ ဒဲ့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အရာထမ်း၊ အမှုထမ်းတွေ သတင်းမီဒီယာနဲ့ ဆက်ဆံတဲ့အပိုင်းမှာ အများစုက လေ့ကျင့်သင်ကြားပေးထားတာမရှိပါဘူး။ ကျွမ်းကျင်တဲ့အတွေ့အကြုံရှိတဲ့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို အကူအညီတောင်းပြီး လိုအပ်တဲ့အသိအမြင်ကျွမ်းကျင်မှုတွေရလာဖို့ ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

"ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်လာတဲ့အခါမှာ သတင်းမီဒီယာကောင်စီအနေနဲ့ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး သူတို့ရဲ့ အမြင်သဘောထားတွေကို ရယူမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သတင်းမီဒီယာရဲ့ အခက်အခဲကိုလည်း ကျန်းမာရေးဝန်ကြီးဌာနကို ပြောပြပြီး အပြန်အလှန်ဆက်ဆံမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အစိုးရသတင်းစာတွေဖြစ်တဲ့ ကြေးမုံ၊ မြန်မာ့အလင်း စသည်ဖြင့် နိုင်ငံပိုင်သတင်းစာများမှာသော်လည်းကောင်း၊ ကျန်တဲ့ ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်များမှာသော်လည်းကောင်း ကျွန်တော်တို့သတင်းမီဒီယာတွေက ဆောင်ရန်၊ ရှောင်ရန်များရေးသားမယ်။ သတင်းတွေထည့်မယ်၊ အသံတွေလွှင့်ပြီး ဖော်ပြခြင်းအားဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေတဲ့ကဏ္ဍတွေဟာ တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးက သိချင်တဲ့အချက်အလက်တွေကိုလည်း ရရှိသွားမှာဖြစ်ပါတယ်။

အခက်အခဲတွေကို အပြန်အလှန်သတင်းဖလှယ်တဲ့ သဘောမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ မီဒီယာတွေအနေနဲ့ လူမှုတာဝန်သိသော မီဒီယာဖြစ်လာစေရန်ဆိုတဲ့ ဦးတည်ချက်ကိုလည်း ဒီအလုပ်ရုံဆွေးနွေးပွဲကြီးက သိသိသာသာ အကျိုးပြုပါတယ်လို့ တင်ပြချင်ပါတယ်။ အများပြည်သူတွေ အမှန်တကယ်လိုအပ်တဲ့၊ အကျိုးပြုတဲ့ သတင်းအချက်အလက်တွေကို ထုတ်ပြန်တဲ့အခါမှာလည်း မီဒီယာတွေနဲ့ အတူ တွေ့ဆုံပြီးတော့ အပြုသဘောဆောင်တဲ့ အပြန်အလှန်ဆွေးနွေးမှုတွေကို ရရှိစေမှာဖြစ်ပါတယ်။ အခုလိုကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းမီဒီယာကောင်စီကို ဖိတ်ကြားပြီးတော့ အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုတွေပြုလုပ်တာဟာ ပထမဆုံးပြုလုပ်ခြင်းဖြစ်တဲ့အတွက် အင်မတန်ကျေးဇူးတင်ပါတယ်။ ကျန်တဲ့ဝန်ကြီးဌာနတွေနဲ့လည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရဲ့ အကူအညီတွေ လိုအပ်မယ်ဆိုရင် အခုလိုမျိုး ဆွေးနွေးပွဲတွေကို ခေါ်ယူပြီးတော့ ဖိတ်ကြားမယ်ဆိုရင် ကျွန်တော်တို့ သတင်းမီဒီယာကောင်စီအနေနဲ့လည်း အချိန်မရွေး လာရောက်ကူညီဖို့၊ ဆွေးနွေးဖို့ အသင့်ရှိပါတယ်"ဟု ဦးဟန်ညွန့်(ဥပဒေ)က ဆက်လက်ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန့်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်တို့က အမှာစကားပြောကြားပြီး ဒေါက်တာမျိုးသန့်တင်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအကြောင်းကို လည်းကောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးဟန်ညွန့်(ဥပဒေ)က သတင်းမီဒီယာများနှင့် သက်ဆိုင်သော ဥပဒေများ၊ ကျင့်ဝတ်များအကြောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သင်းသင်းသာနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်စွာမင်းတို့က မြန်မာနိုင်ငံရှိ မီဒီယာများ၏ လက်ရှိအခြေအနေ၊ သတင်းမီဒီယာများနှင့် ဌာနဆိုင်ရာများဆက်ဆံရေးအကြောင်းတို့ကိုလည်းကောင်း အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

(သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကြည်)

■

❒ မြန်မာ့ဟိုတယ်မှ

ပြည်တွင်းအခြေစိုက် ခရီးသွားဝန်ဆောင်မှု ကုမ္ပဏီများက သုံးသပ်လျက်ရှိသည်။

"မြန်မာနိုင်ငံရဲ့ ဟိုတယ်ခန့် ဝန်ဆောင်မှုဈေးနှုန်းတွေဟာ ထိုင်း၊ ဗီယက်နမ်တို့နဲ့ယှဉ်ရင် များနေတယ်။ ဒါကလည်း ဧည့်သည်လာရောက်မှုအတွက် အခက်အခဲတစ်ခုပဲ။ ထိုင်းမှာ အတော်အတန်ကောင်းတဲ့ ဟိုတယ်ဈေးနှုန်းက အတော်လေးသက်သာတယ်။ တကယ်ကို ငွေသုံးနိုင်တဲ့ ဧည့်သည်တွေကတော့ ဟိုတယ်ကောင်းကောင်းမှာ လာတည်းပြီး ငွေသုံးပေမယ့် တစ်ဦးချင်းလာရောက်မှုမှာ တစ်ရက်ကို ၁၂ ဒေါ်လာ၊ ၁၅ ဒေါ်လာနဲ့ရတဲ့ တည်းခိုဆောင်တွေမှာ တည်းတာများတယ်"ဟု အင်္ဂလိပ်ဘာသာ ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

နိုင်ငံတကာ ဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှု တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသည်နှင့် အမျှ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာလျက်ရှိရာ ယခု ၂၀၁၆ ခုနှစ် ဇူလိုင်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်း ၅၂ ခုနှင့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၁၈ ဒသမ ၅၂၅၄ သန်းအထိ တိုးတက်ရောက်ရှိလာခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေးစသည့် ကဏ္ဍအသီးသီးတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့်အတူ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလာသည့်အတွက် မြန်မာနိုင်ငံသည် ခရီးသွားဆွဲဆောင်ရာဒေသတစ်ခုဖြစ်လာခဲ့ပြီး နိုင်ငံတကာ ဧည့်သည်များအတွက် လည်ပတ်ချင်စရာအကောင်းဆုံး နေရာများတွင် တစ်ခုအပါအဝင် ဖြစ်လာခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်တွင် ဟိုတယ်နှင့် စီးပွားရေးအဆောက်အအုံ စီမံကိန်း ၃၆ ခုၭ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၄၄ ဒသမ ၄၁၉ သန်းသာရှိခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်တွင် သိသိသာသာ တိုးတက်များပြားလာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပြဋ္ဌာန်းပြီးနောက် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီး ၂၀၁၆ ဇူလိုင်လကုန်အထိ ကော်မရှင်၏ ခွင့်ပြုမိန့်ထုတ်ပေးဆောင်ရွက်ခဲ့သော ဟိုတယ် ၆၃ လုံး၊ အခန်းပေါင်း ၉၁၂၀ နှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်းပေါင်း ၁၄၃၄၄၆ ဒသမ ၁၂ သန်းအထိ ရှိလာခဲ့ကြောင်း ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

(ဆုနှင်းလွဲ)

✪ နိုင်ငံကူးလက်မှတ်မှ

မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းအပြင် ပြည်ပနိုင်ငံများတွင် လုပ်ခလစာပိုမိုရရှိမည်ဟုထင်မြင်၍ မြန်မာလူငယ်များသည် မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ကိုရီးယားနှင့် အခြားနိုင်ငံများသို့ တရားဝင်ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်၍ တရားဝင်နည်းလမ်းဖြင့် ဖြစ်စေ၊ တရားမဝင်အေဂျင်စီများ၊ ပွဲစားများနှင့် ဆက်သွယ်ကာ တရားမဝင် နည်းလမ်းဖြင့်ဖြစ်စေ သွားရောက်အလုပ်လုပ်ကိုင်မှုများ ရှိကြောင်း သိရသည်။

တရားမဝင်နည်းဖြင့် ပြည်ပသို့အလုပ်လုပ်ကိုင်ရန် သွားရောက်သူများအနက် မလေးရှားနှင့် စင်ကာပူနိုင်ငံသို့ သွားရောက်သူအများစုမှာ သက်ဆိုင်ရာနိုင်ငံများ၏ လေဆိပ်များသို့ရောက်ရှိ၍ လူဝင်မှုကြီးကြပ်ရေးကောင်တာ၌ စစ်ဆေးခံစဉ် ပြန်လည်စေလွှတ်ခံရလျက်ရှိရာ ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂၆ ရက်အထိ မလေးရှားမှ အမျိုးသား ၃၃၆ ဦး၊ အမျိုးသမီး ၁၀၇ ဦး စုစုပေါင်း ၄၄၃ ဦးအား ပြန်လည်စေလွှတ်ခံရပြီး စင်ကာပူနိုင်ငံမှ ပြန်လည်စေလွှတ်ခံရသူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၄၇ ဦးရှိကြောင်း မြန်မာနိုင်ငံ ကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(မုံရွာ)၏ အများသိစေရန် ကြော်ငြာထားမှုမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

❖ ရှေ့ဖုံးမှ

ပူးပေါင်း၍ အုတ်ချပ်များရှင်းလင်းခြင်းနှင့် ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းသိရပြီး စက်တင်ဘာ ၄ ရက်ကညောင်ဦးခရိုင် ရဲတပ်ဖွဲ့စခန်းမှ ရဲဝန်ထမ်းများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးနေစိုးနှင့် ဝန်ထမ်းများ၊ မိတ္ထီလာမြို့ မြတ်ပါရမီသွေးလျှူရှင်အသင်းမှ နာယကဆရာတော် ဦးပညာသာမိဦးစီး၍ သံယာတော်များ၊ အသင်းဝင်များ စုစုပေါင်း အင်အား ၅၇ ဦးခန့် စုပေါင်း၍ စိုးမင်းကြီးဘုရားသို့သွားရောက်ပြီး စိုးမင်းကြီးဘုရားတွင် ငလျင်ကြောင့် ကွမ်းတောင်ကွဲအက်ကာ အုပ်ချပ်များ ပြိုကျနေမှုများအား သန့်ရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

■

▼ ဗလင်ါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့ ▲

ကမ္ဘာ့စီးပွားရေးကို ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ ခြိမ်းခြောက်နေကြောင်း တရုတ်သမ္မတရှိပြော

ဟန်ကျီး စက်တင်ဘာ ၄

ဂျီ-၂၀ ထိပ်သီးညီလာခံကို တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ် ဟန်ကျီးမြို့၌ စက်တင်ဘာ ၄ ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများပါဝင်သော ဂျီ-၂၀ အုပ်စု၏ နှစ်ရက်ကြာ ထိပ်သီးဆွေးနွေးပွဲအတွက် ဟန်ကျီးမြို့သို့ ကမ္ဘာ့ခေါင်းဆောင်များ စုဝေးရောက်ရှိလာခဲ့ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က ဂျီ-၂၀ ထိပ်သီးညီလာခံအတွက် အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး ယင်းညီလာခံသည် တရုတ်နိုင်ငံ၌ ယခုနှစ်အတွင်း အထူးခြားဆုံး ကျင်းပသော နိုင်ငံတကာအစည်းအဝေးလည်းဖြစ်သည်။

ယနေ့ကာလတွင် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒသည် ကမ္ဘာ့စီးပွားရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း ဂျီ-၂၀ ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားတွင် တရုတ်သမ္မတရှိက ပြောကြားသည်။

ဂျီ-၂၀ ထိပ်သီးညီလာခံသည် ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် ဇွန်လတွင် ပြည်သူများက မဲပေးဆုံးဖြတ်ခဲ့ပြီးချိန်နှင့် နိုဝင်ဘာလတွင် အမေရိကန်သမ္မတရွေးကောက်ပွဲ ကျင်းပရန် ရှိနေချိန်ကြားကာလတွင် ကျင်းပခြင်းဖြစ်သည်။ ယခုကျင်းပသော ထိပ်သီးညီလာခံတွင် ဂျီ-၂၀ ခေါင်းဆောင်များက လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်နှင့်ပတ်သက်၍ ကာကွယ်ပြောဆိုကြမည်ဟု မျှော်လင့်ရသည်။

ကမ္ဘာ့စီးပွားရေးသည် အရေးပါသော လမ်းဆုံလမ်းခွသို့ ရောက်ရှိနေကြောင်း၊ နည်းပညာနှင့် စက်မှုလုပ်ငန်းများ ပြန်လည်အရှိန်အဟုန်မြင့်တက်လာရေးအတွက် ကြိုးပမ်းရန်လိုအပ်ကြောင်း သမ္မတရှိက ပြောကြားသည်။

ရွိက်တာ။

အယ်လ်ခိုင်ဒါအကြီးအကဲ၏ သမီးနှစ်ဦး အကျဉ်းသားဖလှယ်ရေးသဘောတူညီချက်အရ လွတ်မြောက်လာဟုဆို

အစ္စလမ္မာဘတ် စက်တင်ဘာ ၄

အကျဉ်းသားဖလှယ်ရေး သဘောတူညီချက်တစ်ရပ်အရ အယ်လ်ခိုင်ဒါအဖွဲ့အကြီးအကဲ အီမန်အယ်လ် ဇာဝါဟီရီ၏ သမီးနှစ်ဦးနှင့် အခြားအမျိုးသမီးတစ်ဦးတို့ကို ပါကစ္စတန်နိုင်ငံက ပြန်လည်လွှတ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ကြည်းတပ်အကြီးအကဲဟောင်း ဗိုလ်ချုပ်ကြီး အက်ရှဖာ ပါဗက်ကရာနီ၏ ပြန်ပေးဆွဲခံခဲ့ရသော သားနှင့် အဆိုပါအမျိုးသမီးသုံးဦးတို့ကို အပြန်အလှန်ဖလှယ်ရန် သဘောတူညီခဲ့ကြောင်း အမေရိကန်သတင်းဝက်ဘ်ဆိုက်ဖြစ်သည့် လောင်းဝါးဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

သို့ရာတွင် ယင်းသတင်းဖော်ပြချက်နှင့် ပတ်သက်၍ အတည်ပြုနိုင်ခြင်း မရှိသေးပေ။

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း ခေါင်းဆောင်ကြီး ဇာဝါဟီရီ၏ သမီးနှစ်ဦးနှင့် အခြားအမျိုးသမီးတစ်ဦးတို့သည် အကျဉ်းသားဖလှယ်ရေးအစီအစဉ်အရ ပြန်လည်လွတ်မြောက်လာကြောင်း အယ်လ်ခိုင်ဒါအဖွဲ့က ပြောကြားခဲ့သည်။

အကျဉ်းသား အပြန်အလှန် ဖလှယ်ရေး အဆိုပြုချက်နှင့်ပတ်သက်၍ ပါကစ္စတန် တပ်မတော်က အစောပိုင်းတွင် ငြင်းဆန်ခဲ့ကြောင်း၊ သို့ရာတွင် ကာလရှည်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးနောက် မိမိတို့သဘောတူညီမှုရရှိခဲ့ကြောင်း အယ်လ်ခိုင်ဒါအဖွဲ့က ပြောကြားသည်။ **ပီတီအိုင်။**

ထိုင်းနိုင်ငံတောင်ပိုင်း၌ ရထားတစ်စင်း ပုံးထိမှန်

ဗန်ကောက် စက်တင်ဘာ ၄

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီမြို့၌ စက်တင်ဘာ ၃ ရက်က ရထားတစ်စင်း ပုံးထိမှန်ခံရခြင်းကြောင့် ရထားလုပ်သားတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်းဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းအစိုးရအဖွဲ့နှင့် မွတ်စလင် ခွဲထွက်ရေးဝါဒီများ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ခဲ့အပြီး တစ်ရက်အကြာတွင် နိုင်ငံတောင်ပိုင်း၌ ရထားတစ်စင်း ပုံးထိမှန်ခံရခြင်းဖြစ်သည်။

ပတ္တာနီမြို့ ခိုပေါ့အရပ်၌ ရထားသံလမ်းအောက်ဘက်တွင် ပုံးထောင်ထားခြင်းဖြစ်ပြီး ရထားတစ်စင်း၏ နောက်ဆုံးတွဲမှာ ဆိုးဆိုးရွားရွားပျက်စီးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရသူသုံးဦးမှာ ရထားအလုပ်သမားနှစ်ဦးနှင့် အမျိုးသမီးခရီးသည်တစ်ဦးတို့ဖြစ်ကြောင်း၊ ဗန်ကောက်မြို့သို့ ဦးတည်ခုတ်မောင်းနေသော ရထားဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ပီတီအိုင်။**

တရုတ်(တိုင်ပေ)၏ ပင်စင်ဥပဒေပြုပြင်ပြောင်းလဲမှုအစီအစဉ်ကို ပင်စင်စားဝန်ထမ်းများ ကန့်ကွက်

တရုတ်(တိုင်ပေ) စက်တင်ဘာ ၄

တရုတ်(တိုင်ပေ)တွင် ပင်စင်ဥပဒေကို သမ္မတဆိုင်အင်းဝမ်က ပြန်လည်ပြင်ဆင်ရန် စီစဉ်နေသည့်အတွက် လူထောင်ပေါင်းများစွာက ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ကာ မြို့တွင်းလမ်းမများပေါ်တွင် စီတန်းလှည့်လည်ခဲ့ကြကြောင်း အင်နာ့အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

စက်တင်ဘာ ၄ ရက်တွင် စစ်မှုထမ်းဟောင်းများနှင့် ပင်စင်စားဝန်ထမ်းများ အပါအဝင် လူ ၁၄၀၀၀၀ ခန့်က ယင်းဥပဒေပြင်ဆင်မှုကို ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ အဆိုပါဆန္ဒထုတ်ဖော်မှုသည် သမ္မတဆိုင်အင်းဝမ် အာဏာရရှိစဉ်ကာလကစပြီး အကြီးမားဆုံးသော ဆန္ဒထုတ်ဖော်မှုတစ်ရပ်ဖြစ်သည်။

သမ္မတဆိုင်အင်းဝမ်အစိုးရအဖွဲ့က လက်ရှိကျင့်သုံးနေသည့် ပင်စင်ဥပဒေကို ပြုပြင်ပြောင်းလဲရန် ပြည်သူများအား ကတိပြုခဲ့သည်။ အဆိုပါပြင်ဆင်မှုတွင် ပင်စင်စားများ အမှုထမ်းခဲ့သည့် အလုပ်အကိုင်ပေါ်မူတည်ပြီး ပင်စင်လစာ ရရှိမှုကို ကန့်သတ်မည်ဖြစ်သည်။

ယခုကဲ့သို့ပြုပြင်ပြောင်းလဲမှုများ အချိန်မီမပြုလုပ်ပါက အစိုးရအနေဖြင့် စီးပွားရေးအကျပ်အတည်းများဖြင့် ရင်ဆိုင်ရမည်ဖြစ်သည်ဟု သမ္မတဆိုင်အင်းဝမ်က ဆိုသည်။

သို့သော် စစ်မှုထမ်းဟောင်းများနှင့် ပြည်သူ့ဝန်ထမ်းဟောင်းများက ယခုကဲ့သို့ တစ်ဖက်သတ်ပြုပြင်ပြောင်းလဲမှုကြောင့် ၎င်းတို့၏ ရပိုင်ခွင့်များဆုံးရှုံးနစ်နာရသည်ဟု ဆိုကြသည်။ ဆန္ဒထုတ်ဖော်သူများက 'ဝုဏ်သိက္ခာသည်သာ အဓိက' ဆိုသည့် စာတန်းများ ကိုင်ဆောင်ထားကြသည်။

သမ္မတဆိုင်အင်းဝမ်၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ၎င်းအနေဖြင့် ထောက်ခံပါသော်လည်း ယင်းအစီအစဉ်သည် ပြည်သူအချင်းချင်း သွေးကွဲစေနိုင်ကြောင်း ဆန္ဒထုတ်ဖော်သူ အမျိုးသမီးတစ်ဦးက ဆိုသည်။ **အင်နာ့အိတ်ချ်ကေ။**

နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

နိုင်ငံတိုင်းမှာ မူးယစ်ဆေးဝါးလုပ်ငန်းကို ချေမှုန်းရမှာဖြစ်ပေမယ့် ဥပဒေဘောင်အတွင်းက ဖြစ်ဖို့လိုပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲတယ် (ဒါမှမဟုတ်) ရောင်းဝယ်တယ်ဆိုတာက ဆင်းရဲမွဲတေမှုနဲ့ ဆက်စပ်နေပါတယ်။

မူးယစ်ဆေးဝါးရောင်းဝယ်ရေးသမားလို့ သံသယရှိသူအသတ်ခံရတဲ့နေရာ ကျွန်တော်ရောက်သွားတော့ အဲဒါဟာ ပြီးခဲ့တဲ့အပတ် အဲဒီနေ့သုသာန်အလုပ်ဆိုင်းရဲက တတိယမြောက် ဥပဒေမဲ့ လူသတ်မှုကျူးလွန်ရာနေရာပါ။ ဇူလိုင် ၂၃ ရက် ညသန်းခေါင်စွန်းစွန်းနံနက် ၁ နာရီခွဲဝန်းကျင်ပါ။ ဒီလိုအချိန်မှာ ဒီလိုဥပဒေမဲ့လူသတ်မှုတွေ ကျူးလွန်လေ့ရှိတာမို့လို့ သုသာန်အလုပ်ဆိုင်းဆိုပြီး ပြောကြဆိုကြရည်ညွှန်းကြပါတယ်။ ဒီနေရာက အက်(ဒ်)ဆာတက်ပက်ဆီရိုတန်းဒါ (Edsa Taft- Pasay Rotunda)လမ်းမပေါ်မှာပါ။ မဝင်ရဆိုတဲ့ ရဲစည်းတားကြိုးဝိုင်းရဲ့အပြင်ဘက်မှာ ဓာတ်ပုံဆရာတွေ၊ ရပ်ကြည့်နေတဲ့ ပြည်သူတွေရှိနေပါတယ်။ ရဲစည်းဝိုင်းရဲ့အတွင်းမှာတော့ ဇနီးသည် ဂျနီလင်းအော်လေးရာ (Jennilyn Olayres)က ခင်ပွန်းသည် မိုင်ကယ်ဆိုင်ရာယွန်(Michael Siaron)ကို ပွေ့ဖက်ငိုကြွေးနေပါတယ်။ ခင်ပွန်းသည်ဆိုပေမယ့် မိုင်ကယ်ဆိုင်ရာယွန်က သက်မဲ့ရုပ်အလောင်းဖြစ်နေပါပြီ။ မိုင်ကယ်ဆိုင်ရာယွန် ရုပ်အလောင်းရဲ့ဘေးမှာ "ကျွန်တော်က မူးယစ်ဆေးဝါးရောင်းဝယ်ရေးသမားပါ၊ အတုမခိုးကြပါနဲ့"ဆိုတဲ့ စာတန်းရေးထားတဲ့ ကတ်ပြားစက္ကူတစ်ချပ်ရှိနေပါတယ်။ ကျွန်တော်ရောက်သွားတဲ့ အချိန်မှာ ပစ်သတ်သွားတာ တစ်နာရီလောက်ရှိနေပါပြီ။ မျက်မြင်သက်သေတွေရဲ့ ပြောပြချက်အရ ဆိုင်ကယ်ပေါ်က သေနတ်သမားက မိုင်ကယ်ဆိုင်ရာယွန်ကို ပစ်သတ်သွားတာပါ။ ဆိုင်ကယ်ပေါ်မှာ သေနတ်သမားနဲ့အတူ အဖော်တစ်ယောက်လည်းပါပါတယ်။ ဒီလိုပစ်သတ်ပြီး အသင့်ယူလာတဲ့ စာတန်းထိုးကတ်ပြားစက္ကူကို ပစ်ချသွားခဲ့တာပါ။ သေနတ်သမားရဲ့ပစ်ခတ်မှုကြောင့် တခြားလူတစ်ယောက်လည်း ဒဏ်ရာရခဲ့ပါတယ်။ တဖျတ်ဖျတ်လင်းလက်နေတဲ့ ကင်မရာတွေက အလင်းရောင်ကိုအားပြုပြီး ကျွန်တော်ခပ်လှမ်းလှမ်းကနေ ဓာတ်ပုံတစ်ပုံပြီးတစ်ပုံ ရိုက်ယူပါတယ်။ မြင်ကွင်းက ပြဇာတ်စင်ပေါ်က အလင်းရောင်တွေလို ဖြစ်နေပါတယ်။ ဂျနီလင်းအော်လေးရာရဲ့ စိတ်မကောင်းစရာ "ကယ်ကြပါဦး"ဆိုတဲ့ အသံတွေကြားထဲပဲ ကျွန်တော် ဓာတ်ပုံတွေကို ဆက်ရိုက်နေမိပါတယ်။ ဂျနီလင်းအော်လေးရာက သတင်းသမားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ရပ်ကြည့်သူတွေကို "ရှင်တို့အလုပ်တွေရပ်ပါတော့"၊ လုံလောက်ပါပြီ။ ကျွန်မတို့ကို ကူညီကြပါဦး"လို့ မခံမရပ်နိုင် ဟစ်အော်လိုက်ပါတယ်။ ကျွန်တော်လည်း ဓာတ်ပုံရိုက်နေတာရပ်လိုက်ပြီး ဘေးကရဲကို "ခင်ဗျားတို့ ဘာစောင့်နေကြတာလဲ"လို့ မေးလိုက်ပါတယ်။ ရဲက "သူကသေသွားပြီဆိုတော့ ကျွန်တော်တို့ဘာမှလုပ်ပေးလို့မရတော့ဘူး။ ပြစ်မှုအထောက်အထားတွေ စုစည်းကောက်ယူမယ့်ရဲအဖွဲ့ကို စောင့်နေတာ"လို့ ရှင်းပြပါတယ်။ ခဏကြာတော့ ပြစ်မှုအထောက်အထားတွေ စုစည်းကောက်ယူမယ့် ရဲတပ်ဖွဲ့ရောက်လာပါတယ်။ သူတို့ကလည်း မနီလာမြို့တော် ပက်ဆီရပ်ကွက်မှာရှိတဲ့ အထက်လွှတ်တော်အဆောက်အအုံဘေးက အလားတူ ပြစ်မှုဖြစ်ပွားရာနေရာကနေ ရောက်လာကြတာပါ။ ကျွန်တော် ဒီလမ်းပေါ်က ဖြတ်သွားတဲ့တံတားပေါ်တက်ပြီး အပေါ်စီးကနေ ဓာတ်ပုံတွေဆက်ရိုက်ပါတယ်။ ကားသမားတချို့က ဆူဆူညံညံ ရှုတ်ရှုတ်သဲသဲဖြစ်နေတဲ့ မြင်ကွင်းကို ရပ်ကြည့်ကြပါတယ်။ လူအုပ်ကြီးက မိုင်ကယ်ဆိုင်ရာယွန်ရဲ့ ရုပ်အလောင်းကို ဘေးထားပြီး ဝိုင်ကြွေးနေတဲ့ ဂျနီလင်းအော်လေးရာကို ဝိုင်းကြည့်နေကြပါတယ်။ ဒီအချိန်မှာပဲ သတင်းတစ်ခုဝင်လာပါတယ်။ မနီလာမြို့တော်ရဲ့ ပက်ဆီရပ်ကွက် ဝီးဝရီးဇာ(Leveriza) ပေါ်မှာ အဲဒီနေ့ သုသာန်အလုပ်ဆိုင်းရဲ့ စတုတ္ထမြောက် ရုပ်အလောင်းကိုတွေ့တယ်ဆိုတဲ့သတင်းပါ။ ကျွန်တော်နဲ့ မီဒီယာရဲဘော်အားလုံး မှုခင်းဖြစ်ပွားရာနေရာကို ပြေးကြရပါတယ်။ ဒါပေမယ့် အားလုံးမှာလေးလံတဲ့ နှလုံးသားကိုယ်စီနဲ့ပါ။

ဒါက ဖိလစ်ပိုင်ဓာတ်ပုံသတင်းထောက် ရာဖီလာမာ (Raffy Lerma)က ၂၀၁၆ ခုနှစ် ဇူလိုင် ၃၁ ရက်ထုတ် Philippine Daily Inquirer မှာ ရေးထားတာရဲ့ တစ်စိတ်တစ်ပိုင်းကို ဘာသာပြန်တင်ပြလိုက်တာပါ။ မူးယစ်ဆေးဝါးရာဇဝတ်မှုတွေကို အပြတ်ရှင်းမယ်လို့ ကြွေးကြော်နေတဲ့ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒေးတာ့(Rodrigo Duterte)မူဝါဒရဲ့ ကြေကွဲစရာအဖြစ်ဆိုးတွေပါ။ ရိုဒရီဂိုဒေးတာ့သမ္မတဖြစ်ပြီး နှစ်လအတွင်း လူ ၁၉၀၀ ကျော် သတ်ဖြတ်ခံခဲ့ရပြီးပါပြီ။ ဒါက ဖိလစ်ပိုင်ရဲတပ်ဖွဲ့က တရားဝင်ထုတ်ပြန်တဲ့ စာရင်းဇယားပါ။ ရိုဒရီဂိုဒေးတာ့ သမ္မတတာဝန်စထမ်းဆောင်တာက ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်ဖြစ်လို့ နှစ်လကို လေးရက်ပဲ စွန်းပါသေးတယ်။ စာရင်းအတိအကျပြောရရင် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲတယ်ထင်လို့ ပစ်သတ်ခံရသူ စုစုပေါင်း ၁၉၁၆ ဦးပါ။ အဲဒီအထဲမှာ ရဲတပ်ဖွဲ့ကပစ်သတ်ခဲ့တဲ့ဦးရေဟာ ၇၅၆ ဦးပဲ ရှိပါတယ်။ လက်မရှဉ့်လူသတ်သမားတွေ (သမ္မတရိုဒရီဂိုဒေးတာ့ရဲ့ ဩဇာနဲ့ လိုင်စင်ရလူသတ်သမားတွေလို ဆောင်ရွက်နေတဲ့သူတွေပါ) သတ်ဖြတ်ခဲ့တာက ၁၁၆၀ ရှိပါတယ်။ ဒီလိုကိစ္စတွေကို ဥပဒေအရ ကိုင်တွယ်ဖြေရှင်းလို့မရဖြစ်နေတာပါ။ ဒီလိုကြေကွဲစရာဖြစ်ရပ်ဆိုးတွေကို ရိုဒရီဂိုဒေးတာ့က ခေါင်းထဲထည့်ပုံမရပါဘူး။ ဇူလိုင် ၂၅ ရက် တိုင်းပြည်ကိုပြောကြားတဲ့ မိန့်ခွန်းမှာ သမ္မတ ရိုဒရီဂိုဒေးတာ့က "ခင်ဗျားတို့နှစ်ဆတိုးပြီးကြိုးပမ်းကြပါ။ လိုအပ်ခဲ့ရင် သုံးဆတိုးပြီး ကြိုးပမ်းကြပါ။ မူးယစ်ဆေးဝါးရာဇဝတ်တွေ၊ မူးယစ်ငွေကြေးတွေ ကိုင်တွယ်စီမံခန့်ခွဲနေသူတွေ၊ မူးယစ်ဆေးဝါးရောင်းချသူတွေ နောက်ဆုံးတစ်ယောက်မကျန် လက်နက်ချတဲ့အထိ (ဒါမှမဟုတ်) အကျဉ်းထောင်ထဲထည့်နိုင်တဲ့အထိ (ဒါမှမဟုတ်) မြေမြှုပ်သင်ဂြိုဟ်နိုင်တဲ့အထိ(သူတို့ဒီလိုဆန္ဒရှိခဲ့ရင်ပေါ့လေ)" ဆိုပြီး မတောင်းပန်စတမ်း ခပ်ကြမ်းကြမ်း၊ခပ်ရိုင်းရိုင်းပြောခဲ့ပါတယ်။

CNNသတင်းဌာနက တွေ့ဆုံအင်တာဗျူးလုပ်ခဲ့တဲ့ ဂျန်နီ(Janie) ရဲ့ကိုယ်တွေ့ဖြစ်ရပ်ကို ကြည့်ရအောင်ပါ။ ဂျန်နီဆိုတာ ဖိလစ်ပိုင်ရဲတပ်ဖွဲ့ရဲ့ရန်ကို ကြောက်လို့ပါ။ ဂျန်နီရဲ့အစ်ကိုဟာ မော်တော်ဆိုင်ကယ်တက္ကဆီမောင်းတဲ့သူပါ။ အသက် (၄၇) နှစ်ရှိပါပြီ။ မိန်းမနဲ့ကွာရှင်းထားပြီး ကလေးနှစ်ယောက်ရှိပါတယ်။ ဩဂုတ် ၁၄ ရက်က ရဲတပ်ဖွဲ့ဟာ ဂျန်နီတို့အိမ်ထဲ အတင်းဝင်လာကြပါတယ်။ "လက်ထိပ်ခတ်ပြီးမှ ကျွန်မအစ်ကိုရဲ့ခေါင်းကို ရဲတွေက သေနတ်နဲ့ပစ်လိုက်တာပါ" လို့ ဂျန်နီကဖြစ်စဉ်ကို ပြန်ပြောပြပါတယ်။ ရဲတပ်ဖွဲ့ရဲ့အစီရင်ခံစာမှာ ဂျန်နီရဲ့အစ်ကိုဟာ မူးယစ်ဆေးဝါးရောင်းသူတစ်ဦးဖြစ်ပြီး ရဲတပ်ဖွဲ့နဲ့အပြန်အလှန်ပစ်ခတ်နေတုန်း ပစ်သတ်ခံရတယ်လို့ မှတ်တမ်းတင်ထားပါတယ်။ ဂျန်နီကတော့ သူ့အစ်ကိုဟာ မူးယစ်ဆေးဝါးသုံးစွဲသူမှန်ပေမယ့် အရောင်းအဝယ်မလုပ်ပါဘူးလို့ ရှင်းပါတယ်။ CNN သတင်းဌာနက ဂျန်နီကိုတွေ့ဆုံအင်တာဗျူး လုပ်ချိန်မှာ ဂျန်နီအစ်ကိုရဲ့ ရုပ်အလောင်းဟာ ရေခဲတိုက်မှာပဲ ရှိပါသေးတယ်။ "သမ္မတက မူးယစ်ဆေးဝါးသုံးစွဲသူတွေသတ်ဖြတ်ပစ်မယ်ပြောတော့ ကျွန်မစိတ်ထဲအရမ်းကြောက်သွားပါတယ်။ ဒီလိုသာ သတ်မယ်ဆိုရင်တော့ ကျွန်မတို့နိုင်ငံမှာ တရားဥပဒေဆိုတာ ရှိတော့မှာမဟုတ်ပါဘူး။ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ပြန်လည်ထူထောင်ရေးစခန်းတွေပို့ရမှာ မဟုတ်ဘူးလား။ သတ်ဖြတ်ပြီး ပြစ်ဒဏ်ပေးတယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ။ကျွန်မအစ်ကိုဟာ ဆေးပြတ်သွားတာကြာပါပြီ။ ကျွန်မအစ်ကိုမှာ ရန်သူလည်းမရှိပါဘူး။ အစ်ကိုက ကြင်နာသနားတတ်သူပါ"လို့ ပြောရင်း ဂျန်နီဟာ စိတ်လှုပ်ရှားလာပါတယ်။ ဘာမှမလုပ်နိုင်၊ မတတ်နိုင်ဆိုတဲ့ ခံစားချက်က ဂျန်နီမျက်နှာမှာ ပေါ်လွင်နေပါတယ်။ ရှိုက်ကြီးတင်ငိုရင်း "ဒေးတာ့ ရှင့်လုပ်ရပ်တွေရပ်ပါတော့"။ ရှင့်မှာ သူတစ်ပါးအသက်သတ်ပိုင်ခွင့်မရှိပါဘူး။ ဒီရဲတွေကျတော့ အမည်ရင်းမဟုတ်သလို ဘယ်မြို့မှာ နေထိုင်တယ်ဆိုတာကိုလည်း ဖုံးထားပါတယ်။ ဂျန်နီရဲ့အစ်ကိုဟာ မော်တော်ဆိုင်ကယ်တက္ကဆီမောင်းတဲ့သူပါ။ အသက် (၄၇) နှစ်ရှိပါပြီ။ မိန်းမနဲ့ကွာရှင်းထားပြီး ကလေးနှစ်ယောက်ရှိပါတယ်။ ဩဂုတ် ၁၄ ရက်က ရဲတပ်ဖွဲ့ဟာ ဂျန်နီတို့အိမ်ထဲ အတင်းဝင်လာကြပါတယ်။ "လက်ထိပ်ခတ်ပြီးမှ ကျွန်မအစ်ကိုရဲ့ခေါင်းကို ရဲတွေက သေနတ်နဲ့ပစ်လိုက်တာပါ" လို့ ဂျန်နီကဖြစ်စဉ်ကို ပြန်ပြောပြပါတယ်။ ရဲတပ်ဖွဲ့ရဲ့အစီရင်ခံစာမှာ ဂျန်နီရဲ့အစ်ကိုဟာ မူးယစ်ဆေးဝါးရောင်းသူတစ်ဦးဖြစ်ပြီး ရဲတပ်ဖွဲ့နဲ့အပြန်အလှန်ပစ်ခတ်နေတုန်း ပစ်သတ်ခံရတယ်လို့ မှတ်တမ်းတင်ထားပါတယ်။ ဂျန်နီကတော့ သူ့အစ်ကိုဟာ မူးယစ်ဆေးဝါးသုံးစွဲသူမှန်ပေမယ့် အရောင်းအဝယ်မလုပ်ပါဘူးလို့ ရှင်းပါတယ်။ CNN သတင်းဌာနက ဂျန်နီကိုတွေ့ဆုံအင်တာဗျူး လုပ်ချိန်မှာ ဂျန်နီအစ်ကိုရဲ့ ရုပ်အလောင်းဟာ ရေခဲတိုက်မှာပဲ ရှိပါသေးတယ်။ "သမ္မတက မူးယစ်ဆေးဝါးသုံးစွဲသူတွေသတ်ဖြတ်ပစ်မယ်ပြောတော့ ကျွန်မစိတ်ထဲအရမ်းကြောက်သွားပါတယ်။ ဒီလိုသာ သတ်မယ်ဆိုရင်တော့ ကျွန်မတို့နိုင်ငံမှာ တရားဥပဒေဆိုတာ ရှိတော့မှာမဟုတ်ပါဘူး။ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ပြန်လည်ထူထောင်ရေးစခန်းတွေပို့ရမှာ မဟုတ်ဘူးလား။ သတ်ဖြတ်ပြီး ပြစ်ဒဏ်ပေးတယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ။ကျွန်မအစ်ကိုဟာ ဆေးပြတ်သွားတာကြာပါပြီ။ ကျွန်မအစ်ကိုမှာ ရန်သူလည်းမရှိပါဘူး။ အစ်ကိုက ကြင်နာသနားတတ်သူပါ"လို့ ပြောရင်း ဂျန်နီဟာ စိတ်လှုပ်ရှားလာပါတယ်။ ဘာမှမလုပ်နိုင်၊ မတတ်နိုင်ဆိုတဲ့ ခံစားချက်က ဂျန်နီမျက်နှာမှာ ပေါ်လွင်နေပါတယ်။ ရှိုက်ကြီးတင်ငိုရင်း "ဒေးတာ့ ရှင့်လုပ်ရပ်တွေရပ်ပါတော့"။ ရှင့်မှာ သူတစ်ပါးအသက်သတ်ပိုင်ခွင့်မရှိပါဘူး။ ဒီရဲတွေကျတော့ ဘယ်မြို့မှာ နေထိုင်တယ်ဆိုတာကိုလည်း ဖုံးထားပါတယ်။ ဖိလစ်ပိုင်ရဲတပ်ဖွဲ့ရဲ့ရန်ကို ကြောက်လို့ပါ။ ဂျန်နီရဲ့အစ်ကိုဟာ မော်တော်ဆိုင်ကယ်တက္ကဆီမောင်းတဲ့သူပါ။ အသက် (၄၇) နှစ်ရှိပါပြီ။ မိန်းမနဲ့ကွာရှင်းထားပြီး ကလေးနှစ်ယောက်ရှိပါတယ်။ ဩဂုတ် ၁၄ ရက်က ရဲတပ်ဖွဲ့ဟာ ဂျန်နီတို့အိမ်ထဲ အတင်းဝင်လာကြပါတယ်။ "လက်ထိပ်ခတ်ပြီးမှ ကျွန်မအစ်ကိုရဲ့ခေါင်းကို ရဲတွေက သေနတ်နဲ့ပစ်လိုက်တာပါ" လို့ ဂျန်နီကဖြစ်စဉ်ကို ပြန်ပြောပြပါတယ်။ ရဲတပ်ဖွဲ့ရဲ့အစီရင်ခံစာမှာ ဂျန်နီရဲ့အစ်ကိုဟာ မူးယစ်ဆေးဝါးရောင်းသူတစ်ဦးဖြစ်ပြီး ရဲတပ်ဖွဲ့နဲ့အပြန်အလှန်ပစ်ခတ်နေတုန်း ပစ်သတ်ခံရတယ်လို့ မှတ်တမ်းတင်ထားပါတယ်။ ဂျန်နီကတော့ သူ့အစ်ကိုဟာ မူးယစ်ဆေးဝါးသုံးစွဲသူမှန်ပေမယ့် အရောင်းအဝယ်မလုပ်ပါဘူးလို့ ရှင်းပါတယ်။ CNN သတင်းဌာနက ဂျန်နီကိုတွေ့ဆုံအင်တာဗျူး လုပ်ချိန်မှာ ဂျန်နီအစ်ကိုရဲ့ ရုပ်အလောင်းဟာ ရေခဲတိုက်မှာပဲ ရှိပါသေးတယ်။ "သမ္မတက မူးယစ်ဆေးဝါးသုံးစွဲသူတွေသတ်ဖြတ်ပစ်မယ်ပြောတော့ ကျွန်မစိတ်ထဲအရမ်းကြောက်သွားပါတယ်။ ဒီလိုသာ သတ်မယ်ဆိုရင်တော့ ကျွန်မတို့နိုင်ငံမှာ တရားဥပဒေဆိုတာ ရှိတော့မှာမဟုတ်ပါဘူး။ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ပြန်လည်ထူထောင်ရေးစခန်းတွေပို့ရမှာ မဟုတ်ဘူးလား။ သတ်ဖြတ်ပြီး ပြစ်ဒဏ်ပေးတယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ။ကျွန်မအစ်ကိုဟာ ဆေးပြတ်သွားတာကြာပါပြီ။ ကျွန်မအစ်ကိုမှာ ရန်သူလည်းမရှိပါဘူး။ အစ်ကိုက ကြင်နာသနားတတ်သူပါ"လို့ ပြောရင်း ဂျန်နီဟာ စိတ်လှုပ်ရှားလာပါတယ်။ ဘာမှမလုပ်နိုင်၊ မတတ်နိုင်ဆိုတဲ့ ခံစားချက်က ဂျန်နီမျက်နှာမှာ ပေါ်လွင်နေပါတယ်။ ရှိုက်ကြီးတင်ငိုရင်း "ဒေးတာ့ ရှင့်လုပ်ရပ်တွေရပ်ပါတော့"။ ရှင့်မှာ သူတစ်ပါးအသက်သတ်ပိုင်ခွင့်မရှိပါဘူး။ ဒီရဲတွေကျတော့ ရှင်ဘာလို့ မသတ်တာလဲ။ မူးယစ်ဆေးတွေ ရောင်းနေ၊သုံးနေတာ ဒီရဲတွေပါ" ဆိုပြီး ပေါက်ကွဲပွင့်အံပြောကြားခဲ့ပါတယ်။

ဂျန်နီရဲ့စကားတွေကို သက်သေပြဖို့ မလွယ်ပေမယ့် မူးယစ်ဆေးဝါးလုပ်ငန်းတွေမှာ ရဲတပ်ဖွဲ့ဝင်တွေပါ ပါဝင်ကျူးလွန်နေတာကတော့ ကမ္ဘာမှာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စလို့တောင် ပြောရမယ့်ဖြစ်ရပ်မျိုးပါ။ သံသယရှိရုံနဲ့ အထောက်အထားမရှိ၊ ဖမ်းဝရမ်းမရှိ၊ သတ်ချင်သလို သတ်နေတာကတော့ ဥပဒေကို အကောင်အထည်ဖော်နေတာ မဟုတ်ပါဘူး။ ဥပဒေကိုဖောက်ဖျက်ကျူးလွန်နေတာပါ။ ဆိုင်ကယ်စီးလာပြီး စစ်ဆေးမေးမြန်းမှုမရှိ ပစ်သတ်သွားတာက လူသတ်မှုကျူးလွန်တာပါ။ သံသယရှိရုံနဲ့ ပစ်သတ်တယ်ဆိုကတည်းက မဟုတ်မမှန်မှားယွင်းပစ်သတ်နိုင်ခြေက အဆမတန်များနေပါပြီ။ "မူးယစ်ဆေးဝါး ပြဿနာတိုင်းပြည်မှာ ကင်းမှဖြစ်မယ်၊ ဘာဖြစ်လဲချက္စာ"ဆိုတဲ့ လူမျိုးတွေ ကိုယ့်ကိုယ် ကိုယ်"ကိုယ့်သားလေး၊ ကိုယ့်တူလေး ဒီလိုမှားယွင်းပစ်ခတ်ခံရရင် ဒီလိုတွေးဦးမှာလား" လို့ ပြန်မေးကြည့်သင့်ပါတယ်။နိုင်ငံတိုင်းမှာ မူးယစ်ဆေးဝါးလုပ်ငန်းကို ချေမှုန်းရမှာဖြစ်ပေမယ့် ဥပဒေဘောင်အတွင်းက ဖြစ်ဖို့လိုပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲတယ် (ဒါမှမဟုတ်)ရောင်းဝယ်တယ်ဆိုတာက ဆင်းရဲမွဲတေမှုနဲ့ ဆက်စပ်နေပါတယ်။ မိသားစုလှုမှုရေးရာကိစ္စတွေနဲ့လည်း ပတ်သက်နေတတ်ပါတယ်။ ပြောလိုတာက မူးယစ်ဆေးဝါးချေမှုန်းရေးလုပ်ငန်းဆောင်ရွက်တဲ့အခါ ဥပဒေကြောင်းအရ အရေးယူတာ တစ်ခုတည်းကို ကြည့်လို့ မရပါဘူး။ စီးပွားရေးရှုထောင့်၊ လူမှုရေးရှုထောင့်တွေကလည်းကြည့်ဖို့လိုပါတယ်။ ပိုဆိုးတာကတော့ သမ္မတ ရိုဒရီဂိုဒေးတာ့ဟာ မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းကို ဥပဒေမဲ့ နည်းလမ်းတွေနဲ့ဆောင်ရွက်နေတာပါ။ ။

စက်မှုလယ်ယာ ဆိုပေမယ့်...

စောနန္ဒာအောင်

ဩဂုတ် ၁၆ရက်နေ့ထုတ်ကြေးမုံသတင်းစာမှာ လယ်ယာလုပ်သားတွေ ရှားလာတဲ့အကြောင်းရေးတော့ စက်မှုလယ်ယာစနစ်ထွန်းကားရင် ပူစရာမလိုပါဘူးလို့ ပြောချင်သူတွေရှိနိုင်ပါတယ်။ တကယ်လည်း အပြင်မှာပြောနေတာတွေ ရှိပါတယ်။ ဒါကြောင့်လည်း စက်မှုလယ်ယာထွန်းကားရင် လယ်ယာလုပ်သားတွေ မလိုအပ်တော့ဘူးလားဆိုတာကို သုံးသပ်ကြည့်မိပါတယ်။

လိုနေဦးမည်

ကျွန်တော်လက်ရှိလုပ်နေတဲ့ လယ်ယာလုပ်ငန်းအတွေ့အကြုံတွေနဲ့ ဆက်စပ်စဉ်းစား ရမိသလောက်ကတော့ စက်မှုလယ်ယာစနစ်တွေ ဘယ်လိုပဲ ဖွံ့ဖြိုးလာစေဦးတော့ လယ်ယာလုပ်သားတွေရဲ့ အခန်းကဏ္ဍက မေ့မှိန်ဖွယ်ရာမရှိသေးပါဘူး။ မကြာသေးခင်က ရုပ်သံသတင်းတစ်ပုဒ်မှာ ပြင်သစ်လယ်သမားတစ်ယောက် သူ့လယ်ကွင်းတွေကိုဒရုန်းနဲ့ကြည့်တယ်ဆိုတာ တွေ့ပါတယ်။ ဒရုန်းမှာ အန်းဒရွိုက်စနစ်မှာတော့ ဘယ်လယ်က ဘာမြေဩလိုတယ်ကအစ အသေးစိတ်သိရပါသတဲ့။ တစ်ခါ တရုတ်မှာ ဒရုန်းတွေနဲ့ စိုက်ခင်းတွေဆေးဖျန်းတယ်ဆိုတာတွေပါ တွေ့လိုက်ပါတယ်။ ဒါမျိုးက သူတို့နိုင်ငံတွေမှာ တောင်မကျယ်ပြန့်သေး။ ကျွန်တော်တို့နိုင်ငံဆိုရင် နောင်ဆယ်နှစ်၊ ဆယ်နှစ်ပေါင်းများစွာတောင် ဖြစ်ဖို့အလားအလာမရှိသေးလို့ လုပ်သားတွေကိုပစ်ပယ်လို့ မရနိုင်သေးပါဘူး။ ဒီက လယ်သမားတွေအနေနဲ့ အလွန်ဆုံးမျှော်လင့်နိုင်ရင် လယ်ထွန်စက်တို့၊ ရိတ်ခြွေစက်တို့လောက်ပဲ ရှိပါမယ်။

ထွန်စက်တွေအကြောင်းပြောရရင် ကျွန်တော်တို့နိုင်ငံမှာလည်း ခုဆိုရင် လယ်ယာသုံးထွန်စက်ရောင်းတဲ့ ကုမ္ပဏီတွေအတော်များလာပါပြီ။ တရုတ်မိတ်ကစလို့ ထိုင်း၊ ဗီယက်နမ်၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယအပြင် အမေရိကန်၊ အီတလီထုတ်တွေပါ ရနိုင်ပါပြီ။ အမြို့မြို့ အနယ်နယ်က လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင်တွေမှာ ယခင်က လယ်လုပ်စက်(walking tractor) လေးတွေ လောက်မြင်ခဲ့ရာက ယခုဆိုရင် အနည်းဆုံး တရုတ်ထုတ် လယ်ထွန်စက်ကြီးတွေလောက်တော့ မြင်လာရပါပြီ။ ဟိုတုန်းက ခြွေလှေစက်တွေလောက်မြင်ခဲ့ရာက အခုဆို ရိတ်ခြွေစက် အမျိုးစုံလည်း မြင်လာရပါပြီ။ စက်တွေအမျိုးစုံရောင်းသူတွေ ပေါလာသလို ဝယ်ယူသူတွေလည်းရှိလာပြီဆိုပေမယ့် လယ်သမားဦးရေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ အတော်ကို ရာခိုင်နှုန်းနည်းပါးနေသေးတယ်လို့ ဆိုရမှာပါ။ မြင်သာအောင်ပြောရရင် နိုင်ငံရဲ့ကျေးလက် ဒေသအားလုံးမှာ စစ်တမ်းကောက်ကြည့်ပါ။ တစ်ရွာမှာ ထွန်စက်တစ်စီးမရှိနိုင်သေးတာ အသေအချာပါပဲ။ ရှိရင်လည်း ဟိုတုန်းက ဇဲလက်ကျန်တွေပဲ တွေ့ရဖို့များပြီး နည်းနည်းပိုရင် တရုတ်စက်၊ ဒီထက်နည်းနည်းပိုမှ အိန္ဒိယထုတ်တစ်စီးတလေ ရှားရှားပါးပါးတွေ့နိုင်မှာပါ။ အိန္ဒိယထုတ် မြင်းကောင်ရေ (90)စက်တွေ ကိုင်နိုင်တဲ့ သူတွေဆိုရင်လည်း အနည်းဆုံးလယ်ဧက လေးငါးဆယ်

လောက် ပိုင်ဆိုင်တဲ့သူတွေဖြစ်နေတာ တွေ့ရမှာပါ။ ကျန်တဲ့ဧက ၂၀အောက် လယ်သမားအများစုကတော့ လယ်လုပ်စက် (walking tractor) လေးတွေနဲ့ပဲ နှစ်ပါးသွားနိုင်ပြီး အလွန်ဆုံး တရုတ်ထုတ် 50 HP ထွန်စက်လောက်ပဲ မှန်နိုင်ကြတာပါ။ ဒါလည်း နောင်သုံး၊ လေးနှစ်အတွင်း တွင်တွင်ကျယ်ကျယ်ကိုင်နိုင်ဖို့ မလွယ်ကြသေးပါဘူး။ လက်ရှိအရောင်းစနစ်တွေ၊ စျေးနှုန်းတွေအရတော့ အလှမ်းဝေးနေဦးမှာပဲ ဖြစ်ပါတယ်။

သုံးနိုင်ရင်လည်း

လယ်သမားတွေ သီးနှံတွေစျေးကောင်းရ၊ ဝင်ငွေတွေသုံး၊ လေးဆရလာလို့ ဒီလိုထွန်စက်ကြီးတွေ၊ ရိတ်ခြွေစက်ကြီးတွေ ဝယ်ယူသုံးစွဲနိုင်ပြီဆိုရင်လည်း လုပ်သားကတော့ လို နေဦးမှာပါပဲ။ ထွန်ကိုင်တဲ့လက်တွေကနေ စတီယာရင်ပြောင်းကိုင်တာပဲ ကွာပါလိမ့်မယ်။ ပိုပြီးတော့တောင် ကျွမ်းကျင်လုပ်သားက လိုလာပါဦးမယ်။ မြင်သာအောင် ကိုယ်တွေ့ကြုံနေရတာတွေနဲ့ ယှဉ်ပြောပါမယ်။ ယနေ့ကျွန်တော်တို့ လယ်သမားတွေအနေအထားက ထွန်စက်ကြီးတွေ မကိုင်နိုင်သေးပေမယ့် လယ်လုပ်စက်ကလေးတွေတော့ ကိုင်နိုင်သူများလာပါတယ်။ လယ်လုပ်စက်ကလေး ဝယ်မိတော့ စက်မောင်းမယ့်သူက လိုလာပြန်ပါတယ်။

လယ်ယာလုပ်သားတိုင်း ထွန်ကိုင်ကျွမ်းကျင်တဲ့သူ မဖြစ်သလို ထွန်ကိုင်ကျွမ်းကျင်သူတိုင်း စက်ကိုင်ကျွမ်းကျင်သူဖြစ်မလာပါဘူး။ လယ်လုပ်စက်ကလေးတွေ ကိုင်ဖို့ ဆိုရင် အနိမ့်ဆုံး အင်ဂျင်မှာ ဆီ၊ အင်ဂျင်ဝိုင်စစ်တာ၊ စက်တစ်ခုလုံး နပ်တွေ ချောင်၊ မချောင်စစ်တာ၊ ဘီးလဲတာ၊ ဓားသွားတပ်တာလောက်တော့ ဖြစ်ရမယ်။ စက်ကြောင်းဖြောင့်အောင် မောင်းနှင်တာ၊ ထွန်အစူးအပေါ်ချိန်တာ လောက်လည်း ဖြစ်ရပါမယ်။ ဒီလောက်မှမဖြစ်ရင် စက်မှာ အင်ဂျင်ဝိုင်လျော့လို့မှ လျော့မှန်းမသိ၊ ဒီဇယ်ပြတ်လို့မှ ပြတ်မှန်းမသိရင် အင်ဂျင်သက်မရှည်နိုင်သလို ကလပ်တွေ၊ ဘောတွေဆီထိုးရမှန်းမသိ၊ ဂီယာဘောက်တွေ၊ ထွန်ဂီယာ၊ ချိန်းတွေမှာ ဂီယာဝိုင်လျော့မှန်းမသိ၊ စက်တစ်ခုလုံးမှာ ရှိရှိသမျှနပ်တွေ ချောင်၊ မချောင်စစ်ဆေးရမှန်း၊ ကျပ်ရမှန်း မသိရင်လည်း စက်သက်ရှည်မှာ မဟုတ်ပါဘူး။ တစ်ခါခြွေလှေစက်တွေဆိုရင်လည်း ရိုက်လုံးငုတ်တွေတပ်ဆင်တာ၊ ဆန်ခါတွေ၊ မူလီကြိုးတွေ လဲလှယ်တာလောက်တော့လုပ်နိုင်ရပါတယ်။ ဒါကြောင့်လည်း လယ်လုပ်သားဌာနပြီဆိုရင် စက်မောင်းကျွမ်းကျင်သူ၊ စက်ကိုင်တတ်သူ တစ်ယောက်လောက်ရအောင် မဖြစ်မနေ ဌာနရပါတယ်။ ဌာနလို့မရရင်တော့ အခုကျွန်တော်လုပ်နေရသလို လက်ထပ်သင်ပြီး မွေးယူရမှာပါ။ ဒီလိုကျွမ်းကျင်လုပ်သားမရလို့ ကြုံတဲ့ လူသာခိုင်းရလို့ကတော့ စက်ဆရာနဲ့ နှစ်ပါးသွားနေရတာနဲ့ အလုပ်တွင်မှာ မဟုတ်တော့ပါဘူး။

ဟိုတုန်းက ခြွေလှေစက်တွေလောက် မြင်ခဲ့ရာက အခုဆို ရိတ်ခြွေစက်အမျိုးစုံ လည်း မြင်လာရပါပြီ။ စက်တွေအမျိုးစုံ ရောင်းသူတွေပေါလာသလို ဝယ်ယူသူတွေလည်း ရှိလာပြီဆိုပေမယ့် လယ်သမားဦးရေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ အတော်ကို ရာခိုင်နှုန်းနည်းပါးနေသေးတယ်လို့ ဆိုရမှာပါ။

စက်ကလေးတွေမှာတောင် ဒီလိုကျွမ်းကျင်လုပ်သားလိုမှတော့ စက်ကြီးတွေမှာက ပိုလို့တောင်လိုပါဦးမယ်။ လက်ရှိအဌားလိုက်မောင်းနေတဲ့ စက်တွေကိုကြည့်ရင်လည်း မောင်းနှင်သူရဲ့ ကျွမ်းကျင်မှုကို အကဲခတ်လို့ရပါတယ်။ ထွန်အစူးအပေါ်၊ အစောင်းအတည့်၊ အပေးအယူမသိသူမောင်းရင် ထွန်ရေးမကောင်းတာတွေ၊ ကန်သင်းနားမကျတာတွေရှိလို့ ဌားရသူစိတ်တိုင်းမကျဖြစ်ရသလို ရိတ်ခြွေစက်ကြီးတွေမှာ မောင်းတဲ့သူ ကျွမ်းကျင်မှုမရှိရင်၊ ဒါမှမဟုတ် စေတနာမပါရင် ပိုဆိုးပါတယ်။ ထွန်စက်တွေမှာ မောင်းသူမကောင်းရင် ထွန်ရေးမကောင်းတာ၊ လယ်မညီတာဘဲဖြစ်နိုင်ပေမယ့် ရိတ်ခြွေစက်တွေမှာက မောင်းသူညံ့ရင် သီးနှံတွေအလေအလွင့်များလို့ အထွက်နှုန်းလျော့တာ၊ ဝင်ငွေလျော့တာတွေ ကြုံတတ်ပါတယ်။ တချို့တွေကတော့ အမောင်းမနပ်တာ၊ မကျွမ်းကျင်တာမဟုတ်ဘဲ လူလည်ကျတာ၊ လူပါးဝတာ ဖြစ်ပါတယ်။ စက်အဌားလိုက်မောင်းတဲ့သူတွေက ဧကပြတ်စနစ်နဲ့ လုပ်ခရလေတော့ ထွန်ရေးကောင်း၊ မကောင်း၊ စပါးလေလွင့်၊ မလွင့်မစဉ်းစားဘဲ မြန်မြန် မောင်း၊ ဧကများများရ၊ ကိုယ့်အတွက်များများ တွက်ခြေကိုက်ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်ကြတာပါ။ ဒါတွေ ပယောက်ဖို့က လယ်သမားတွေ ကိုယ်ပိုင်ဝယ်ယူနိုင်မှုများပြား သို့မဟုတ် အဌားလိုက်ဝန်ဆောင်တဲ့သူတွေများဖို့ပဲ မျှော်လင့်ရပါမယ်။

စက်မှုလယ်ယာစနစ်ထွန်းကားလာရင် လယ်ယာလုပ်သား အခက်အခဲဖြေရှင်းနိုင်ပြီလားဆိုတာ သုံးသပ်ကြည့်တာပါ။ ကောက်စိုက်၊ ကောက်ရိတ်စတဲ့ ခေါ်ကောက်လုပ်သားတွေ နည်းနည်းလျှော့လို့ရနိုင်ပေမယ့် သူရင်းငှားခေါ် လယ်လုပ်သားတွေကတော့ လိုအပ်နေဆဲ၊ အရေးပါနေဦးမှာဖြစ်ကြောင်းပါ။ ။

၂၀၁၅ ခုနှစ် ရော်ဘာထုတ်လုပ်မှုမှာ ကမ္ဘာ့ဒီးယား၊ မြန်မာ၊ လာအို သုံးနိုင်ငံပေါင်းလျှင် သုံးရာခိုင်နှုန်းသာရှိ

ရန်ကုန် စက်တင်ဘာ ၄

၂၀၁၅ ခုနှစ် ကမ္ဘာ့သဘာဝရော်ဘာထုတ်လုပ်မှုတွင် ကမ္ဘာပေါ်၌ အများဆုံးထုတ်လုပ်မှုနိုင်ငံမှာ ထိုင်းနိုင်ငံက ၃၆ ရာခိုင်နှုန်းဖြစ်ပြီး အင်ဒိုနီးရှားက ၂၆ ရာခိုင်နှုန်းဖြင့် ဒုတိယဖြစ်သည်။ ဗီယက်နမ်က ရှစ်ရာခိုင်နှုန်းဖြင့် တတိယနေရာလိုက်ပြီး တရုတ်က ခုနစ်ရာခိုင်နှုန်းရှိကာ စတုတ္ထနေရာတွင် တည်ရှိသည်။ မလေးရှား၊ အိန္ဒိယနှင့် အာဖရိကတို့က ငါးရာခိုင်နှုန်းစီဖြစ်ကြပြီး ကမ္ဘာ့ဒီးယား၊ မြန်မာ၊ လာအို တို့က သုံးနိုင်ငံပေါင်းလျှင် သုံးရာခိုင်နှုန်းသာရှိသည်။ ကမ္ဘာပေါ်တွင် ၂၀၁၅ ခုနှစ် ကမ္ဘာ့ရော်ဘာထုတ်လုပ်မှု တန်ချိန်ပေါင်း ၁၂၂၇၄ တန်ချိန်ရှိနေကြောင်း (IRSG) ကမ္ဘာ့ရော်ဘာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ပညာရှင်များ၏ လုပ်ငန်းရှုမြင်သုံးသပ်ချက်များအရ သိရသည်။

၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင် ရော်ဘာသုံးစွဲမှု အများဆုံးနိုင်ငံမှာ တရုတ် ၃၉ ရာခိုင်နှုန်းဖြစ်ပြီး အခြားအာရှများမှ ဒုတိယအများဆုံး ၂၀ ရာခိုင်နှုန်းဖြစ်သည်။ ဥရောပသမဂ္ဂမှာ ၁၀ ရာခိုင်နှုန်းဖြင့် တတိယနေရာဖြစ်ကာ အမေရိက၊ အိန္ဒိယတို့က ရှစ်ရာခိုင်နှုန်းစီနှင့် ဂျပန်နှင့် အခြားအမေရိကတို့မှာ ခြောက်ရာခိုင်နှုန်းသာ သုံးစွဲကြရာ စုစုပေါင်းသုံးစွဲမှု ပမာဏ တန်ချိန်ပေါင်း ၁၂၃၄၂ တန်ချိန် သုံးစွဲ လျက်ရှိကြောင်း သိရသည်။

ကမ္ဘာအနှံ့အပြားမှ သဘာဝရော်ဘာကို နှစ်စဉ် တန်ချိန် ၁၂ သန်းဝန်းကျင် ထုတ်လုပ်သုံးစွဲကြပြီး သဘာဝရော်ဘာ ၇၀ ရာခိုင်နှုန်းဝန်းကျင်ကို အရှေ့တောင်အာရှနိုင်ငံများတွင် ထုတ်လုပ်၍ ထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းသည် လုပ်ကွက်ငယ်ခြံပိုင်ရှင်များမှ ထုတ်လုပ်ခြင်းဖြစ်ပြီး ကျန်ပမာဏကို ရော်ဘာတစ်မျိုးတည်းစိုက်သော စိုက်ခင်းများမှ ထုတ်လုပ်သည်။ ကမ္ဘာပေါ်တွင် ရော်ဘာထုတ်ယူနိုင်သည့် ဧရိယာပေါင်း ၂၄ ဒသမ ၇ သန်းဝန်းကျင် ရှိနေကြောင်း သိရသည်။

ထွဋ်ထွန်(ရေး)

ဝန်းသိုမြို့နယ်၌ မိုးစပါးစံပြစိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

ဝန်းသို စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော်၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်နှင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ မြို့နယ်ဦးစီးမှူး ဦးသိန်းဝင်းနှင့် ကွင်းဝန်ထမ်းများသည် သြဂုတ် ၃၁ ရက်က ကသာခရိုင် ဝန်းသိုမြို့နယ် အာမခံကျေးရွာ ဆင်းဧကရီ-၃ မျိုးစေ့ထုတ်စိုက်ခင်းဧက ၂၀၊ ဝင်းကြီးကျေးရွာ GAP မိုးစပါးစံပြကွက် ဧက ၂၀ စိုက်ပျိုးထားမှုအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများအား မျိုးသန့်၊ မျိုးစေ့ ထုတ်နည်းများ၊ မျိုးစေ့ထုတ်လုပ်သူအသင်း(Seed Grower Association) ဖွဲ့စည်းဆောင်ရွက်ပုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လှိုင်မျိုးထွန်း(ဝန်းသို)

မုန်တိုင်းနှင့် မုန်တိုင်းဒီရေ သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေး သရုပ်ပြ

ဝါးခယ်မ စက်တင်ဘာ ၄

မြစ်ဝကျွန်းပေါ်ဒေသရှိ ဒေသခံပြည်သူများ မုန်တိုင်းနှင့် မုန်တိုင်းဒီရေ သဘာဝဘေးအန္တရာယ် ကြုံတင်ကာကွယ်နိုင်စေရေး သရုပ်ပြလေ့ကျင့်မှုကို မြောင်းမြခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြောင်းမြခရိုင် မီးသတ်ဦးစီးဌာနနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဝါးခယ်မမြို့နယ် ပိတ္တာလေးကျေးရွာ၌ စက်တင်ဘာ ၂ ရက်က ပြုလုပ်ကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများ မုန်တိုင်းနှင့် မုန်တိုင်းဒီရေ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက မိုးလေဝသ ထုတ်ပြန်ချက်များ အပေါ် အခြေခံ၍ ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ဆောင်ရွက်တတ်စေရန် ရည်ရွယ်ပြီး ကျေးရွာအတွင်း အသိပေးနှိုးဆော်ခြင်း၊ ဒေသခံပြည်သူများနှင့် တိရစ္ဆာန်များကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခြင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်လူနာများကို ရှေးဦးပြုစုနည်းဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ အစားအသောက်များ၊ ဆေးဝါးများ ကူညီထောက်ပံ့ပေးခြင်းတို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

ထိုသို့ သရုပ်ပြလေ့ကျင့်မှုကို ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် တာဝန်ရှိသူများ၊ အနီးအနားရှိ ကျေးရွာများမှ ပြည်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

လွှမ်းသီဟ(ဝါးခယ်မ)

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ ရေရှည်အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေး

စောနိုင်(အသုံးချဘောဂဗေဒ)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးရရှိမှုတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် ဆက်စပ်မှုရှိနေသည်ကို သုတေသီများ၊ ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များက သက်သေပြခဲ့ကြပြီး ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် ကြုံတွေ့နေရသော လက်တွေ့ဖြစ်ရပ်များကလည်း ငြိမ်းချမ်းမှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လုံးဝတည်ဆောက်နိုင်မည်မဟုတ်ကြောင်း မျက်မြင်သာဂေမျာဖြင့် ပြသနေလေပြီ။ ထို့ပြင် အနာဂတ်မျိုးဆက်များအတွက်ပါ ပိုမိုအလေးထားလာသည့် ယနေ့ကမ္ဘာတွင် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု(Sustainable Development) သဘောတရားအယူအဆမှာလည်း ပိုမိုကျယ်လောင်နေခဲ့ပြီဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုသောအရာကို ရရှိနိုင်ရန်မှာ ငြိမ်းချမ်းရေးရရှိမှုသည် အဓိကကျသော ပြဋ္ဌာန်းချက်တစ်ခုဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ၂၀၁၅ ခုနှစ်အလွန်တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals-SDGs)ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေးသတ်မှတ်ခဲ့ပြီး ငြိမ်းချမ်းရေးကို အခြေခံသည့် ရည်မှန်းချက်ကိုပါ ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရသည်။ ဤသို့ဆိုလျှင် ငြိမ်းချမ်းရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အလွန်အမင်းအရေးကြီးသည်မှာ ထင်ရှားလျက်ရှိနေတော့သည်။

ငြိမ်းချမ်းရေးဆိုသည့် စကားရပ်အတွက် အားလုံးသဘောတူလက်ခံနိုင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ရရန်မှာ ခက်ခဲသည်ဟု ဆိုကြသည်။ အချို့ကလည်း ငြိမ်းချမ်းရေးဆိုသည် ဝေါဟာရသည် တည်ငြိမ်မှု(Stability)နှင့် အားမျှခြေ(Equilibrium) ဟူသော စကားလုံးတို့၏ အဓိပ္ပာယ်နှင့်ဆင်တူသည်၊ စစ်ပွဲများမရှိခြင်း၊ အကြမ်းဖက်မှုမရှိခြင်းဟုလည်း ယေဘုယျအားဖြင့် နားလည်နိုင်သည်ဟုဆိုသည်။ အမှန်တကယ် ငြိမ်းချမ်းရေးဆိုသည်မှာ ထိုအခြေအနေများထက် များစွာကျယ်ဝန်းသည့်သဘောရှိသည်။ ငြိမ်းချမ်းရေးဆိုင်ရာ သဘောတရားအယူအဆများ၊ သုတေသနများကို စတင်လေ့လာ၍ မိတ်ဆက်ပေးခဲ့သူ နော်ဝေနိုင်ငံသား လူမှုဗေဒပညာရှင် Johan Galtung ကမူ စစ်ပွဲများ၊ ဆူပူအကြမ်းဖက်မှုများမရှိသည့် အခြေအနေကို ကနဦးငြိမ်းချမ်းရေး(negative peace) ဟု ညွှန်းဆိုပြီး ထိုထက်ပိုမိုကျယ်ဝန်းသည့် အဓိပ္ပာယ်သက်ရောက်သောငြိမ်းချမ်းရေးကို စစ်မှန်သောငြိမ်ချမ်းရေး(positive peace) ဟု ခေါ်ဆိုခဲ့သည်။ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ လိုအပ်ချက်များကို ကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်သည့် လူမှုစနစ်များ ဖန်တီးပေးနိုင်ခြင်း၊ လူအဖွဲ့အစည်းအတွင်း အစည်းအတွင်း နေထိုင်သူများသာမက အနာဂတ်မျိုးဆက်များပါ ဆက်လက်ခံစားရရှိလာနိုင်မည်။ ထိုအခြေအနေမျိုးကို အကောင်အထည်ဖော်နိုင်ရန်အတွက် အခြေခံအကျဆုံးနှင့် အရေးပါဆုံးဖြစ်သည့် ငြိမ်းချမ်းသောဝန်းကျင် လိုအပ်သည်။ ငြိမ်းချမ်းသောဝန်းကျင်၊ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေမည့် ငြိမ်းချမ်းရေးဆိုသည်မှာ အဘယ်နည်း။

ငြိမ်းချမ်းရေးဆိုသည့် စကားရပ်အတွက် အားလုံးသဘောတူလက်ခံနိုင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ရရန်မှာ ခက်ခဲသည်ဟု ဆိုကြသည်။ အချို့ကလည်း ငြိမ်းချမ်းရေးဆိုသည် ဝေါဟာရသည် တည်ငြိမ်မှု(Stability)နှင့် အားမျှခြေ(Equilibrium) ဟူသော စကားလုံးတို့၏ အဓိပ္ပာယ်နှင့်ဆင်တူသည်၊ စစ်ပွဲများမရှိခြင်း၊ အကြမ်းဖက်မှုမရှိခြင်းဟုလည်း ယေဘုယျအားဖြင့် နားလည်နိုင်သည်ဟုဆိုသည်။ အမှန်တကယ် ငြိမ်းချမ်းရေးဆိုသည်မှာ ထိုအခြေအနေများထက် များစွာကျယ်ဝန်းသည့်သဘောရှိသည်။ ငြိမ်းချမ်းရေးဆိုင်ရာ သဘောတရားအယူအဆများ၊ သုတေသနများကို စတင်လေ့လာ၍ မိတ်ဆက်ပေးခဲ့သူ နော်ဝေနိုင်ငံသား လူမှုဗေဒပညာရှင် Johan Galtung ကမူ စစ်ပွဲများ၊ ဆူပူအကြမ်းဖက်မှုများမရှိသည့် အခြေအနေကို ကနဦးငြိမ်းချမ်းရေး(negative peace) ဟု ညွှန်းဆိုပြီး ထိုထက်ပိုမိုကျယ်ဝန်းသည့် အဓိပ္ပာယ်သက်ရောက်သောငြိမ်းချမ်းရေးကို စစ်မှန်သောငြိမ်ချမ်းရေး(positive peace) ဟု ခေါ်ဆိုခဲ့သည်။ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ လိုအပ်ချက်များကို ကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်သည့် လူမှုစနစ်များ ဖန်တီးပေးနိုင်ခြင်း၊ လူအဖွဲ့အစည်းအတွင်း သာရကို အပြည့်အဝခံစားနိုင်ရေးအတွက် စစ်မှန်သော ငြိမ်းချမ်းမှုရရှိရေး တစ်ဆင့်တက်အားထုတ်ရပေမည်။

စစ်မှန်သော ငြိမ်းချမ်းရေးရရှိလာခြင်းဖြင့် လူအဖွဲ့အစည်းတစ်ရပ်သည် စွမ်းဆောင်ရည်ရှိသော အစိုးရတစ်ရပ်ဖြင့် ရပ်တည်နိုင်စွမ်းရှိလာမည်၊ တည်ငြိမ်၍ ခိုင်မာသော စီးပွားရေးဝန်းကျင်၊ မျှတမှုရှိသော သယံဇာတခွဲဝေမှု၊ ပိုမိုကောင်းမွန်သော လူအခွင့်အရေး အခြေအနေများရှိလာမည်။ လူ့အဖွဲ့အစည်းအတွင်း သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းနိုင်ခြင်း၊ လူသားအရင်းအနှီးပြုစုပျိုးထောင်မှု ပိုမိုဆောင်ရွက်နိုင်ခြင်း၊ အဂတိလိုက်စားမှုများ လျော့နည်းကျလာနိုင်ခြင်းစသည့် အခြေအနေများလည်း ရှိလာနိုင်မည်။ နိုင်ငံတကာ အသိုင်းအဝိုင်းတွင် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် သော်လည်းကောင်း ဂုဏ်သိက္ခာရှိသော ဆက်ဆံရေးထူထောင်နိုင်မည်။ ထိုအခြေအနေများမှတစ်ဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိသော နေပျော်ဖွယ် သာယာချမ်းမြေ့သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်စွမ်းရှိလာနိုင်မည် ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက စီးပွားရေးတိုးတက်မှုနှင့်အတူ သာယာဝပြောသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေး အားထုတ်ခဲ့ကြ၏။ သို့သော် နိုင်ငံရေးသဘောထား မတိုက်ဆိုင်မှုများကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းရေး မတည်ငြိမ်မှုများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများ များစွာဖြင့် ကျီးလန့်စာစား ဖြတ်သန်းခဲ့ရ၏။ ပြဿနာပေါင်းများစွာ၊ တိုက်ပွဲများနှင့်အတူ တံခါးပိတ်စီးပွားရေးစနစ်အောက်၌ ဖွံ့ဖြိုးမှုလမ်းကြောင်းမှဝေးကွာလျက် အထီးကျန်စွာရပ်တည်ခဲ့ကြရပြန်သည်။ ၁၉၈၈ ခုနှစ် ဆိုရှယ်လစ်စနစ်ပြိုလဲပြီး အလွန်ကာလတွင်လည်း နိုင်ငံရေးပဋိပက္ခများဖြင့် ရှုပ်ထွေးလျက်ရှိနေခဲ့ပြီး ပုံမှန်စီးပွားရေးတိုးတက်မှုအတွက် ပင် အားထုတ်နိုင်ခြင်းမရှိခဲ့ပေ။

၂၀၁၁ ခုနှစ်၅၍ ဒီမိုကရေစီ နိုင်ငံရေးအခင်းအကျင်းသစ်ဖြင့် နိုင်ငံ့တာဝန်ယူလာရသည့် ပထမဆုံး အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးအတွက် ပြန်လည်အားထုတ်ခဲ့သည်။ လက်နက်ကိုင်ဖြေရှင်းမှုမှ စားပွဲဝိုင်းထိုင်ဖြေရှင်းမှုဖြစ်ပေါ်ရေးအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကနဦး ရရှိရေးအတွက် အားထုတ်ခဲ့ကြ၏။ အခက်အခဲများကြားမှပင် **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်"**တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုကာလအလွန်တွင် ထာဝရတည်တံ့သော ငြိမ်ချမ်းရေးပန်းတိုင်ကြီးဆီသို့ ဆက်လက်ချီတက်ကြရဦးမည်။ ၂၀၁၆ခုနှစ် ဧပြီလမှစ၍ နိုင်ငံ့တာဝန်ယူရသည့် ပြည်သူတို့နှစ်သက်ရွေးချယ်ခဲ့သော ပြည်သူ့အစိုးရသည်လည်း စစ်မှန်သော ငြိမ်းချမ်းရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ ဩဂုတ် ၃၁ ရက်က စတင်ကျင်းပသည့် **"ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ"** ဖြင့် မဝေးသော ခရီးပန်းတိုင်သို့ စတင်ခဲ့လေပြီ။

ငြိမ်းချမ်းရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်ကို ဘေးကင်းလုံခြုံစေ၏။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမှာ ဥစ္စာဓနကြွယ်ဝပြည့်စုံမှုကို အစဉ်အဆက်ရရှိခံစားရစေ၏။ ကောင်းမွန်သောရည်ရွယ်ချက်နှစ်ရပ်စလုံး ရရှိရေးအတွက် အဓိက လိုအပ်ချက်သည်ကား ရေရှည်တည်တံ့သော စစ်မှန်သည့် ငြိမ်ချမ်းရေးဖို့သာ ဖြစ်လေသည်။ စစ်မှန်သည့် ငြိမ်ချမ်းရေးကိုသာရရှိခဲ့လျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာရေးမှာ အလွမ်းမဝေးတော့ပြီ။ ငြိမ်းချမ်းသည့် အရသာကို ပျော်ရွှင်ရင်ခုံစွာ ခံစားချင်သည်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရလဒ်တို့ကို စိတ်ကူးမိသည်။ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး မျှော်လင့်လျက်ရှိနေကြ၏။

သည်မြေ သည်ရေပေါ်တွင် နှစ်ကာလပေါင်းများစွာ အတူတကွ နေထိုင်ခဲ့ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများကြား တူညီသော အကျိုးစီးပွားကို အပြန်အလှန် နားလည်မှု၊ ဟန်ဆောင်မှုကင်းသော ချစ်ကြည်ရင်းနှီးမှုများဖြင့် စစ်မှန်သောငြိမ်းချမ်းရေး တည်ဆောက်နိုင်လိမ့်မည်။

ထိုမှတစ်ဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်၌ ပေါ်ထွန်းလာလိမ့်မည် ဟူ၍...။ ။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို အကောင်အထည်ဖော်နိုင်လာခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရလဒ်များကို ပစ္စုပ္ပန်ကာလ လူ့အဖွဲ့အစည်းအတွင်း နေထိုင်သူများသာမက အနာဂတ်မျိုးဆက်များပါ ဆက်လက်ခံစားရရှိလာနိုင်မည်။ ထိုအခြေအနေမျိုးကို အကောင်အထည်ဖော်နိုင်ရန်အတွက် အခြေခံအကျဆုံးနှင့် အရေးပါဆုံးဖြစ်သည့် ငြိမ်းချမ်းသောဝန်းကျင် လိုအပ်...

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (economic development) နှင့် ပတ်သက်၍ စီးပွားရေးပညာရှင်များက စီးပွားရေးတိုးတက်မှု (economic growth)ထက် ပိုမိုကျယ်ဝန်းသည့် အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ဝင်ငွေတိုးတက်မှုနှင့် နိုင်ငံသားတစ်ဦးချင်း ဝင်ငွေမြင့်မားလာမှုများ အပါအဝင် အရေအတွက်ဆိုင်ရာ ဖြစ်ထွန်းတိုးတက်မှုများနှင့်အတူ လူအဖွဲ့အစည်းအတွင်းရှိ လူတစ်ဦးတစ်ယောက်ချင်း၏ ပြည့်စုံကောင်းမွန်သော ကျန်းမာရေး၊ ပညာရေး၊ ပျော်ရွှင်လွတ်လပ်စွာ နေထိုင်နိုင်မှုစသည့် အရည်အသွေးမြင့်မားသော ဘဝနေထိုင်မှု အဆင့်အတန်းတို့ဖြင့် ရပ်တည်နိုင်သော အခြေအနေမျိုးဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှုထက် ပိုမိုကျယ်ပြန့်သည့် သက်ရောက်မှုရှိသည့် အယူအဆမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု(Sustainable Development) ဖြစ်သည်။ ပစ္စုပ္ပန်သာမက အနာဂတ်ကာလများအတွက်ပါ တာရှည်ခံသည့် ဖွံ့ဖြိုးမှုအယူအဆဖြစ်သည်။ ထိုဖွံ့ဖြိုးတိုးတက်မှုမျိုးသည် လူ့အဖွဲ့အစည်းတစ်ခုအတွင်း စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေကြီး (၃)ရပ် အပြန်အလှန်သဟဇာတဖြစ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များရရှိပြီး မျိုးဆက် တစ်ဆက်ပြီး တစ်ဆက် ခံစားရပ်တည်နိုင်သည့် အခြေအနေမျိုးဖြစ်သည်။ ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် (၁၇)ခုအနက် (၁၆)ခုမြောက် ရည်မှန်းချက်ပန်းတိုင် (SDG-16)မှာလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး၊ ငြိမ်းချမ်းမှုရရှိရေးတို့နှင့် သက်ဆိုင်သည့် ရည်မှန်းချက်ဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို အကောင်အထည်ဖော်နိုင်လာခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရလဒ်များကို ပစ္စုပ္ပန်ကာလ လူ့အဖွဲ့အနိုင်ကျင့်ခေါင်းပုံဖြတ်မှုများ လျော့နည်း၊ ဖယ်ရှားနိုင်သည့် အခြေအနေများရှိခြင်း၊ ပဋိပက္ခများရှိပါက အပြုသဘောဆောင်သည့် ဆုံးဖြတ်ချက်များဖြင့် ဖြေရှင်းနိုင်ခြင်းတို့ကို စစ်မှန်သောငြိမ်းချမ်းရေး(positive peace)မှ ရရှိနိုင်သည်။ စစ်မှန်သောငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် စိတ်ရှည်သည်းခံမှု၊ ဇွဲရှိမှုတို့နှင့်အတူ အချိန်ယူဆောင်ရွက်ဖို့လိုအပ်သည်။ ရေရှည်ငြိမ်းချမ်းစေမည့် လိုအပ်ချက်များကို စံသတ်မှတ်ချက်များသဖွယ် သတ်မှတ်၍ လိုက်နာဆောင်ရွက်ရသောကြောင့် အချိန်အားဖြင့် ကြာရှည်နိုင်သော်လည်း ရရှိမည့်ရလဒ်မှာ တည်တံ့ခိုင်မာသဖြင့် ထိုလူ့အဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ကောင်းစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

Johan Galtung ၏ အယူအဆအရ positive peace ဟုခေါ်နိုင်သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် ကနဦးနှင့် အဓိကအကျဆုံးလိုအပ်ချက်မှာ negative peace ဟုခေါ်သည့် စစ်ပွဲများမရှိခြင်းဖြစ်သည်။ သို့သော် စစ်ပွဲများမရှိရုံမျှဖြင့် နေ့စဉ် နေထိုင်မှုဘဝများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရာဇဝတ်မှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများ လျော့ပါးသွားမည်မဟုတ်၊ တရားဥပဒေ စိုးမိုးမှု အားကောင်းလာမည်မဟုတ်၊ အာဟာရပြည့်ဝစွာ အသက်ရှင်နေထိုင်နိုင်ရေး၊ ရောဂါဘယ ကင်းရှင်းစွာ နေထိုင်နိုင်ရေးတို့မှာလည်း ဖြစ်နိုင်သေးမည်မဟုတ်၊ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာပြီး ယဉ်ကျေးမှု အားကောင်းသည့် ဂုဏ်သိက္ခာရှိ လူ့အသိုင်းအဝိုင်းတစ်ခုအဖြစ် ဖြစ်ထွန်းနိုင်မည်မဟုတ်သေးပေ။ စစ်မှန်သော ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်တို့ဖြင့်သာ ထိုအခြေအနေများကို ဖန်တီးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကနဦးငြိမ်းချမ်းရေး (negative peace) ကို ရရှိခဲ့ပါလျှင် ငြိမ်းချမ်းမှု၏အနှစ်သာရကို အပြည့်အဝခံစားနိုင်ရေးအတွက် စစ်မှန်သော ငြိမ်းချမ်းမှုရရှိရေး တစ်ဆင့်တက်အားထုတ်ရပေမည်။



ပုဂံဒေသ ငလျင်ဒဏ်ခံရသော ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းကောက်ယူခြင်းနှင့် အရေးပေါ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေ

နေပြည်တော် စက်တင်ဘာ ၄

ပုဂံယဉ်ကျေးမှုဒေသရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းကောက်ယူခြင်းနှင့် အရေးပေါ်ထိန်းသိမ်းခြင်း လုပ်ငန်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် ပြန်လည်တည်ဆောက်မည့် နည်းစနစ်ကို ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရေရှည်ခိုင်ခံ့မှုရှိအောင် ရှေးဟောင်းအဆောက်အအုံ တစ်ခုချင်းကို နည်းစနစ်ရွေးချယ်၍ ပြန်လည်တည်ဆောက်ရန် လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ပြုလုပ်သော လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မှာကြားသည်။

အစည်းအဝေး တက်ရောက်လာသူများအနက် UNESCO မှ ပညာရှင် Mr. Kai Weise က ငလျင်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများနှင့်ပတ်သက်၍ လုပ်ငန်းစဉ်(၇)ရပ်ဖြစ်သော (၁) Immediate Site Investigation၊ (၂) Assessment/ Documentation၊ (၃) Detail Investigation၊ (၄) Site Cleaning၊ (၅) Method/Technique၊ (၆) Estimating and Reporting၊ (၇) Conserve /Restore / Rebuild တို့ကို ချမှတ်ဆောင်ရွက်၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်(၆)ချက်အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်ပတ်သက်၍ ပုထိုးသားများစေတီ၊ နတ်လျှောင်းကျောင်း၊ စူဋ္ဌာမဏိစေတီ၊ ဓမ္မရံကြီးစေတီတို့ကို မှတ်တမ်းကောက်ယူနေမှု၊ Done ဖြင့် လက်တွေ့မှတ်တမ်းရိုက်ကူးနေမှု၊ ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်း၍ Site Cleaning ဆောင်ရွက်နေမှုနှင့် အရေးပေါ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျော်ဖုံးမှ

ရှမ်းယူနိုက်တက် - တစ်ဂိုး
ရန်ကုန် - တစ်ဂိုး

ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုလက်ခံရယူရမည့်ပွဲတွင် ဒုတိယနေရာမှ ရန်ကုန်အသင်းကို သရေကစားသွားခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် MNL လူငယ်ချန်ပီယံဆုကို ပထမဆုံးအကြိမ်ရယူနိုင်ခဲ့သည့် ရှမ်းယူနိုက်တက် အသင်းသည် လက်ကျန်သုံးပွဲကစားရန် လိုသေးသည့် အချိန်ကတည်းက ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ယခုရာသီတွင် တောက်လျှောက်ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပွဲစဉ် (၂၃) ပြီးကတည်းက ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ယူ-၁၉ လက်ရွေးစင် ကစားသမားအများစုပါဝင်သည့်အပြင် ရာသီမစမီက စနစ်တကျဖွဲ့စည်းခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် MNL လူငယ်အမှတ်ပေး ချန်ပီယံဆုကို ပထမဆုံးအကြိမ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ MNL လူငယ်ပွဲစဉ်များမှာ ရန်ကုန်မြို့၌သာ ပုံမှန်ကျင်းပလျက်ရှိသော်လည်း ရှမ်းပြည်နယ်ကိုယ်စားပြု ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲခဲ့သောကြောင့် ချန်ပီယံဆုဖလားပေးအပ်ပွဲကို တောင်ကြီးမြို့သို့ ပြောင်းလဲ ကျင်းပခဲ့ခြင်းဖြစ်သည်။ MNL လူငယ်ပြိုင်ပွဲမှာ စက်တင်ဘာ ၁၃ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ချန်ပီယံရှမ်းယူနိုက်တက် လူငယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၂၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ပေးအပ်ချီးမြှင့်ပြီး ချန်ပီယံ ရှမ်းယူနိုက်တက် လူငယ်အသင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က အထူးချီးမြှင့်ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့သည်။

သတင်း-ရွှေင်းထက်ဇော်
ဓာတ်ပုံ-စိုးညွှန့်

သတ်မှတ်အမြန်နှုန်းကျော်လွန်မောင်းနှင်သော မော်တော်ယာဉ် အစီး ၂၀ ဖမ်းဆီးအရေးယူရာတွင် ခရီးသည်တင်ယာဉ်တစ်စီးပါရှိ

နေပြည်တော် စက်တင်ဘာ ၄

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သတ်မှတ်အမြန်နှုန်းကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို ဖမ်းဆီးအရေးယူလျက်ရှိရာ ယနေ့တွင် မော်တော်ယာဉ် အစီး ၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ ငွေကြေယ်မင်း ခရီးသည်တင်ယာဉ်တစ်စီးပါရှိကြောင်း သိရသည်။

သတ်မှတ်အမြန်နှုန်းထက် ပိုမိုအရှိန်ပြင်းမောင်းနှင်သော မော်တော်ယာဉ်များကို ယနေ့နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း အရှိန်နှုန်းတိုင်းတာစက်များ အသုံးပြု၍ တိုင်းတာစစ်ဆေးခြင်းကို ပလွေးလမ်းမကြီးတွင် ရဲအုပ်ဇော်လှိုင်ထွန်းဦးစီး၍ လည်းကောင်း၊ နေပြည်တော်တိုးဂိတ် (စီလမ်းဆုံ)တွင် အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမျှူးရန်နောင်ဝင်း ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များသည်လည်းကောင်း သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်အစီး ၂၀ ကို ဖမ်းဆီးစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် မော်တော်ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

တရားစွဲတင်ပို့ရာတွင် အရှိန်နှုန်းလွန်ယာဉ်အစီး ၂၀ ကို တရားစွဲတင်ဒဏ်ငွေချမှတ် အရေးယူသွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

ယခု ဖမ်းဆီးအရေးယူမှုသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း ပထမအဆင့်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ညပိုင်း၌ အရက်သေစာ သောက်စားမှုတိုင်းကိရိယာများဖြင့်ပါ တိုင်းတာ၍ စစ်ဆေး အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဦး (လေးမျက်နှာ)

ရန်ကုန်မြို့တော် သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ရေလှောင်ကန်နှင့် စီမံကိန်းလုပ်ငန်းများကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့သို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော ရေလှောင်ကန်ကြီးများမှ ရေထပ်မံတိုးမြင့်ဖြန့်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၃ ရက်တွင် သွားရောက်ကြည့်ရှုခဲ့သည်။ **(အပေါ်ပုံ)**

မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ နေ့စဉ်ရေဂါလန် ၅၄ သန်း ဖြန့်ဝေပေးလျက်ရှိသော ဖူးကြီးရေလှောင်ကန်၊ တိုက်ကြီးမြို့နယ်ရှိ ဂျိုးဖြူရေလှောင်ကန်၊ မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းအနီးရှိ ညောင်နှစ်ပင် (ငမိုးရိပ်) ရေသန့်စင်စက်ရုံတို့ကို သွားရောက်သည်။ ထို့နောက် ရန်ကုန်မြို့တော်သို့ ရေပေးဝေမှုအခြေအနေများ၊ မိုးရာသီအတွင်း ရေဝင်ရောက်စုဆောင်းထားမှုအခြေအနေများ၊ ရေလှောင်ကန်ကြီးများ ရေရှည်တည်တံ့ကြံ့ခိုင်မှုရှိစေရေးလုပ်ငန်းများ၊ ရေတွန်းစက်ကြီးများ ကြံ့ခိုင်ထိန်းသိမ်းမှုလုပ်ငန်းများ၊ Raw water ဓာတ်ခွဲခန်းနှင့် ပထမအဆင့်၊ ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းများ၊ ရေလှောင်ကန်ကြီးများမှ ဖြန့်ဝေပေးသော သောက်သုံးရေများကို ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ကျောက်ချဉ်ခတ်စက်ရုံ၊ ရေစစ်ကန်များနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲက ဖူးကြီးရေလှောင်ကန်၊ လှော်ကားရေလှောင်ကန်၊ ငမိုးရိပ်ရေလှောင်ကန်နှင့် ဂျိုးဖြူရေလှောင်ကန်ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းစိမ်းနှင့် တူညီဝတ်စုံများ၊ စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ၊ ဝန်ထမ်းမိသားစုများအား စောင်၊ ခြင်ထောင်နှင့် အစားအသောက်များကို ရန်ကုန်မြို့တော်ဝန်နှင့် ဇနီး ဒေါ်ခင်မြမြအောင်တို့က ပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ လဂွန်းပြင် ရေပေးဝေရေး စီမံကိန်းသို့ရောက်ရှိပြီး လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းမှ ပြည်သူများအား သောက်သုံးရေ အမြန်ဆုံး ထပ်မံတိုးမြင့်ပေးဝေနိုင်ရန် ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားပြီး စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်တွင် လှည့်လည်ကြည့်ရှုကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့သို့ ဖူးကြီး၊ ဂျိုးဖြူ၊ လှော်ကား၊ ညောင်နှစ်ပင်(ငမိုးရိပ်) ရေသန့်စင်စက်ရုံနှင့် စက်ရေတွင်းများမှ သောက်သုံးရေများကို ယခုအခါ နေ့စဉ် ရေဂါလန် ၂၀၅ သန်း ဖြန့်ဝေပေးလျက်ရှိပြီး တိုးတက်လာသောလူဦးရေနှင့်အညီ သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရန်အတွက် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း၊ ကုက္ကိုဝမြစ်ရေတင်စီမံကိန်း၊ တိုးမြစ် မြစ်ရေတင်စီမံကိန်း စသည့် စီမံကိန်းများကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

(စောသိန်းဝင်း)

စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

မြည် စက်တင်ဘာ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပြည်မြို့နယ် လက်ခုပ်ပင်နယ်မြေ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်းတွင် ခရိုင်အဆင့် မြေ၊ မျိုး၊ ပိုးတာဝန်ခံများက လယ်သမားများအား စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲကို သြဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင် မြေ၊ မျိုး၊ ပိုး တာဝန်ခံများက မြေအသုံးချရေးဆိုင်ရာ နည်းပညာ၊ မျိုးစေ့ဆိုင်ရာ နည်းပညာ၊ သီးနှံကာကွယ်ရေးဆိုင်ရာ နည်းပညာများကို ပရိုဂျက်တာဖြင့် ပြသဆွေးနွေးကြပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးတို့က လယ်ယာလုပ်ငန်းခွင်နှင့် ပတ်သက်သည့် စိုက်ပျိုးရေးနည်းပညာများအကြောင်းကို တက်ရောက်လာသော လယ်သမားများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

(၄၉၇)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘရူနိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘရူနိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာရာ ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဘရူနိုင်းတပ်မတော်ရေတပ်ဦးစီးချုပ်နှင့် ဇနီး၊ ပူးပေါင်းတပ်ဖွဲ့ဦးစီးချုပ်နှင့်ဇနီး၊ ဘရူနိုင်းတပ်မတော်မှ အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ဘရူနိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့သည် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သိရှိရသည်။**(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Paduka Seri Mohd Tawih bin Abdullah နှင့် ဇနီးတို့က စက်တင်ဘာ ၃ ရက် ညပိုင်းတွင် ဘရူနိုင်းနိုင်ငံ The Empire Hotel and Country Club ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်နေသော နိုင်ငံဖြတ်ကျော်အုပ်စုပွဲ မှူခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာသင်တန်းဆင်းပွဲ နေပြည်တော်တွင်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အမေရိကန်နိုင်ငံသံရုံးတို့ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်နေသည့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှူခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော် အမရာဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် ရဲအရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့မှ အရာရှိကြီးများ၊ အမေရိကန်ပြည်ထောင်စု ဒုတိယ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. James Walsh၊ အမေရိကန်နိုင်ငံ တရားရေးဌာနမှ အကြီးတန်း ဥပဒေအကြံပေးအရာရှိ Mr.Terry M.Knney ၊ အမေရိကန်သံရုံး ပထမအတွင်းဝန် Mr. Josh Morris နှင့် အမေရိကန်တရားရေးနှင့် မှူခင်းဌာန အာရှဒေသ ညှိနှိုင်းရေးမှူး Ms.Catharine A.Hartzenbusch နှင့် ဩစတေးလျသံရုံး အကြီးတန်းရဲဆက်ဆံရေးအရာရှိနှင့် ပြည်ပနိုင်ငံများမှ ဘာသာရပ်ကျွမ်းကျင်သူ နည်းပြများ၊ သင်တန်းသားအရာရှိများ တက်ရောက်သည်။

ယခုသင်တန်းသည် အမေရိကန်နိုင်ငံအစိုးရမှ ဒုတိယအကြိမ်စီစဉ်ပေးမှုဖြစ်ပြီး ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ လေးရက်ကျင်းပခဲ့ခြင်းဖြစ်သည်။ သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် အမေရိကန်ပြည်ထောင်စု ဒုတိယ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.James Walshတို့က အမှာစကားများပြောကြားကာ သင်တန်းသားအရာရှိ ၄၀ တို့အား Mr.James Walsh က တစ်ဦးချင်းသင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် နိုင်ငံဖြတ်ကျော်မှူခင်းများ၏ သဘောသဘာဝနှင့် တားဆီးနှိမ်နင်းရေးတွင် ကုလသမဂ္ဂအဖွဲ့အစည်း၏ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်နေသည့် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခြင်း၊ နိုင်ငံဖြတ်ကျော် မှူခင်းကွန်ရက်များကြောင့် နစ်နာသူများအတွက် ကာကွယ်မှုကို ထိရောက်စွာလုပ်ဆောင်နိုင်ခြင်းမရှိသည့် အစိုးရများသည် ခုခံနိုင်စွမ်းမရှိသည့် ဒုက္ခသည်သားကောင်နိုင်ငံအဖြစ် ကျရောက်နိုင်သည်ဖြစ်၍ အဆိုပါ မှူခင်းပြဿနာများ ကြုံတင်ကာကွယ်ရေးနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် တိုးမြှင့်ဖော်ဆောင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■

● မြန်မာမှ

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲသည် ဂေါက်သီးအားကစားဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ လိုက်နာရမည့် ကျင့်ဝတ်များကို ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ ဖြေဆိုခဲ့ရပြီး ဂေါက်သီးအားကစားဆိုင်ရာကျွမ်းကျင်မှုအတွက် ပြိုင်ပွဲ လေးရက်ရိုက်ခဲ့ရသည်။ ၎င်း၏ လေးရက်ပေါင်းရိုက်ချက်များမှာ 228 ချက် (Par) (74+76+70+68) ဖြစ်ပြီး အဆင့်(၂)ဖြင့်အောင်မြင်ခဲ့သည်။ အဆိုပါ လက်မှတ်ရရှိသည့်အတွက် Thailand PGA မှ အဆင့်မြင့်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် အခွင့်အရေးများ ရရှိမည်ဖြစ်သည်။

လက်ရှိတွင် ရဲထက်အောင်သည် ထိုင်းနိုင်ငံရှိ All Thailand Golf Tour မှ ကျင်းပသည့် ပြိုင်ပွဲများ ပုံမှန်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ၎င်း Golf Tour ၏ အဆင့်သတ်မှတ်ချက်အရ ၂၀၁၅ခုနှစ်တွင် အဆင့် ၁၀၀ရှိနေရာမှ ယခုနှစ်တွင် အဆင့် ၅၂ အတွင်း ရောက်ရှိလာသည်။ ၎င်းအပြင် Asian Tour မှ ကျင်းပသည့် Asian Development Tour ပြိုင်ပွဲများကို ပုံမှန်ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်သည့် Junior အဆင့်၊ Amateur အဆင့်၊ Professional အဆင့်များတွင် ထူးချွန်သော အမျိုးသား၊ အမျိုးသမီး မျိုးဆက်သစ်လူငယ် ဂေါက်သီးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဖိုးသော်ဇင်)

✱ (၄၃)ကြိမ်မြောက်မှ

ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက (၄၃-၇၀) မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက (၇၆-၃၇) မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဂ)မှ ကယားပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက (၅၅-၃၃)မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဃ)မှ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက (၄၅-၅၉) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။ **(မောင်မောင်ဇော်)**

လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြော

ကြံခင်း စက်တင်ဘာ ၄

ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ လူကုန်ကူးမှုဆိုင်ရာနှင့်မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက အထက(ကြံခင်း) အောင်ကျော်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဆွေဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုက လူကုန်ကူးမှုဖြစ်စဉ်များအကြောင်း၊ လူကုန်ကူးခံရမှုကြောင့် ရရှိနိုင်သော ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးအန္တရာယ်များ အကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က ကွမ်းစားခြင်းကြောင့်ဖြစ်ပွားနိုင်သောရောဂါများနှင့် ကွမ်းစားခြင်း၏ ဆိုးကျိုးများအကြောင်းဟောပြောခဲ့ပြီး လူကုန်ကူးမှုဆိုင်ရာသိမှတ်ဖွယ်ရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်များ အကြောင်းဟောပြောပြီး အသိပညာပေးနံရံကပ်စာစောင်များပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဆေးလိပ်နှင့်ဆေးရွက်ကြီးဥပဒေပြင်ဆင်ပြီး ထိရောက်သောအရေးယူမှုဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၄

လူတို့၏ကျန်းမာရေးကို ထိခိုက်စေသော ဆေးလိပ်နှင့်ဆေးရွက်ကြီး ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ကြော်ငြာမှုနှင့်အသိပေးမှုများပြုလုပ်ရာတွင် မူလဆေးလိပ်နှင့်ဆေးရွက်ကြီးဥပဒေမှာ ခေတ်ကာလနှင့်ဆီလျော်ကိုက်ညီမှု မရှိတော့သည့်အပြင် ပြည်သူများအား ထိရောက်သော အကာအကွယ်ပေးနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှသိရသည်။

ဥပဒေတွင် ဆေးလိပ်ထုပ်များ၌ ဖော်ပြရမည့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေကြောင်း မြန်မာဘာသာနှင့်ရေးသားရမည့် သတိပေးစာတန်းနှင့် အခြားသတိပေးစာတန်းများကို သတ်မှတ်ချက်နှင့်အညီမဖော်ပြဘဲ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းတွင် ဗဟိုအဖွဲ့ကသတ်မှတ်သော အဆိပ်အတောက်ဖြစ်စေသည့် ဓာတ်အာနိသင်ထက် လျော့ပါးပါဝင်သည်ဟု မမှန်မကန်ဖော်ပြပြီးထုတ်လုပ်ခြင်း၊ သိလျက်နှင့်ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊ စီးပွားရေးအလို့ငှာ တံဆိပ်မပါဘဲ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းတစ်မျိုးမျိုး၏ အမှတ်တံဆိပ်ဖော်ပြထားသော အခြားကုန်ပစ္စည်းတစ်ခုခုကိုထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊ ဆေးလိပ်ပုံစံပြုလုပ်ထားသော ကစားစရာပစ္စည်း၊ စားသောက်ဖွယ်ရာ သို့မဟုတ် အသုံးအဆောင်ပစ္စည်းတို့ကို ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းပြုလုပ်ပါက ပြစ်မှုထင်ရှားတရားစီရင်ခြင်းခံရလျှင် ပထမအကြိမ်ကျူးလွန်ပါက ထိုသူအား ဒဏ်ငွေအနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသောင်းအထိ၊ ဒုတိယအကြိမ်နှင့်အထက် ကျူးလွန်ပါက တစ်နှစ်ထက်မပိုသောထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ချမှတ်ရမည်ဟု ဆိုထားသည်။

မည်သူမဆို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းကို တွင်ကျယ်စွာရောင်းချနိုင်ရန်အတွက် လူအများသိရှိစေရန် ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ စာနယ်ဇင်းနှင့် ရေဒီယိုရုပ်မြင်သံကြားတို့တွင် ကြော်ငြာခြင်း၊ လက်ကမ်းကြော်ငြာဝေခြင်း၊ ပွဲတစ်ခုခုကျင်းပနိုင်ရန် အထောက်အပံ့ပေးခြင်းနှင့် အခြားနည်းလမ်းဖြင့်ဆောင်ရွက်ခြင်းတို့ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ပထမအကြိမ်ကျူးလွန်ခြင်းဖြစ်လျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်ငါးသောင်းအထိ၊ ဒုတိယအကြိမ်ကျူးလွန်ပါက နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်အထိချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်နိုင်ကြောင်း သိရသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးဥပဒေကို ၂၀၀၆ ခုနှစ်က ထုတ်ပြန်ထားပြီး ပြစ်မှုနှင့်ပြစ်ဒဏ်များမှာ နည်းပါးနေကာ ဥပဒေလိုက်နာမှုအပိုင်းတွင်လည်း အားနည်းနေသည်ကို တွေ့ရသည်။ ဆေးလိပ်ပုံသဏ္ဌာန်ဖြင့် အခြားပုံတူပြုလုပ်ခြင်း၊ သတ်မှတ်ထားသောအချက်များကို လိုက်နာမှုမရှိခြင်းတို့ကို အစောပိုင်းကာလများကတည်းက ပြုလုပ်ရောင်းချလျက်ရှိပြီး ထိရောက်သောအရေးယူမှုမရှိသည်ကိုလည်း တွေ့ရသည်။ အထူးသဖြင့်ကလေးသူငယ်များအတွက် ကစားစရာများပြုလုပ်ရောင်းချရာတွင် ဆေးလိပ်ပုံစံ ပုံတူပြုလုပ်မှုများ ရှိသဖြင့် ကလေးသူငယ်များအတုခိုးမှာကာ လမ်းမှားသို့ ရောက်စေနိုင်သည်။ ထို့ကြောင့် ခေတ်ကာလနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မှုပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

မော်လမြိုင်ကျွန်း-ရန်ကုန်ကားလမ်းတွင် အရေးပါသော တပင်ရွှေထီးလမ်းမကြီး ပြုပြင်ဖာထေးလိုက်သဖြင့် ယာဉ်မျိုးစုံသွားလာရေး အဆင်ပြေ

မော်လမြိုင်ကျွန်း စက်တင်ဘာ ၄

မော်လမြိုင်ကျွန်း-ရန်ကုန်အဝေးပြေးမော်တော်ကားလမ်းတွင် အရေးပါသော မော်လမြိုင်ကျွန်းမြို့အဝင် တပင်ရွှေထီးလမ်းမကြီးမှာ ယာဉ်အသွားအလာများသဖြင့် ယခုမိုးရာသီတွင် တပင်ရွှေထီးလမ်းမကြီးတစ်လျှောက်ရှိ ကတ္တရာလမ်းမှာ ချိုင့်ငယ်အချို့နှင့် ပေါက်ပြွမ္ဘများ ဖြစ်ပေါ်လာသဖြင့် ယာဉ်မျိုးစုံ ဖြတ်သန်းမောင်းနှင်ရာတွင် ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မြို့နယ် ပုဂ္ဂလိက မော်တော်ယာဉ်ထိန်းသိမ်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်နှင့် ကော်မတီဝင်များက ဦးဆောင်ပြီး ကုန်စည်ပို့ဆောင်ရေးယာဉ်ကြီးများ၊ ယာဉ်မျိုးစုံနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းလှုဒါန်းငွေကျပ် ၁၅ သိန်းကျော်ဖြင့် တပင်ရွှေထီးကတ္တရာလမ်းမကြီး လမ်းဖာထေးပြုပြင်မှုများကို သြဂုတ် ၂၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ပေပေါင်း ၂၂၀၀ အား ဂဝံကျောက်၊ သဲနှင့် ကျောက်စရစ်များဖြင့် လမ်းဖာထေးပြုပြင်ပြီးစီးခဲ့သည်။

ယင်းမော်လမြိုင်ကျွန်း-ရန်ကုန်မော်တော်ကားလမ်းတွင် အရေးပါသော တပင်ရွှေထီးကတ္တရာလမ်းမကြီးအား လမ်းဖာထေးပြုပြင်ပြီးစီးသွားသဖြင့် မော်လမြိုင်ကျွန်း-ရန်ကုန်ခရီးသည်တင် မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများနှင့် ယာဉ်မျိုးစုံတို့မှာ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာမှုအဆင်ပြေလွယ်ကူသွားပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါ မော်လမြိုင်ကျွန်းမြို့အဝင် တပင်ရွှေထီး ကတ္တရာလမ်းမကြီးတွင် ဆက်လက်ဖာထေးပြုပြင်ရန် လိုအပ်နေသော တပင်ရွှေထီးမြို့မ(၁၁)ရပ်ကွက် လမ်းအပိုင်းအား မြို့နယ်ပုဂ္ဂလိက မော်တော်ယာဉ်ထိန်းသိမ်းကြီးကြပ်မှုကော်မတီမှ ဆက်လက်ဖာထေးပြုပြင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မော်ကျွန်း-မြင့်အောင်)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လိုင်စင်ရ အဆောက်အအုံကန်ထရိုက်တာများအသင်းအား ဖွဲ့စည်းဆောင်ရွက်မည်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လိုင်စင်ရအဆောက်အအုံကန်ထရိုက်တာများအသင်း Y.C.D.C L/C Association အား မကြာမီ ဖွဲ့စည်းဆောင်ရွက်တော့မည်ဖြစ်ကြောင်း လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်း(ယာယီ)မှ သိရသည်။

လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်း Y.C.D.C L/C Association အား ဖွဲ့စည်းဆောင်ရွက်လိုက်ခြင်း အားဖြင့် အဆောက်အအုံတည်ဆောက်ရာတွင် လုံခြုံစည်းစနစ်ကျပြီး အရည်အသွေးပြည့်ဝသော အဆောက်အအုံများ ပေါ်ထွက်လာခြင်း၊ မြို့တော်အဂါရပ်နှင့်အညီ လိုအပ်သည့်စည်းမျဉ်းဥပဒေများအား ဝိုင်းဝန်းအကြံပြုဆွေးနွေး တင်ပြနိုင်ကြခြင်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် ပတ်သက်၍ ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ခြင်းများ ဖြစ်ပေါ်လာနိုင်စရာရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လိုင်စင်ရအဆောက်အအုံကန်ထရိုက်တာများအသင်းမှ သိရသည်။

လိုင်စင်ရကန်ထရိုက်တာများအသင်း (ယာယီ)အဖွဲ့မှ တော်ဝင်မြန်မာဆောက်လုပ်ရေးမှ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက "ရန်ကုန်မြို့မှာက လိုင်စင်ရကန်ထရိုက်တာ ဦးရေ ၁၂၀၀ ကျော်ရှိပါတယ်။ လိုင်စင်ရကန်ထရိုက်တာတွေအတွက် အခက်အခဲကတော့ အားလုံးအတူတူပါပဲ။ တစ်ဦးတစ်ယောက်ချင်းဖြေရှင်းမှာထက်စာရင် အဖွဲ့အစည်းနဲ့ စနစ်တကျဖော်ဆောင်ပြီး တာဝန်ရှိသူတွေကို တင်ပြသွားကြမယ်ဆိုရင် အဆင်ပြေသွားမယ်လို့မျှော်လင့်မိပါတယ်။ အခုဆိုရင် လုပ်ငန်းအမြောက်အများကို ရပ်ဆိုင်းထားရတာဆိုတော့ ကျွန်တော်တို့နောက်မှာ မှီခိုနေတဲ့ ဝန်ထမ်းတွေအတွက်လည်း အခက်အခဲရှိနေပါတယ်။ ဒါကြောင့်မို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်းကိုလည်း တစ်လအတွင်းဖွဲ့စည်းဆောင်ရွက်တော့မှာပါ။ လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများ အသင်းဝင်များ အတွက်လည်း နောက်ပိုင်းအကျိုးရှိလာတော့မှာဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်း ဖွဲ့စည်းသည့်အခါ၌ နာယက သုံးဦး အပါအဝင် ဦးစီးကော်မတီ ၃၆ ဦးနှင့် အလုပ်အမှုဆောင် ၁၈ ဦးကို လျာထားဆောင်ရွက်မည်ဖြစ်ပြီး ဥပဒေပညာရှင်၊ အင်ဂျင်နီယာ ပညာရှင်၊ လျှပ်စစ်နှင့်ဆောက်လုပ်ရေး ပညာရှင်များပါဝင်သောအသင်းဖြစ်မြောက်စေရန်အတွက် စည်းမျဉ်း စည်းကမ်းဥပဒေများ ရေးဆွဲကာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့နောက် တွေ့ကြုံနေရသည့် အခက်အခဲများအား ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီးဌာနများ အားလုံးမှ ဖြစ်ပေါ်လာမည့် တည်ဆောက်ရေးလုပ်ငန်းများအား ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ လေလံစနစ်ဖြင့် ဖော်ဆောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနအား မကြာမီတင်ပြသွားမည်ဖြစ်ကြောင်း လိုင်စင်ရကန်ထရိုက်တာများအသင်း(ယာယီ)အဖွဲ့မှ သိရသည်။ **(စိုးဝင်း-MLA)**

ချောင်းဦးမြို့နယ် အနိမ့်၊ အမြင့်ဒေသ ဘုရားစေတီများကို လျှင်ဒဏ်ခံ ယူနက်စကိုစံနှုန်းဖြင့် ပြုပြင်တည်ဆောက်လျက်ရှိ

မုံရွာ စက်တင်ဘာ ၄

သြဂုတ် ၂၄ ရက် ညနေပိုင်းက လှုပ်ခတ်ခဲ့သော လျှင်ကြောင့် ချောင်းဦးမြို့နယ်ရှိ အမြင့်ဒေသနှင့် အနိမ့်ဒေသမှ ပျက်စီးမှုရှိသော စေတီပုထိုးများကို ယူနက်စကိုစံနှုန်းဖြင့် ပျက်ပုံအတိုင်း ဆက်လက်မပျက်စီးစေရန် ထိန်းသိမ်းမှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စစ်ကိုင်းတိုင်းဒေသကြီး) ဦးစီးမှူး ဒေါက်တာသန်းထိုက်ထံမှ သိရသည်။

"ယူနက်စကိုစံနှုန်းဆိုတာ ပျက်စီးတာကို ပျက်ပုံအတိုင်း ဆက်ပြီးမပျက်အောင် ထိန်းသိမ်းရေးလုပ်တာကို ခေါ်ပါတယ်။ စံနှုန်းအနေနဲ့ မူလအစစ်အမှန်ဖြစ်ဖို့လိုသလို မူလရုပ်ဝတ္ထုအတိုင်း အုတ်ဆိုရင်အုတ်၊ သံဆိုရင်သံ စသဖြင့် မူလအတိုင်း ထိန်းသိမ်းတည်ဆောက်ဖို့အရေးကြီးပါတယ်။ အရင်က အုတ်နဲ့ တည်ဆောက်တာကို တခြားသစ်၊ သံစတာတွေနဲ့ အစားထိုးတည်ဆောက်လို့မရပါဘူး။ နောက်ပြီး ရှေးမူမပျက်ထိန်းသိမ်းရေးလုပ်ငန်း ကျွမ်းကျင်တဲ့လုပ်သားလည်းလိုသလို ရှေးခေတ် တည်ဆောက်ထားတဲ့အတိုင်း ရှေးမူမပျက်တည်ဆောက်ဖို့ကလည်း အင်မတန်အရေးကြီးလှပါတယ်။ အဲဒီအချက်တွေနဲ့ကိုက်မှသာ ယူနက်စကိုစံနှုန်းနဲ့ကိုက်မှာ ဖြစ်ပါတယ်" ဟု ဒေါက်တာသန်းထိုက်က ရှင်းပြသည်။

လျှင်လှုပ်အပြီးတွင် ချောင်းဦးမြို့နယ်အမြင့်ဒေသမှ ဘုရားအမှတ် အမ-၁၃၅၊ အမ-၀၆၂၊ အမ-၀၈၆၊ အမ-၀၀၄၊ အမ-၀၃၄၊ အမ-၀၅၉၊ အမ-၀၆၁ နှင့် အမ-၀၃၉ စသည့် စေတီရှစ်ဆူမှ မုခ်ပြိုခြင်းများရှိသလို သပိတ်မှောက် ကြာဝန်း ပြိုကျခြင်း၊ ဖောင်းရစ်အထက်ပိုင်း ပြိုကျခြင်း၊ အောက်ခြေပိုင်းကွဲအက်၍ ပစ္စယံ ပြိုကျခြင်း၊ ဌက်ပျောဖူးပြုတ်ကျခြင်း၊ ပိန္နဲတိုင်ယိုင်ခြင်း၊ မုခ်ထိပ်ပိုင်းပြိုခြင်းများဖြစ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အနိမ့်ဒေသတွင် အန-၀၄၁၊ အန-၀၄၃၊ အန-၁၀၇၊ အန-၀၉၃၊ အန-၀၈၂၊ အန-၀၄၂ နှင့် ဆုတောင်းပြည့်ဘုရားကြီးစေတီများ ထိခိုက်မှုရှိခဲ့ပြီး အနိမ့်ဒေသစေတီ အများစုတွင် ဌက်ပျောဖူးကွဲအက်ခြင်း၊ စိန်ဖူးတော် ပြုတ်ကျခြင်းများဖြစ်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသ ခြင်္သေ့ကြီးနောက်ခြမ်းအမြီးဝန်းကျင်တွင် မံထားသော ပလာစတာကွာကျခဲ့သလို စစ်ကိုင်းမြို့ဗဟွန့်နှင့် ယဉ်ကျေးမှုပြတိုက်မှအဆောင်နံပါတ်(၅) အက်ကွဲမှုများရှိခဲ့ပြီး အမှုထမ်းအိမ်ရာ အက်ကွဲခြင်းများရှိခဲ့ကြောင်း သိရသည်။ အဆိုပါအက်ကွဲပျက်စီးပြိုကျမှုများကို လိုင်းမော်တာ ပြုလုပ်ကာ ထုံးသရွတ်ဖြင့်ရှေးဟောင်းအဆောက်အအုံကို ရှေးဟောင်းအုတ်များဖြင့် ပြန်လည်ပြုပြင်ခြင်းများကို ယူနက်စကိုစံနှုန်းအတိုင်း ဆောင်ရွက်ပြုပြင်လျက်ရှိကြောင်း သိရသည်။

ငလျှင်ကြောင့်ပျက်စီးမှုရှိခဲ့သော အနိမ့်၊ အမြင့်ဒေသမှ စေတီပုထိုးများအား ဦးစားပေးအပိုင်းအလိုက် ပြုပြင်မှုလုပ်ငန်းများကို စတင်နေပြီဖြစ်သလို ရှေးဟောင်းစေတီကို ရှေးဟောင်းအုတ်များအသုံးပြုကာ ရှေးမူမပျက်ရေး အထူးဦးစားပေး ပြုပြင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကုန်စည်ရရှိမှုနည်းပါးသည့်အပြင် တန်ဆာခန္ဓာနှုန်းထားများလျော့ကျ၍ ကုန်တင်ယာဉ်များရပ်နားထားရ

ရေတာရှည် စက်တင်ဘာ ၄

မြန်မာနိုင်ငံ၏ အဓိကကုန်စည်စီးဆင်းရာဖြစ်သည့် ရန်ကုန်-မန္တလေးကားလမ်း၌ ပြေးဆွဲလျက်ရှိသော ကုန်တင်ယာဉ်အများစုမှာ ကုန်ရရှိမှုနည်းပါးသည့်အပြင် ကုန်တန်ဆာခများလျော့ကျလျက်ရှိ၍ ကုန်တင်ယာဉ်အတော်များများမှာ တွက်ခြေမကိုက်တော့သဖြင့် ရပ်နားထားရကြောင်းသိရသည်။ "ကျွန်တော်တို့ ကုန်တင်ယာဉ်တွေ ရပ်နားထားရတာ တစ်လကျော်သွားပြီဗျ။ ကုန်ကအရမ်းရှားတယ်။ နောက် တန်ဆာခန္ဓနှုန်းထားတွေလျော့ကျနေတော့ လမ်းဂိတ်ကြေး၊ ဆီဖိုး၊ အလုပ်သမားစရိတ်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အတွက် ခေါက်ကြေးစားစရိတ်တွေက မကာမိတော့ဘူးဖြစ်နေတယ်။ ဒါကြောင့် နားထားရတာ"ဟု (၂၂)ဘီးကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။ မိုးရာသီဖြစ်သည့်အတွက် ကုန်စိမ်းထွက်ရှိမှုနည်းပါးသည့်အပြင် နေ့စဉ်ပြေးဆွဲသည့်ကုန်တင်ယာဉ်များ ပိုမိုများပြားလာခြင်းမှာလည်း ကုန်စည်သယ်ဆောင်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း အထက်ပါယာဉ်ပိုင်ရှင်ကပင်ဆက်၍ ပြောသည်။ ထို့အပြင် အဝေးပြေးလမ်းများတစ်လျှောက် လမ်းအသုံးပြုခကောက်ခံသည့်ဂိတ်များအနေဖြင့် အသုံးပြုခလျှော့ချကောက်ခံနိုင်ပါက ကုန်စျေးနှုန်းကျဆင်းရေးကို များစွာအထောက်အကူပြုနိုင်ကြောင်း သုံးသပ်ပြောကြားမှုများလည်းရှိသည်။ **ကိုလွင်(ဆွာ)**

စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် ထွန်ယက်ရေးသရုပ်ပြ

ပျော်ဘွယ် စက်တင်ဘာ ၄

ပျော်ဘွယ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲနိုင်ရေးဆောင်ရွက်လျက်ရှိရာ အချိန်ကုန်၊ လူသက်သာသည့် ထွန်စက်များဖြင့် ထွန်ယက်ရေးသရုပ်ပြပွဲကို ချောင်းမကြီးကျေးရွာအုပ်စု ပိတောက်ပင်ကျေးရွာအနီး ၂၅ ဧက စိုက်ခင်းတွင် ယမန်နေ့ နံနက်ပိုင်းကပြုလုပ်ရာ အနီးဝန်းကျင်ရှိတောင်သူများ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်းက လယ်ယာသုံးထွန်စက်များ အသုံးပြုခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းရွှေက ထွန်ယက်ရေးသရုပ်ပြပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် တောင်သူများက မြေယာပြုပြင်ခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ထွန်ယက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ရှင်းလင်းဖြေကြားကြပြီး လယ်မြေအတွင်း ထွန်စက်များဖြင့် လက်တွေ့ထွန်ယက်ခြင်းကို သရုပ်ပြကြရာ တောင်သူများက စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

ခါကာဘိုသူရဲကောင်းများ နှစ်နှစ်ပြည့်ဂုဏ်ပြုခြင်းနှင့် ရေဘေးရန်ပုံငွေ စာတ်ပုံပြပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄
ပြန်မလာတော့ပြီ
သိနေပြီတည့်
ချန်ထားရှိက်ချက်
တွေ့ရခိုက်မှု
ပုံရိပ်သခင်
သူ့အသွင်ကို
မနေ့ကပင်. . . မြင်လိုက်သယောင်

ဟူသော ကိုလှမင်း (Aaron) ရေးသားထားသည့် ကဗျာအောက်တွင် စာတ်ပုံဆရာ လူငယ်တစ်ယောက်၏ ပုံကို ဝီနိုင်းထောင်၍ ပြသထားသည်။ ဤနေရာသည် ဒဂုံစင်တာ -၂ ဒုတိယထပ်ရှိ အောင်မြင့်မြတ်နှင့် ဝေယံမင်းသူတို့ ခါကာဘိုသူရဲကောင်း နှစ်ဦးအား နှစ်နှစ်ပြည့် ဂုဏ်ပြုခြင်းနှင့် ရေဘေးရန်ပုံငွေအဖြစ် အောင်မြင့်မြတ်ရိုက်ကူးခဲ့သော မြန်မာ့သဘာဝရှုခင်းအခြေခံ စာတ်ပုံပြပွဲတွင် ဖြစ်သည်။ "သူတို့နှစ်ဦး ခွဲခွာသွားတာ နှစ်နှစ်ပြည့်ခဲ့ပေမယ့် ဆရာတို့ တစ်ရက်မှ မေ့မရခဲ့ပါဘူး။ ဝမ်းနည်းကြေကွဲမှုတွေနဲ့ သတိရတယ်ဆိုတာ ထက် အလွန်အလွန် နှမြောတသစိတ်တွေနဲ့ သတိရတယ်ဆို ပိုမှန်ပါလိမ့်မယ်"ဟု တက္ကသိုလ်ခြေလျင် တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

ယင်းပြခန်းအတွင်းတွင် လက်မ ၂၀၊ လက်မ ၃၀ ရှိ စာတ်ပုံဆိုဒ်နှင့် ၁၆ လက်မ၊ ၂၄ လက်မရှိ စာတ်ပုံဆိုဒ် ဟူ၍အရွယ်အစား နှစ်မျိုးဖြင့် စာတ်ပုံပေါင်း ၈၅ ပုံခန့် ပြသထားသည်။ စာတ်ပုံအားလုံးသည် ခက်ခဲကြမ်းတမ်းစွာ သွားရောက်ရသည့် ရေခဲတောင်ဒေသများ၏ သဘာဝအလှရှုခင်းစာတ်ပုံများဖြစ်သည်။

၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီရေခဲတောင်၊ မဒွယ်ရာဇီရေခဲတောင်၊ ဖုန်ရင်ရာဇီရေခဲတောင်၊ ဖုန်ဂန်ရာဇီရေခဲတောင်၊ ဖန်ဂရမ်ရာဇီရေခဲတောင်များ၏ ပုံရိပ်များအပြင် နာဂတောင်တန်းဒေသမှ စာရာမေတီရေခဲတောင်ပတ်ဝန်းကျင်နှင့် တရုတ်နိုင်ငံတွင်းရှိ အမြင့်ပေ ၁၈၀၀၀ နီးပါးခန့် မြင့်မားသော ဟာဗားရေခဲတောင်ပတ်ဝန်းကျင်၏ အလှများဖြစ်သည်။

"စာတ်ပုံလေးတွေကို မြင်တော့ ပျောက်သွားတဲ့သူ နှစ်ဦးအတွက် ဝမ်းနည်းမိသလို သူတို့ကို ဂုဏ်ပြုချင်တဲ့စိတ်လည်း ဖြစ်မိတယ်။ ပြီးတော့ ကိုယ့်မြန်မာပြည်မှာ ဒီလောက်လှတဲ့ နေရာတွေရှိပါလားဆိုပြီး တော်တော်ကို အံ့ဩမိတယ်"ဟု ဖန်ဂရမ်ရေခဲတောင်ဆီ သွားရာလမ်းတွင် တွေ့မြင်ရသည့် ထင်ရှားပင်အပုလေးများပေါ်တွင် ရေခဲမှုန်များကျနေသည့် ရှုခင်းစာတ်ပုံကို ဝယ်ယူသွားသူ မမင်းဝင်းသန်းက ပြောသည်။ ထို့ပြင် အဆိုပါစာတ်ပုံများမှ ရောင်းချရငွေ အားလုံးကို သွားရောက်ရန်ခက်ခဲသည့် ရေဘေးသင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် အထောက်အပံ့ပစ္စည်းများ လှူဒါန်းရန် အသုံးပြုသွားမည်ဟု ယင်းအသင်းမှ သိရသည်။

"ဒီတစ်ခေါက် ခရီးကပြန်လာရင် သူရိုက်ခဲ့တဲ့ စာတ်ပုံတွေကို ပြပွဲလုပ်မယ်ဆိုပြီး ခဏခဏပြောခဲ့တယ်။ အခုတော့ဆရာ့ရဲ့ ဦးဆောင်ပေးမှုနဲ့ သူ့အိပ်မက်တွေကို အကောင်အထည်ဖော်ပေးနိုင်ခဲ့ပါပြီ။ ပြီးတော့ သူက ပရဟိတလုပ်ငန်းတွေဆို အမြဲတမ်း အားတက်သရော တက်တက်ကြွကြွ ပါဝင်တယ်။ အခုသူပျောက်ဆုံးနေတဲ့ အချိန် သူမလုပ်နိုင်တဲ့အခြေအနေမှာ ဒီလို တစ်တပ်တစ်အား သူ့အတွက် ရည်းစူးပြီး သူပါဝင်ခွင့်ရတာ သူသိရင် အလွန်ဝမ်းသာနေမှာ"ဟု ကိုအောင်မြင့်မြတ်၏ ဇနီးဖြစ်သူ မကြည်ကြည်ထွန်းက ပြောသည်။

စာတ်ပုံပြပွဲကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပြသခဲ့ကြောင်း သိရသည်။ **သတင်း-ခင်ဇာလီ**

စာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးသတိပေးနှိုးဆော်ချက်

ဇီကာပိုင်းရပ်စ်ရောဂါပိုးဆိုသည်မှာ ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒီးစ်ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သောရောဂါတစ်မျိုးဖြစ်ပါသည်။ အဆိုပါ ရောဂါပိုးကို ၁၉၄၇ ခုနှစ်ကတည်းက ယူဂန္ဒာနိုင်ငံရှိ မျောက်များတွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယူဂန္ဒာနိုင်ငံနှင့် တန်ဇနီးနီးယားနိုင်ငံတို့၌ လူသို့ ကူးစက်မှုရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၇၂ နိုင်ငံတွင် ဇီကာပိုင်းရပ်စ်ရောဂါဖြစ်ပွားခဲ့ပါသည်။ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှ နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံတို့တွင်လည်း ဇီကာပိုင်းရပ်စ်ရောဂါများ ကူးစက်ဖြစ်ပွားလျက်ရှိပါသည်။

ဇီကာပိုင်းရပ်စ် သယ်ဆောင်ထားသော အေးဒီးစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသည်။ ရေလှောင်ထားသောအိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုး၊ ရေတင်ကျန်လျက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကားတာယာ၊ ပလတ်စတစ်ခွက်စသည်တို့တွင် တွေ့ရသည်။ နေ့ဘက်အချိန်တွင် လူကိုကိုက်ခြင်းမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားစေပါသည်။

ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားလာနိုင်ပါသည်။ ရောဂါကူးစက်ခံရသူ ငါးဦးတွင် တစ်ဦး၌ ရောဂါလက္ခဏာများ ပြသနိုင်ကြောင်း သိရှိရပါသည်။ အဓိကလက္ခဏာများမှာ ဖျားခြင်း၊ အရေပြားပေါ်တွင် အနီစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့်အဆစ်များ နာကျင်ခြင်းတို့ ဖြစ်တတ်ပါသည်။ ဇီကာပိုင်းရပ်စ်ရောဂါပိုးကူးစက်ဖြစ်ပွားခြင်း နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဇီကာပိုင်းရပ်စ်ရောဂါ ကူးစက်ခံရပါက ဦးနှောက်သေးငယ်သောကလေးငယ်များ မွေးဖွားလာနိုင်ပါသည်။

ဇီကာပိုင်းရပ်စ်ရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ရောဂါလက္ခဏာ သက်သာရန်အတွက်သာ ကုသပေးနိုင်ပါသည်။ ရောဂါကူးစက်ခံရပါက အနားယူခြင်း၊ ရေလုံလောက်စွာသောက်သုံးခြင်း၊ ပါရာစီတမောကိုသာ အညွှန်းအတိုင်းသောက်သုံးခြင်း၊ ဆေးမြီးတိုများနှင့် အခြားအကိုက်အခဲပျောက်ဆေးများ သောက်သုံးခြင်းကို ရှောင်ကြဉ်ခြင်းနှင့် ဇီကာရောဂါ လက္ခဏာများတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသ၍ စစ်ဆေးကုသမှုခံယူရန်လိုအပ်ပါသည်။

ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကျား ပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ခြင်ကိုက်မခံရအောင်နေထိုင်ရေးဖြစ်ပါသည်။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ဌာနတိုင်း၌ ခြင်ကျားလောက်လမ်းတစ်ကောင်မှ မရှိစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။

ဖုံး - ရေလှောင်ထားသောအိုး၊ ခွက်များတွင် ခြင်များ ဝင်ရောက်မဥနိုင်ရန်အတွက် လုံခြုံစွာဖုံးအုပ်ထားရန်၊

သွန် - အိုး၊ ခွက် နံရံတွင် ကပ်နေသော ခြင်ဥများသေစေရန်အတွက် အိုးခွက်များ၏အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြောရန်၊ ခြင်ကျားလောက်လမ်းတွေ့ရှိသောရေများကို သွန်ပစ်ရန် သို့မဟုတ် အခြားအိုးထဲသို့ ရေစစ်ဖြင့် ပြောင်းထည့်ရန်၊

လဲ - ပန်းအိုး၊ နတ်အိုးများ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြော၍ ရေများကို တစ်ပတ် နှစ်ကြိမ်လဲလှယ်ရန်၊

စစ် - ခြင်ကျားလောက်လမ်းများမပါစေရန် ရေဖြည့်သည့်အခါ ရေစစ်ဖြင့် စစ်ထည့်ရန်၊

လောင်း- ရေထည့်ထားသော ကြောင်အိမ်အောက်ခံခွက်များနှင့် ရေမြောင်းများတွင် ဒီဇယ်ဆီ သို့မဟုတ် စက်ဆီဟောင်းများ လောင်းထည့်ရန်၊

ထောင် - ဘယ်အချိန်အိပ်အိပ်၊ ဘယ်နေရာအိပ်အိပ် ခြင်ထောင်ထောင်အိပ်ရန်၊ တတ်နိုင်ပါက ဆေးစိမ်ခြင်ထောင် အသုံးပြုရန်၊

မြှုပ် - အသုံးမပြုတော့သော ရေတင်ကျန်နိုင်သည့် စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ရန်၊

ရှင်း - အိမ်အတွင်း၊အပြင်၌ ခြင်များမခိုအောင်းနိုင်စေရန် ချိုများကို ရှင်းလင်းပြီး သန့်ရှင်းစွာထားရန်၊

ဖွင့် - အလင်းရောင်ရရန် ပြတင်းပေါက်များကိုဖွင့်ထားရန်၊

မှုတ် - လူနာရှိ၍ကျန်းမာရေးဌာနမှ ဆေးမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်ပါက ပူးပေါင်းပါဝင် ကူညီကြရန်၊

ထို့အပြင် ခြင်ကိုက်မခံရစေရန် ခြင်ဆေးလိမ်းခြင်း၊ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေအိမ်၌ ခြင်လုံဆန်ခါတပ်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်သင့်ပါသည်။ မိမိဌာန၊ နေအိမ်နှင့် စာသင်ကျောင်းတို့ရှိ ရေသိုလှောင်ထားသော အုတ်ကန်၊ ရေတိုင်ကီ စသည်တို့၌ ခြင်ကျားလောက်လမ်းသေဆေး အဘိတ် (Abate) ဆေးခတ်ခြင်းအား ကျန်းမာရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်လည်း ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန်၊ ဇီကာပိုင်းရပ်စ်ရောဂါ လက်ရှိဖြစ်ပွားလျက်ရှိသော အခြားနိုင်ငံများသို့ ခရီးသွားလာခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

ခြင်ကျားလောက်လမ်းတစ်ကောင်မျှမရှိစေရေးအတွက် အထက်ဖော်ပြပါ ဖုံး၊ သွန်၊ လဲ၊ စစ် စသည့် ခြင်ကျားပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို လူတိုင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဇီကာပိုင်းရပ်စ်ရောဂါအပါအဝင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုများမရှိအောင် ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဥတ္တရသီရိမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြော

နေပြည်တော် စက်တင်ဘာ ၄

ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာအကြောင်း သိရှိစေရန်အတွက် ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ပြုလုပ်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဒေါ်နွယ်နီဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံမှ သူနာပြုဆရာမ ဒေါ်ရီရီအေးက တီဘီရောဂါ၊ ဒွက်ဖျားရောဂါနှင့် အနာကြီးရောဂါများအကြောင်းကို လည်းကောင်း၊ သူနာပြုဆရာမ ဒေါ်စန္ဒာဝင်းက စိတ်ကျန်းမာရေးနှင့် ဆေးလိပ်မသောက်ရေးအကြောင်းကို လည်းကောင်း၊ သားဖွားဆရာမ ဒေါ်နန်းဆုမွန်သဲက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပုံနှင့် ကာကွယ်ရန်နည်းလမ်းများအကြောင်းနှင့် သူနာပြုအဆင့်(၁)ဆရာမ ဒေါ်ခင်သီသီစိုးက အမျိုးသမီးများ မျိုးပွားအင်္ဂါနှင့် ရင်သားကင်ဆာအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော် လူကုန်ကူးမှုတားဆီးကာကွယ်ရေးမှ ရဲအုပ်ရဲဝင်းလွင်က လူမှောင်ခို၊ လူကုန်ကူးမှုအကြောင်းနှင့် ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးအကြောင်းကို လည်းကောင်း ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဥတ္တရခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ရွှေရဲရင့်)**

ဒုတိယမြောက် မင်းလာနှစ်ပတ်လည်အခမ်းအနားကျင်းပခဲ့တဲ့ ဟောလိဝုဒ်မှ အနုပညာရှင်စုံတွဲ

ဟောလိဝုဒ်ရုပ်ရှင်လောကရဲ့ နာမည်ကြီးအနုပညာရှင်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသမီး အိန်ဂျလီနာဂျိုလီနဲ့ ဘရတ်ပစ်ဒ်တို့စုံတွဲဟာ သြဂုတ်လ စတုတ္ထပတ်အတွင်းက သူတို့ရဲ့ဒုတိယမြောက်မင်းလာနှစ်ပတ်လည်အခမ်းအနား ကျင်းပခဲ့ကြတယ်လို့ Us Weekly မှာ ဖော်ပြထားပါတယ်။

သူတို့စုံတွဲဟာ သူတို့ရဲ့ လက်ထပ်ပွဲကို ၂၀၁၄ ခုနှစ် သြဂုတ် ၂၃ ရက်က ပြင်သစ်နိုင်ငံမှာ ရင်းနှီးသူမိတ်ဆွေများနဲ့သာ အကျဉ်းရုံးလက်ထပ်ခဲ့ကြတာဖြစ်ပြီး ယခုနှစ် သြဂုတ် ၂၃ ရက်မှာ မင်းလာသက်တမ်း နှစ်နှစ်ပြည့်မြောက်ခဲ့တာဖြစ်ပါတယ်။

ဂျိုလီနဲ့ ဘရတ်ပစ်တို့ဟာ ၂၀၀၅ ခုနှစ်ကထွက်ရှိခဲ့တဲ့ Mr. & Mrs. Smith ဇာတ်ကားမှာ စတင်အတွဲညီခဲ့တာဖြစ်ပြီး ၂၀၀၆ ခုနှစ်လောက်မှာ စတင်ပြီးချစ်ကြိုးသွယ်ခဲ့တာလို့ဆိုပါတယ်။ သူတို့ရဲ့ စေ့စပ်တော့မယ့်သတင်းကို ၂၀၁၂ ခုနှစ် ဧပြီလမှာ အတည်ပြုကြေညာခဲ့ပြီး ၂၀၁၄ ခုနှစ်မှာ လက်ထပ်ခဲ့ကြတာဖြစ်ပါတယ်။

ဂျိုလီနဲ့ ပစ်ဒ်တို့မှာ အခုလက်ရှိ ရင်သွေးခြောက်ယောက်ရှိပြီးတော့ ၂၀၀၈ ခုနှစ်က ယောကျ်ားလေးနဲ့ မိန်းကလေး အမြွာလေးမွေးဖွားခဲ့ရာမှာ People နဲ့ Hello! မဂ္ဂဇင်းတွေက The most expensive celebrity photographs ever taken အဖြစ် ဖော်ပြခဲ့ပါတယ်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)ရဲ့ သံတမန်တစ်ဦးအနေနဲ့ရော ဟောလိဝုဒ်ငွေကြေယ်ပွင့်တစ်ဦးအနေနဲ့ပါ ပရဟိတလုပ်ငန်းတွေ၊ အမျိုးသမီးတွေနဲ့ ကလေးငယ်များရဲ့အရေး ဦးစားပေးဆောင်ရွက်လျက်ရှိတဲ့ ရုပ်ရှင်မင်းသမီး ဂျိုလီအနေနဲ့ ယခုနှစ်အတွင်းမှာ ဖြန့်ချိမယ့် သည်းထိတ်ရင်ဖိုဇာတ်ကား First They Killed My Father နဲ့ ရှေ့နှစ် ၂၀၁၇ မှာပြသမယ့် The Breadwinnerတို့မှာ ပါဝင်သရုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

မျိုးစန္ဒာမောင် - စုစည်းသည်

ဂျပန်ရုပ်ရှင်အဖွဲ့သားများ၏ ဂေါ်ဇီလာဇာတ်ကားသစ်ကို အောက်တိုဘာလအတွင်း မြောက်အမေရိကရှိ ရုပ်ရှင်ရုံလေးရာကျော်တွင် ပြသမည်

ဂေါ်ဇီလာဇာတ်လမ်းတွဲများ၏ ၃၁ ကားမြောက် ဇာတ်လမ်းရုပ်ရှင်ဖြစ်ပြီး ဂျပန်ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၏ လက်ရာဖြစ်သည့် Shin Godzilla ဇာတ်ကားကို လာမည့် အောက်တိုဘာလအတွင်း အမေရိကန်နှင့် ကနေဒါရှိ ရုပ်ရှင်ရုံပေါင်း ၄၄၀တွင် ရုံတင်ပြသသွားရန်စီစဉ်ထားကြောင်း သိရသည်။

"Shin Godzilla ဇာတ်ကားကို အောက်တိုဘာလအတွင်းမှာ မြောက်အမေရိကမှာရှိတဲ့ရုပ်ရှင်ရုံတွေမှာ ပြသဖို့ရှိပါတယ်။ အဲဒီအတွက်အလွန်စိတ်လှုပ်ရှားရပါတယ်။ ဂေါ်ဇီလာဇာတ်ကားဟာ ရုပ်ရှင်ချစ်ပရိသတ်တွေရဲ့ အကြိုက်ဆုံးတွေထဲက တစ်ခုသောဇာတ်ကောင်တစ်ခုဖြစ်ပါတယ်။ Toho ကုမ္ပဏီအနေနဲ့ ဒီဇာတ်ကားရဲ့ဇာတ်လမ်းတွဲသစ်ကို ရိုက်ကူးခဲ့ခြင်းအတွက်လည်း ဂုဏ်ယူပါတယ်။ ပရိသတ်တွေအနေနဲ့လည်း မြောက်အမေရိကမှာ အရေအတွက်ကန့်သတ်ချက်နဲ့ပြသမယ့် ဒီဇာတ်ကားသစ်ကို မလွတ်တန်းကြည့်ရှုကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဖူနီမေးရှင်းရုပ်ရှင်ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဂျန်ဖူကူနာဂါက ဆိုသည်။

Shin Godzilla ဇာတ်ကားသည် Toho ရုပ်ရှင်ကုမ္ပဏီမှရိုက်ကူးသည့် ၂၉ ကားမြောက် ဂေါ်ဇီလာကား ဖြစ်ပြီး ဂျပန်မင်းသား Hiroki Hasegawa နှင့် မင်းသမီး Satomi Ishihara တို့ပါဝင်သရုပ်ဆောင်ထားသည်။

လှည်းတန်းစင်တာ၏ တစ်နှစ်ပြည့်အထိမ်းအမှတ် အခမဲ့ဖျော်ဖြေပွဲ ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ လှည်းတန်းစင်တာ၏ တစ်နှစ်ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲအား အဆိုတော်များစွာဖြင့် အခမဲ့ပြုလုပ်သွားရန် စီစဉ်နေကြောင်းသိရသည်။

အဆိုပါဖျော်ဖြေပွဲအား စက်တင်ဘာ ၆ ရက်တွင် ပြုလုပ်သွားရန် စီစဉ်နေပြီး အဆိုတော်များဖြစ်သည့် ရဲလေး၊ ထူးအယ်လင်း၊ အောင်ထက်၊ ရွှေထူး၊ ဘရိတ်ကီ၊ အိမ်ချစ်၊ ဝိုင်းလေး တို့အပြင် မျက်နှာသစ် လူငယ်အနုပညာရှင်များနှင့် သီချင်းဆိုပြိုင်ပွဲများတွင် ပရိသတ်အားပေးမှုများစွာ ရရှိထားသည့် အဆိုရှင်များ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

"လှည်းတန်းစင်တာဖွင့်လှစ်မှု တစ်နှစ်ပြည့်အမှတ်တရအနေနဲ့ ဂီတဖျော်ဖြေပွဲကို ပြုလုပ်ဖို့ စီစဉ်ထားတာပါ၊ ဒီပွဲမှာ အနုပညာရှင်တွေများစွာ ဖျော်ဖြေသွားမှာဖြစ်ပြီး အထူးဈေးနှုန်းနဲ့ ရောင်းချမှုတွေလည်း ပါဝင်မှာပါ" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဖျော်ဖြေပွဲအား မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင် မည်ဖြစ်ပြီး ငွေကျပ်သုံးသောင်းဖိုးနှင့်အထက် ဝယ်ယူသူတိုင်းကို ကံစမ်းမဲ ဖောက်ပေးသွားရန် စီစဉ်ထားကြောင်းသိရသည်။

ယဉ်လဲ့ဝင်း

ဆို၊ က၊ ရေး၊ တီး(ဗဟိုအဆင့်)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အောင်နိုင်ရေး ဖိုးချစ်က အလှူငွေများလှူဒါန်း

မုံရွာ စက်တင်ဘာ ၄

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟို)အဆင့် ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အောင်နိုင်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာ အဆိုပါ အစည်းအဝေးတွင် မြို့ရွှေမန်းသားဖိုးချစ်က အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ကော်မတီအစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်က အောင်နိုင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များက ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြပြီး စစ်ကိုင်းတိုင်းဒေသကြီး အောင်နိုင်ရေးအတွက် မြို့ရွှေမန်းသား ဖိုးချစ်က အလှူငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ရုပ်မြင်သံကြားအစီအစဉ်များ

[၅- ၉ -၂၀၁၆ (တနလာနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညနေပိုင်း

၆း၀၀ အဖွင့်
- -မိုးလေဝသအစီအစဉ်
- -နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ

၆း၂၅ နာဂမြေသို့
၇း၀၀ MRTV Entertainment Music
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၇၇)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝကိုယ့်အိမ်မက်" (အပိုင်း-၃၇)
၈း၃၀ MRTV Entertainment Music
၈း၃၅ နိုင်ငံခြားရုပ်ရှင် "Act of Vengeance"
၁၀း၁၀ MRTV Entertainment Music
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်မှုချစ်အကြီးအကြီးချစ်"

၆-၉-၂၀၁۶ (အင်္ဂါနေ့) နံနက်(၀၆း၀၀)မှ (၀၆း၀၀) ထိကို အထက်ဖော်ပြပါအတိုင်း ပြသပါသည်။ နံနက် (၀၆း၀၀)မှ (၀၈း၃၅) ထိကို အမှတ်စဉ် (၁) မှ(၇) ထိ ပြသပါသည်။

နံနက်ပိုင်း

၀၈း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်မှုချစ်အကြီးအကြီးချစ်"
၁၀း၁၅ MRTV Entertainment Music
၁၀း၃၀ နိုင်ငံခြားရုပ်ရှင် **"Act of Vengeance"**

နေ့လယ် (၁၂း၀၀) မှ(၀၄း၂၅)ထိကို အမှတ်စဉ်(၁)မှ(၇)ထိနှင့်(၁၁)နှင့်(၁၂) ပြသပါသည်။

ညနေပိုင်း

၄း၂၅ ပြည်သူ့နီတိ "ရိုသေစွာကိုင်တွယ်ခြင်းဖြင့်"
၄း၅၀ ကာတွန်းအစီအစဉ် "Final Fantasy VII: Advent Children Complete"
၆း၀၀ အစီအစဉ်ပြီး၏။

MRTV-4

၅း၀၀ ပဌာန်းပါဠိတော် +ရတနာသုတ်
၅း၄၀ "မေတ္တာပေးခြင်းမေတ္တာယူ" တရားတော် (ဆရာတော်အရှင်ပုညဝံသ)
၈း၀၀ "မင်းလာပါ" The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၅၅ သွားမယ်စားမယ်[Fish&Co (Seafod in a Pan Restaurant)]
၁၂း၃၅ အနုပညာမိုးကောင်းကင်
၃း၅၅ Cartoon Series (English Playground)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း-၅၅)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျိုကြီ"(အပိုင်း-၄၂)
၈း၁၀ Drive It
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၀၀)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၂၅)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ MRTV-4 Stage
၁၀း၃၅ World of Knowledge (Chasing Earthquakes)

မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၆ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ ရှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၉း၂၀ ကျန်းမာသုတ
၉း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၁၀း၀၀ Casual Talk
၁၀း၂၅ မေးမြန်းစူးစမ်း
၁၀း၄၅ သီချင်းလက်ဆောင်
(အပိုင်း-၅၅)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျိုကြီ"(အပိုင်း-၄၂)
၈း၁၀ Drive It
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၀၀)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၂၅)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ MRTV-4 Stage
၁၀း၃၅ World of Knowledge (Chasing Earthquakes)

မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ် တရားတော်
၇း၃၅ ပြည်သူ့တို့ရဲ့စကားသံများ
၈း၃၅ ၂၀၁۶ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [ဝါသနာရှင် (၃တိယတန်း) အဆင့်] (အမျိုးသမီး)
၉း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၀း၃၅ စိုက်ပျိုးရေးရာအဖြေရှာအစီအစဉ် "ပဲတစီမ်းမျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း"
၁၀း၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အနုဘစ်"
၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၇၁)
၁း၃၀ ခြေခြေမြစ်မြစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ "နောက်နှောင်းဆီကကောက် ကြောင်းဂီတ"(ဂီတရိပ်သာ) (အပိုင်း-၁၆၉)
၁း၅၅ တစ်ခါကအနုပညာမှတ်တမ်းများ "ကျော်ကြားခဲ့သောပြဇာတ်များကို တမ်းတခြင်း"(အပိုင်း-၁)
၂း၂၀ "KARAOKE World Championships (KWC) Myanmar 2016"(LEVEL-1) (Group-1)
၃း၃၀ Tasty Trip
၄း၁၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄း၃၅ လူမှုစီးပွားမြင်ကွင်းများ
၅း၂၀ This Week's Special Interest
၅း၃၅ Yes or No Talk Show (Choiceon Degree) (Part-2)
၆း၃၅ ဥပဒေရေးရာအဖြာဖြာ "သူများရယ်ဖို့ကိုယ်ငိုမယ်" (ဟိန်းထွဋ်ဝင်း၊ စောယုနဒီ၊ ဦးစံပေါ်) (ဒါရိုက်တာ-ဝေဠု(ဝသန်)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်းလာပါဂင်ခ်ျ"(အပိုင်း-၉၃)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း -မျက်မှောက်ရေးရာသုံးသပ်စရာ -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၇၂) -"နေမဝင်အလှများ"(အဆိုတော် မာမာအေးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၇)

အားကစား

နှစ် ၅၀ အတွင်း ကျဆုံးမှုတွေ ပြန်ပြီးအဖတ်ဆယ်နိုင်မလား ဆမ်အလာဒ္ဓိုက်စ်

မေလဲ့သင်း-ရေးသားသည်

၁၉၈၂ ခုနှစ်နောက်ပိုင်း အင်္ဂလန်အသင်းနည်းပြများ၏ စွမ်းဆောင်နိုင်မှု မှတ်တမ်း

အမည်	တာဝန်ယူခဲ့သည့်ကာလ	ပွဲအရေအတွက်	အနိုင်ရာခိုင်နှုန်း	ပြိုင်ပွဲများ
ရော့ဘ်ဆင်	၁၉၈၂-၉၀	၉၅	၄၉ ဒသမ ၅	၁၉၈၄ ယူရိုဖလားခြေစစ်ပွဲမအောင် ၁၉၈၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်၊ ၁၉၈၈ ယူရိုအုပ်စုအဆင့်၊ ၁၉၉၀ ကမ္ဘာ့ဖလားစတုတ္ထ
တေလာ	၁၉၉၀-၉၃	၃၈	၄၇ ဒသမ ၄	၁၉၉၂ ယူရိုအုပ်စု၊
ဗန်နာဗယ်စ်	၁၉၉၄-၉၆	၂၃	၄၇ ဒသမ ၈	၁၉၉၄ ကမ္ဘာ့ဖလားခြေစစ်ပွဲမအောင် ၁၉၉၆ ယူရိုအကြိုဗိုလ်လုပွဲ
ဟောဒဲလ်	၁၉၉۶-၉၉	၂၈	۶၀ ဒသမ ၇	၁၉၉၈ ကမ္ဘာ့ဖလားရှုံးထွက်
ကီဂန်း	၁၉၉၉-၂၀၀၀	၁၈	၃၈ ဒသမ ၉	ယူရို ၂၀၀၀ အုပ်စုအဆင့်
အဲရစ်ဆင်	၂၀၀၁-၀۶	۶၇	၅၉ ဒသမ ၇	၂၀၀၂ ကမ္ဘာ့ဖလား ကွာတား၊ ၂၀၀၄ယူရိုကွာတား၊ ၂၀၀۶ ကမ္ဘာ့ဖလားကွာတား
မက္ကလာရင်	၂၀၀۶-၀၇	၁၈	၅၀	၂၀၀၈ ယူရို ခြေစစ်ပွဲမအောင်
ကာပယ်လို	၂၀၀၈-၁၂	၄၂	۶۶ ဒသမ ၇	၂၀၁၀ ကမ္ဘာ့ဖလား ရှုံးထွက်
ရွိုင်းဟော့ဂ်ဆန်	၂၀၁၂-၁۶	၅۶	၅၈ ဒသမ ၉	၂၀၁၂ ယူရိုကွာတား၊ ၂၀၁၄ ကမ္ဘာ့ဖလားအုပ်စု၊ ၂၀၁۶ ယူရိုရှုံးထွက်
ဆမ်အလာဒ္ဓိုက်စ်	၂၀၁۶-	-	-	-

အင်္ဂလန်အသင်းက ၁၉၆၆ခုနှစ် ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲခဲ့ပြီးနောက် အောင်မြင်မှုတွေနဲ့ ဝေးကွာနေခဲ့တာ နှစ်ပေါင်း၅၀ကျော် ကြာမြင့်နေပြီဖြစ်ပါတယ်။ နည်းပြအဆက်ဆက်ပြောင်းလဲခဲ့သလို ရွှေရောင် မျိုးဆက် ပေါ်ပေါက်ရေး စီမံကိန်းတွေအဆင့်ဆင့် အကောင်အထည်ဖော်ခဲ့ပေမယ့် ပြိုင်ပွဲကြီးတွေတိုင်း မှန်းချက်နဲ့ နှမ်းထွက် မကိုက်ခဲ့သလို ပြိုင်ပွဲကြီးတစ်ခု(ဒါမှမဟုတ်) တစ်ခုကျော်လို့ နှစ်ခုကစားပြီးချိန်ရောက်လာတိုင်း နည်းပြတွေသာ ထွက်သွားခဲ့ရတာ အစဉ်အလာ တစ်ရပ်လို့ ဖြစ်နေပါတော့တယ်။ နည်းပြသစ်တစ်ဦးရောက်လာတိုင်း ကစားသမားတွေက "တို့ရဲ့ ခရီးစဉ် ခုပြန်စပြီ" လို့ကြွေးကြော်ခဲ့ကြကာ လက်ရွေးစင်အသင်းအောင်မြင်ရေး ခရီးကြမ်းကို နှင်ခဲ့ကြပေမယ့် တကယ်တမ်းမှာတော့ နည်းပြတွေသာ စတေးသွားခဲ့ရပြီး ဘာအောင်မြင်မှုမှတော့ ကြီးကြီးမားမားဖော်ဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။

အင်္ဂလန်အသင်းဟာ အိမ်နီးချင်း ပြင်သစ်အသင်း ကမ္ဘာ့ဖလား၊ ဥရောပဖလားတွေ ဆက်တိုက်ဆွတ်ခူးပြီး အကြီးအကျယ်အောင်မြင်ခဲ့ပြီးချိန် ဘက်ခမ်း၊ အိုဝင်၊ ပေါ်လစ်ခိုး၊ နစ်ကီဘတ်တို့ အင်အားနဲ့ တစ်ကျော့ပြန်အောင်မြင်ရေးအတွက် ဆွဲဒင်လူမျိုး ဆာဗင်ဂိုအဲရစ်ဆင်ကို အင်္ဂလန်နည်းပြသစ်အဖြစ် ခန့်အပ်ပြီး အင်္ဂလိပ်လူမျိုးမဟုတ်တဲ့သူကို ပထမဦးဆုံး အကြိမ်အဖြစ် အစဉ်အလာတစ်ရပ်သွေဖည်ကာ အောင်မြင်မှုရဖို့ အားထုတ်ခဲ့ပါတယ်။ အဲရစ်ဆင်က ပရိသတ်ကြားကိုလူချော အဖြစ်ရေပန်းစားသူ ဒေးဗစ်ဘက်ခမ်းကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ပြီး ကမ္ဘာ့ပရိသတ်များရဲ့ အာရုံကိုဆွဲဆောင်ဖို့ကြိုးပမ်းခဲ့ပါတယ်။

အဲရစ်ဆင်လက်ထက် ၂၀၀၂ကမ္ဘာ့ဖလား မှာ ချန်ပီယံဖြစ်မယ့် ဘရာဇီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့တာက ကံမကောင်းလို့သာ ဖြစ်တယ်လို့ မှတ်ယူခဲ့ပြီး ယူရို ၂၀၀၄မှာ ရွှန်းနီ၊ ဂျာရတ်၊ လမ်းပတ်၊ အိုဝင်ဟားဂရေ့ဇ်တို့ အားနဲ့ တစ်ကျော့ပြန်အောင်မြင်မှုအတွက် ပြင်ဆင်ခဲ့ပေမယ့် ကွာတားဖိုင်နယ်မှာ ပေါ်တူဂီ အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အရေးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသလို ၂၀၀۶ကမ္ဘာ့ဖလားမှာလည်း ထိုနည်း နှင်နှင်ပဲ အောင်ဖျာလိပ်ခဲ့ရပြန်ပါတယ်။

နောက်ပိုင်းမှာတော့ နိုင်ငံသားနည်းပြတွေကသာ လက်ရွေးစင်အသင်းကို အောင်မြင်အောင်ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ချက်နဲ့ အင်္ဂလိပ်လူမျိုးတွေကိုသာ နည်းပြအဖြစ် ခန့်အပ်တဲ့ အစဉ်အလာ ပြန်လည်ကျင့် သုံးခဲ့ပြန်ပါတယ်။ ဒါပေမယ့် မက္ကလာရင်လက်ထက် ယူရို-၂၀၀စမှာ ခြေစစ်ပွဲတောင် မအောင်ခဲ့ဆောင်ရွက်ခွင့် တားမြစ်ခြင်းတွေ ပါဝင်ပါတယ်။ဒါကြောင့် အရင် အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်တဲ့ စတီဗင်ဂျာရတ်က နိုင်ငံလက်ရွေးစင်အသင်းအတွက် ကစားရတာက "ကြယ်ငါးပွင့်အဆင့် အကျဉ်းသား"လို့ သမုတ်ခဲ့တာဖြစ်ပါတယ်။

ဆမ်ဟာ ဘောလ်တန်နည်းပြအဖြစ်တာဝန်ယူခဲ့စဉ်အချိန်က လိဒ်ခရိုင်ဘက်ကို ခရီးထွက်ပြီး ကစားသမားများကို ညီညွတ်မှုရရှိစေမယ့် အိမ်သာအမြန်ရှာပြိုင်ပွဲလို ကစားနည်းတွေကို ကျင်းပပြီး ကစားသမားများရဲ့ စိတ်ဖိစီးမှုကို လျော့ချပေးခဲ့တာမျိုး ဆောင်ရွက်ပေးခဲ့ဖူးပါတယ်။ ဆမ်ရဲ့ဘောလုံးဒဿနအရ ကွင်းထဲမှာ အကောင်းဆုံးကစားနိုင်ဖို့ ကွင်းပြင်မှာ ဖိအားကင်းရေးက အရေးကြီးဆုံးလို့ ဆိုပါတယ်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ဆမ်ကိုနည်းပြအဖြစ် အဓိကရွေးချယ်ခဲ့တဲ့ နောက်ထပ်အကြောင်းတရားတစ်ရပ်က သူ့ရဲ့ အင်္ဂလိပ် လူမျိုးနည်းပြသစ်များ ပေါ်ပေါက်လာရေး စီမံချက်ကို သဘောကျတာကြောင့် ဖြစ်တယ်လို့လည်း သိရပါတယ်။

ဆမ်ဟာ ရွိုင်းဟော့ဂ်ဆန်ကို အရေးကြီး ပွဲစဉ်အချို့မှာ အကြံဉာဏ်တွေ ပေးခဲ့သူဖြစ်တာကြောင့် ဟော့ဆန် ကိုင်တွယ်ရာမှာ မအောင်မြင်တဲ့ အင်္ဂလန်ကို ဘယ်လို မတူညီတဲ့ နည်းလမ်းသစ်တွေနဲ့ သူဆွဲတင်မလဲဆိုတာလည်း စောင့်ကြည့်ချင်စရာကောင်းပါတယ်။ ဆမ်ကျင့်သုံးမယ့် ဗျော်ရွှင်ဖွယ်ကောင်းတဲ့ အလုပ်ခွင် ဖန်တီးရေးဆိုတာ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် အခုမှ စတင်မြည်းစမ်းခွင့်ရတာမဟုတ်ဘဲ ၂၀၀၂ခုနှစ်ကနေ ၂၀၀۶ ခုနှစ် တာဝန်ယူခဲ့တဲ့ နည်းပြဟောင်း အဲရစ်ဆင်ကျင့်သုံးခဲ့ပြီးသား ပုံစံဟောင်းပါ။

အဲရစ်ဆင်ဆိုရင် ပြိုင်ပွဲကာလအတွင်း အင်္ဂလန်ကစားသမားတွေကို သူတို့ရဲ့ ချစ်သူရည်းစားတွေ၊ ဇနီးတွေနဲ့ လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့်ပေးထားပြီး သူကိုယ်တိုင်ကလည်း ချစ်သူ နန်စီနဲ့ အတူယှဉ်တွဲခဲ့တဲ့ ပုံရိပ်တွေဟာ မီဒီယာစာမျက်နှာတွေမှာ ပလူပျံခဲ့တာပါ။ ဒါကြောင့်ပြိုင်ပွဲကြီးတွေ(ယူရို၊ ကမ္ဘာ့ဖလား) တစ်ခုမစခင်ဆိုရင် ကစားသမားတွေကိုအဲရစ်ဆင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးအောင် ဘယ်လိုဆောင်ရွက်ပေးတယ်။ ဒါကြောင့် ခြေစမ်းပွဲတွေမှာ ဘယ်လိုတွေရလဒ်ကောင်းပြီး အသင်းကြီးတွေကိုတောင် အနိုင်ကစားနိုင်တယ်စတဲ့ ပြိုင်ပွဲကြီးတွေမှာ ဗိုလ်စွဲတော့မယ့်အလား ရေးသားချက်တွေဟာ မြင်တွေ့ခဲ့ကြရပါတယ်။

ဒါပေမယ့် ပြိုင်ပွဲကနေ ထွက်ရပြီဆိုရင်တော့ ကစားသမားတွေအပေါ် လျော့လျော့ရဲရဲ ကိုင်တွယ်လို့ ဒီလို အကျိုးဆက်တွေတွေဖြစ်လာရတာဆိုပြီး အလွန်အမင်း အပြစ်တင်ရေးသားခံရလေ့ရှိပါတယ်။ ဒါ့ကြောင့် အင်္ဂလန်အသင်းနည်းပြအဖြစ် တာဝန်ယူရတာက နည်းပြတွေရဲ့ အလုပ်သဘောသဘာဝအရ နဂိုကတည်းက ဖိအားများတဲ့အပြင် အလွန်အမင်း ပုံကြီးချဲ့တတ်တဲ့ အင်္ဂလန်မီဒီယာတွေရဲ့ မျက်လုံးထောက်ဒေါက် လိုက်ကြည့်ခံနေရတဲ့တာဝန်တစ်ရပ်ပါ ပိုထမ်းဆောင်နေရသလိုဖြစ်ပါတယ်။

ရွိုင်းဟော့ဂ်ဆန်ကိုင်တွယ်ခဲ့တဲ့ ၂၀၁၂ခုနှစ်ကနေ ၂၀၁۶ ခုနှစ်အတွင်းမှာ အင်္ဂလန်အသင်း အောင်မြင်မှုမရပေမယ့် လူငယ်မျိုးဆက်သစ် ကစားသမားတွေများစွာ ပေါ်ပေါက်လာတာကို သတိပြုမိပါတယ်။ ဒါကြောင့် ပြုပြင်ပြောင်းလဲရေးကာလအတွင်း မထင်မှတ်တဲ့ရလဒ်ပိုင်းတွေ ထွက်ပေါ်နိုင်ပေမယ့် ဒီလူငယ်ကစားသမားတွေသာ လုံလောက်တဲ့ အတွေ့အကြုံရရှိသွားရင် အခြေအနေတစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်ပါတယ်။

ဆမ်အလာဒ္ဓိုက်စ်ကတော့ ဆလိုဗက်ကီးယားနဲ့ ပွဲစဉ်မှာ သရေကစားနိုင်ရင်တောင် သူ့အနေနဲ့ ကျေနပ်မှာဖြစ်ပေမယ့် အသင်းဟန်ချက်ညီမျှရေးကိုသာ အဓိက အားထုတ်သွားမယ်လို့ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ သူကတော့ ဂိုးနေရာအတွက် ဂျိုးဟတ်ကိုသာ ဆက်လက်နေရာပေးမှာဖြစ်ပြီး ဗဟိုနောက်တန်းခံစစ်အတွက် ဂျွန်စတုန်းနဲ့ ဂယ်ရီကာဟေးလ်တို့နှစ်ဦးကိုသာ ပုံမှန် အသုံးပြုသွားမှာဖြစ်သလို ရွှန်းနီကိုတော့ ဗဟိုတိုက်စစ်နေရာထက် နောက်ချန်တိုက်စစ်နေရာမှာပဲ နေရာချကစားခိုင်းသွားဖို့ရှိနေတယ်လို့ သိရပါတယ်။

ဒါ့အပြင် ဆမ်အလာဒ္ဓိုက်စ်ဟာ ဘော်လ်တန်၊ နယူးကာဆယ်၊ ဘလက်ဘန်း၊ ဝက်စ်ဟမ်းနဲ့ ဆန်းဒါးလန်းစတဲ့ ပရီမီယာလီဂ်အသင်း ငါးသင်းလောက်ကို ကိုင်တွယ်ခဲ့ဖူးပြီး အင်္ဂလန်ဘောလုံးလောက အကြောင်းကို နောကြေအောင် သိသူတစ်ယောက်လည်းဖြစ်ပါတယ်။ဒီလိုဆိုတော့ အင်္ဂလန်အသင်းကို ကိုင်တွယ်ရတာ ဘယ်လောက်အထိ ဖိအား များတယ်ဆိုတာ သိတာတောင် ၂၀၁၈ရုရှားကမ္ဘာ့ဖလားမှာ ဗိုလ်စွဲဖို့လောက်အထိ ရည်မှန်းထားတယ်လို့တော့ အလွယ်တကူ ထုတ်ပြောမှာ မဟုတ်ပါဘူး။ သူဟာ နည်းစနစ်ပိုင်းကြွယ်ဝသူ၊ ကစားသမားတွေနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံပြီး လိုရာ ပုံသွင်းတတ်သူတစ်ဦးလည်းဖြစ်နေတော့ အင်္ဂလန်အသင်းအနေနဲ့ သူ့လက်ထက်မှာ ဘာတွေပြောင်းလဲနိုင်မလဲဆိုတာ အဖြေထုတ်ဖို့ စောသေးပေမယ့် နှစ်၅၀အတွင်း ကျဆုံးခဲ့ရမှုကို ဆမ်ဘယ်လို ပြန်ပြီး အဖတ်ဆယ်မလဲ စောင့်ကြည့်ရင်းနဲ့. . . ။

တာကြောင့် အီတလီလူမျိုးကာပယ်လိုကို အစားထိုးခန့်အပ်ခဲ့ရပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလား၊ ၂၀၁၂-ယူရိုဖလား ၊ ၂၀၁၄ကမ္ဘာ့ဖလား၊ ၂၀၁۶ ယူရိုဖလား အဆုံး ဘယ်ပြိုင်ပွဲမှာမှ အောင်မြင်မှုမရဘဲ ခုဆမ်အလာဒ္ဓိုက်စ်လက်ထက်ကို ရောက်လာခဲ့ပါပြီ။

အတွေ့အကြုံရင့်တဲ့ အင်္ဂလိပ်လူမျိုး ဆမ်အလာဒ္ဓိုက်စ်ကတော့ အရင်ကတင်းကျပ်တဲ့ စည်းမျဉ်းတွေကို အတိုင်းအတာ တစ်ခုအထိ လျော့ချပေးခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုက အသင်းအောင်မြင်ရေးအတွက် များစွာ အထောက်အကူပြုတယ်လို့ အင်ဒီပန်းဒင့်သတင်းဌာနနဲ့ အင်တာဗျူးမှာ ထည့်သွင်းဖြေကြားခဲ့ပါတယ်။ သူကတော့ အင်္ဂလန်အသင်းအောင်မြင်ရေးဆိုတာဟာ သာမန်အောင်မြင်မှုကိုသာ ဆိုလိုတာမဟုတ်ဘဲ ၂၀၁၈ ရုရှား ကမ္ဘာ့ဖလားမှာ အင်္ဂလန်အသင်းအနေနဲ့ ၁၉၆۶ခုနှစ်ကလို ချန်ပီယံဖြစ်ဖို့ အထိပါ ရည်ရွယ်တယ်လို့ ပြောပါတယ်။

ပြီးတော့ အသင်းသားတွေအနေနဲ့ဇာတိမာန်၊ ကျင့်ဝတ်၊ စည်းလုံးညီညွတ်ရေး ကို အခြေခံပြီး အောင်မြင်မှု ပြန်လည်ရှာဖွေကြဖို့ ဆော်သြလိုက်ပေမယ့် ဒီလို ပြန်ဆော်ခဲ့တာက ဆမ်အလာဒ္ဓိုက်စ် တစ်ယောက်ပဲလုပ်ဆောင်ခဲ့တာမဟုတ်ဘဲ အစဉ်အဆက်နည်းပြတွေအားလုံး ဒီလိုပဲ တိုက်တွန်းခဲ့ကြတာဖြစ်ပါတယ်။ ဒါဆို ဆမ်အလာဒ္ဓိုက်စ်နဲ့ အခြားနည်းပြတွေ ကွာခြားခဲ့တာက ဘာများဖြစ်မလဲ စဉ်းစားကြည့်ရအောင်ပါ။

ဆမ်က "ကျွန်တော်တို့ ကိစ္စရပ်အတော်များများကို ပြောင်းလဲရဖို့ရှိနေပြီး ကစားသမားတွေအနေနဲ့ လက်ရွေးစင်အသင်းအတွက် ကစားရတာကို တင်းကျပ်တယ်လို့ မမြင်စေဖို့ အရေးကြီးတဲ့အရာတစ်ခုကို သက်သက်သာသာနဲ့ ဆောင်ရွက်နိုင်စေဖို့ သာယာစရာ ဝန်းကျင်ကို ရရှိအောင် ဖန်တီးပေးသွားမှာပါ" လို့ ဆိုခဲ့ပါတယ်။

တင်းကျပ်တဲ့ စည်းမျဉ်းတွေထဲမှာ ပြိုင်ပွဲကာလအတွင်း ချစ်သူရည်းစားတွေနဲ့ တွေ့ခွင့်မရတာ၊ အခြားဖျော်ဖြေရေးဆန်တဲ့ ကိစ္စရပ်တွေကို လုပ်ကိုင်

မူးယစ်တရားခံပြေးတစ်ဦးထံမှ ကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

အင်းတော် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နောင်မိုးကျေးရွာတွင် မူးယစ်တရားခံပြေးတစ်ဦးထံမှ ကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို စက်တင်ဘာ ၂ ရက်တွင် သိမ်းဆည်းရမိကြောင်း အင်းတော်မြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်းတော်မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ဇော်ဦး၊ မဲဇာရဲကင်း စခန်းမှူး ရဲအုပ်စိုးလှိုင်၊ ရဲအုပ်သောင်းစိန်ထွန်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် နောင်မိုးရွာနေ မူးယစ်တရားခံပြေး ရန်လင်းအောင်(ခ)မင်းစိုး(ခ)မာနော်၏ နေအိမ်သို့ သတင်းအရ စက်တင်ဘာ ၂ ရက်က ဝင်ရောက်ရှာဖွေရာ ၎င်းအားဖမ်းဆီးရမိခဲ့ပြီး အိပ်ခန်းအတွင်းရှိ ကြွေပန်းကြွေပန်အိတ်အတွင်းမှ ဘိန်းဖြူ ရှစ်ဂရမ် ခန့်စီပါ ပလတ်စတစ်အထုပ် ၁၁ ထုပ် စုစုပေါင်း ဘိန်းဖြူ ၈၈ ဂရမ်၊ နေအိမ်အောက်ထပ်မှ ဘိန်းဖြူ ၁၀ ဂရမ်ခန့်ပါ ပုလင်းအဖြူ တစ်လုံးနှင့် APPETON ကလေးအားတိုးဆေးပုလင်းအတွင်းမှ ဘိန်းဖြူ ငါးဂရမ်ခန့်ပါ ပုလင်း တစ်လုံး၊ နေအိမ်ဝင်ပေါက်အုတ်နံရံတွင် ချိတ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းဖြူ အလေးချိန် ၁ ဒသမ ၁ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်းတစ်လုံး စုစုပေါင်း ဘိန်းဖြူ ၁၀၄ ဒသမ ၁ ဂရမ်ကို သိမ်းဆည်းရမိပြီး ဥပဒေအရ အရေးယူပေးပါရန် မဲဇာရဲကင်းစခန်းမှူး ရဲအုပ်စိုးလှိုင်က တရားလိုပြုလုပ်တိုင်ကြားကြောင်း သိရသည်။

ကိုနိုင်(အင်းတော်)

◆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင်မြို့နယ်တွင် ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းဆိုင်ရာရှင်းလင်းပွဲကို စက်တင်ဘာ ၂ ရက်ကပြုလုပ်ရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်းက ရဲလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားစဉ်။

ဇွဲမာန်(ထီးချိုင့်)

ပဲခူးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၄

မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက်က ပဲခူးမြို့ သဇင်လမ်း မြို့သစ်(က)ရပ်ကွက် အမှတ်(၂/၅၃)နေ မဇာဇာဝေဖြိုး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၄၀၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် မြန်မာငွေကျပ် ၅၀၀၀၀ တို့ကို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ပဲခူးမြို့ အောင်မြေသာရပ်ကွက် အောင်မြေသာ(၃)လမ်း အမှတ်(၄၁၆)နေ အောင်အောင်နှင့် မအေးအေးမျိုးတို့၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၈၅ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၂၅ ပြား၊ မြန်မာငွေကျပ် ငါးသိန်း၊ မော်တော်ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်း နှစ်လုံး

မဇာဇာဖြိုးဝေ၊ အောင်အောင်နှင့် မအေးအေးမျိုးတို့ကို သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က လွိုင်လင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လွိုင်လင်မြို့နယ် ပန်ခေါက်ပိုးကျေးရွာအနီး လွိုင်လင်-နမ့်စန်သွား ကားလမ်းမပေါ်တွင် နမ့်စန်-တောင်ကြီးသွား ရွှေမြင့်မိုရ်ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည် မသန္တာစိုးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

❑

ရွှေပြည်သာတွင် မားထောက်လုယက်မှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် စက်တင်ဘာ ၃ ရက် ည ၈ နာရီခွဲက အမှတ်(၂) ရပ်ကွက်၌ သမီးရည်စားစုံတွဲနှစ်ဦးအား အမည်မသိ လူသုံးဦးက မားထောက်လုယက်မှုဖြစ်ပွားခဲ့ကြောင်း ရွှေပြည်သာမြို့မရဲစခန်း၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ကျော်ကျော်လတ်နှင့် ၎င်း၏ရည်စားဖြစ်သူတို့သည် အမှတ်(၂) ရပ်ကွက် ယင်းမာမြတ်နိုးသစ်စက်ရှေ့လမ်းမပေါ်တွင် လက်ဖက်ရည်ဆိုင်မှ ထွက်လာပြီး လမ်းလျှောက်ပြန်လာစဉ် အမည်မသိလူသုံးဦးက နောက်မှ လိုက်လာခဲ့ကြောင်း သိရသည်။ လူသွားလာမှုကင်းသော နေရာအရောက်တွင် ၎င်းတို့အနက်မှ တစ်ဦးက အမျိုးသမီး၏လည်ပင်းကို မားဖြင့် ထောက်လျက် ကျော်ကျော်လတ်ကိုလည်း မားနှောင့်ဖြင့် ထုပစ်မည်ဟု ကြောက်လန့်အောင် ပြောဆိုပြီး ထိုင်ခိုင်းခဲ့သည်။ ကျန်နှစ်ဦးက ခြိမ်းခြောက်ပြောဆို၍ ဘောင်းဘီအိတ်ထဲတွင်ထည့်ထားသော MEIZU Note 3 အမျိုးအစားမီးခိုး ရောင်လက်ကိုင်ဖုန်းတစ်လုံး (တန်ဖိုးငွေကျပ် ၂၂၀၀၀၀)နှင့် Huawei 730 အမျိုးအစားအဖြူရောင်လက်ကိုင်ဖုန်း တစ်လုံး (တန်ဖိုး ငွေကျပ် ၁၆၀၀၀၀)၊ အမျိုးသားဝတ်လက်ပတ်နာရီတစ်လုံး (တန်ဖိုးငွေကျပ် ၃၅၀၀၀)စုစုပေါင်း တန်ဖိုးကျပ် ၄၁၅၀၀၀ တို့အား လုယူကာ ဆိုင်ကယ်နှင့် ထွက်ပြေးသွားခဲ့သောကြောင်း ကျော်ကျော်လတ်က လာရောက်တိုင်တန်းသောဖြစ်စဉ်တစ်ခုဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စခန်းမှူး ဒုရဲမှူးဝင်းမြင့်က အခင်းဖြစ်ပွားရာနေရာသို့သွားရောက်စုံစမ်းခဲ့ပြီး စခန်းက (၀)၉၈၀/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၈၂/၁၁၄ ဖြင့် အမှုဖွင့်ထား၍ အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကိုနိုင်(ရွှေပြည်သာ)

လိုက်ထရပ်ယာဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှယာဉ်အား ဝင်ရောက်တိုက်မိသဖြင့် တစ်ဦးသေဆုံး

နေပြည်တော် စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့သစ်(က)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ်(၅၂/၃-၄)ကြားတွင် စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပဲခူးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်ဘက်မှ ဘုရားကြီးဘက်သို့ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နေ အောင်သီဟန်(၂၇)နှစ် မောင်းနှင်လာသည့် 8K/---- လိုက်ထရပ်ယာဉ်သည် ယာဉ်တက်နောက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိ၍ မျက်နှာချင်းဆိုင်ဘက်မှ လှိုင်သာယာမြို့နယ်နေ သန်းဇော်ထွန်း(၂၃)နှစ်မောင်းနှင်လာသည့် 8G/---- HIACE ယာဉ်ကိုဝင်ရောက်တိုက်မိခဲ့ရာ 8K/---- ယာဉ်မောင်း အောင်သီဟန်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးသွားခဲ့ပြီး ယာဉ်ပေါ်ပါ ဒေါပုံမြို့နယ်နေ မောင်ဇင်သက်ထူး(၂၂)နှစ်ပါနှစ်ဦး၊ 8G/---- ယာဉ်ပေါ်ပါ လှိုင်သာယာမြို့နယ်နေ ဒေါ်မြင့်သိန်း(၅၅)နှစ်ပါ လေးဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် ယာဉ်မောင်း အောင်သီဟန်ကို ပဲခူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၆–၂၀၁၇ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများအတွက်

ဂုဏ်ထူးအမှတ်များနှင့်အထက်ရရှိရန် ကြိုးစားနေသူများတန်းခွဲ နှင့်
အောင်မြင်မှုအမှတ်များရရှိရန် ကြိုးစားနေသူများ Repeater(နှစ်ကျ)တန်းခွဲ

စက်တင်ဘာလ (၇)ရက် ၂၀၁၆ (ကြာသပတေးနေ့) စမည်။ (လျှပ်ဦးရေ အထူးကန့်သတ်ထားပါသည်။)

(A) စနေ နှင့် တနင်္ဂနွေ နံနက် ၈း၃၀ နာရီမှ ညနေ ၆း၀၀ နာရီ
(B) အင်္ဂါ မှ တနင်္ဂနွေ ညနေ ၃း၀၀ နာရီမှ ညနေ ၆း၀၀ နာရီ

မြန်မာ	ဆရာမကြီး ဒေါ်မြင့်(ငြိမ်း)	အင်္ဂလိပ်	ပါမောက္ခဆရာကြီး ဒေါက်တာဘဘထင်လင်း
သင်္ချာ	သင်္ချာ-ဒေါက်တာစိုး		(အင်္ဂလိပ်စာ-ဦးဘဘထင်လင်း-ရွှေဘုံသာ)၊
ဓာတု	ဆရာမျိုး-ဓာတု၊ ဆရာ ဦးထွန်းထွန်း		ဆရာကြီး ဦးသီဟဆွေ
ဇီဝ	Bio-Dr NL	ရူပ	ဝါရင့်ဆရာကြီး ဦးအေးကျော်စိုး
ဘာသာ	Teacher Daw Thadar		

၂၇၂(၀)ထပ်၊ KBZ အပေါ်ထပ်၊ နေလှိုင်တာဝါ၊ J-Dohnut အနီး၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း၊ရန်ကုန်

Ph - 09 - 254 310 945, 09 - 730 390 50

တစ်ဦးတည်းဖြစ်ကြောင်း

မောင် အောင်ပန်းကျော်(ခ) မောင်မြင့်မြတ်သူ၏ ဖခင်[၁၁/ဘသတ(နိုင်)၀၀၂၅၃]ကိုင်ဆောင်သူ ဦးထွန်းမြင့် (ခ)ဦးထွန်းမြင့်ချေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးကျေးရွာနေ မအေးမြသူ၏ ဖခင်မှာ ဦးနေသူရဦး နှင့် ဦးစိုးမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးနေသူရဦး(ခ)ဦးစိုးမြင့်**
[၉/တကန(နိုင်)၁၅၇၅၆၀]

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာနပုံနှိပ်စက်ရုံမှ အသုံးပြုရန် မသင့်လျော်သည့် စက်ဟောင်းစက်ပျက်(၂)လုံးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးပြုရန်မသင့်လျော်သည့် စက်ဟောင်းစက်ပျက် အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂-၉-၂၀၁၆ရက်မှ ၁၂-၉-၂၀၁၆ ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁၂-၉-၂၀၁၆ရက် ညနေ ၄း၀၀နာရီဖြစ်ပါသည်။

၃။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀စသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၅၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၅၊ မြေကွက်အမှတ် ၄၅၅/ ၅အက်ဖ်နှင့် မြေကွက်အမှတ် ၄၅၅၊ ၅အိပ်ခ်ချမြေ(၂)ကွက်၊မြေကွက်တည်နေရာအမှတ် ၅၉၊ သာသာနာ့ရိပ်သာလမ်း၊ ပဟန်းမြို့နယ်၊ ဒေါ်မေစိသင်း [၁၂/ဗဟန(နိုင်)၀၃၂၅၄၉] အမည်ပေါက် မြေပိုင်ရမြေအားမြေအမည်ပေါက်စာချုပ်အမှတ်- ၂၀၅၇/ ၁၉၉၂(၁၁-၁၁-၁၉၉၂)၏ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မိတ္တူမှန်၊ ဒေါ်မေစိသင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၆၈/ ၂၀၁၄ (၁၆-၁-၂၀၁၄)ဖြင့် ရရှိသည့် ဦးအောင်ချို(၁ ၂/ ဒဂမ(နိုင်)၀၁၀၀၉၃)မှ ဒေါ်မေစိသင်း သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ကျွမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပိုက္ကရေး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၂၉၀)၊ မြေကွက်တည်နေရာ အမှတ်(၂၉၀)၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဦးညွှန့်-CE-၀၅၂၄၆၁)အမည်ပေါက် နှစ်(၆၀)မြင့်ကုန်ကုန်ရန်မြေအား အမည်ပေါက် ဦးညွှန့်နှင့် ဦးညွှန့်ထံမှ အရောင်းအဝယ် အရှင်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးအောင်ကြည်တို့အား တရားပြိုင်ထားကာ ဦးကျော်မင်းထွန်းမှ တရားလိုပြု၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတွင် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရုံးဖြစ်သော ဦးညွှန့်နှင့် ဦးအောင်ကြည်တို့ကိုယ်စား ဘီလစ်ဒေါ် ခင်သန်းအေး[၁ ၂/သကတ(နိုင်)၀၁၈၀၀၁]မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားမကြီးမှုအမှတ် (၄/ ၂၀၁၆)၏ (၂၁-၃-၂-၂၀၁၆)၏ ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီအမှုအမှတ် (၇/ ၂၀၁၆)၏ နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်အရာရှိ ခန့်အပ်ကြောင်း အကြောင်းကြားစာတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ဦးသိန်းဝင်း[၁ ၂/ဥကမ(နိုင်)၀ ၂၂၇၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈၂/ ရပ်ကွက်၊ မောစီလမ်း၊ အမှတ်(၅၇၇)မြေယာ၌ ရှိမြေပေအကျယ် အလျားပေ၄၀×အနံပေ၆၀ရှိ ဂရန်မြေပေါ်ရှိ (၂)ထပ်တိုက် အဆောက်အအုံ(၁)လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမွေပုံပစ္စည်းများ ဖြစ်ပါသည်။ အမွေပုံပစ္စည်းခွဲဝေမှုကို တိတိကျကျပြုလုပ်ဆောင်ရွက်ခြင်းမရှိသေးပါ၍ အထက်ဖော်ပြပါ လိပ်စာရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ အားလုံးတို့ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့် စီစဉ်ဆောင်ရွက်မှုပြုခြင်း၊ လျှဒါန်းခြင်းစသည့်ကိစ္စရပ်များကို မပြုလုပ်ရန် ကန့်ကွက်တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအာဝိညွှန်ကြားချက်အရ- ဒေါ်အေးအေးမြတ်(LL.B)WIPO.DL.101(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်၉၂၈၀) ဖုန်း-၀၉-၄၁၁၂၄၃၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၏ မြေကွက်အမှတ်(၄/၅၃)၊ မြေကွက်တည်နေရာအမှတ်(၄/၅၃)၊ ငုပါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း (ဦးခင်ဇော်၊ ဦးအောင်ကြိုင် ဦးကံဝင်း) အမည်ပေါက် (၂၅)နှစ်ဂရန်မြေအား အမည်ပေါက် (၃)ဦးအနက် ဦးခင်ဇော်(ခ)အန်ကျော်ချောင်းနှင့် ဦးကံဝင်းတို့မှ (တရားလို)ပြုလုပ်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးမှ၌ တရားမကြီးမှုအမှတ်-၁၀၂၆/ ၂၀၁၆ဖြင့် ဦးအောင်ကြိုင်အား (တရားပြိုင်)ထားရှိပြီး စွန့်လွှတ်စာချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုများမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ ဇာရီမှုအမှတ်-၉/ ၂၀၁၄အရ တရားရုံးကိုယ်စားဆောင်ရွက်ရန် အတွက် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်မီမီဟန်(ဦးစီးအရာရှိ) [၁၂/စခန(နိုင်)၀၄၁၆၉]မှ တရားရုံးအနိုင်ဒီကရီ တရားရုံးမှ တာဝန်ပေးအပ်စာ၊ တရားနိုင်တစ်ဦးဖြစ်သူ ဦးခင်ဇော်(ခ) အန်ကျော်ချောင်းမှာ ၂၀-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရွှတ်ဝါအား ဆက်လက်ဆောင်ရွက်ခွင့်ပြုသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ဇာရီမှုအမှတ်-၃၉/ ၂၀၁၆၊ မြေစာရင်းမှတ်ချက်ရှိ ၂၀၀၂ခုနှစ်၊ ဘဏ်ချေးငှေမြေပုံ မူရင်းပျောက်ဆုံးကြောင်း ကျွမ်းကျိန်လွှာတို့တင်ပြ၍ စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၅/ ၅အက်ဖ်နှင့် မြေကွက်အမှတ် ၄၅၅/ ၅အိပ်ခ်ချမြေ(၂)ကွက်၊မြေကွက်တည်နေရာအမှတ် ၅၉၊ သာသာနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ဒေါ်မေစိသင်း [၁၂/ဗဟန(နိုင်)၀၃၂၅၄၉] အမည်ပေါက် မြေပိုင်ရမြေအားမြေအမည်ပေါက်စာချုပ်အမှတ်- ၂၀၅၇/ ၁၉၉၂(၁၁-၁၁-၁၉၉၂)၏ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မိတ္တူမှန်၊ ဒေါ်မေစိသင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၆၈/ ၂၀၁၄ (၁၆-၁-၂၀၁၄)ဖြင့် ရရှိသည့် ဦးအောင်ချို(၁ ၂/ ဒဂမ(နိုင်)၀၁၀၀၉၃)မှ ဒေါ်မေစိသင်း သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ကျွမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဗလင်းတန် ဖွံ့ဖြိုးမှု
စာအုပ်စာပေ ဧလှလာစို့

တရုတ်ပန်းများဝင်ရောက်မှုကြောင့် ပြည်တွင်းပန်းများ အရောင်းအဝယ် အနည်းငယ်အေးဟုဆို

မန္တလေး စက်တင်ဘာ ၄

မြန်မာနိုင်ငံသို့ တရုတ်ပန်းများဝင်ရောက်မှုများပြားခြင်းကြောင့် ပြည်တွင်းမှ ထွက်ရှိသော ပန်းများ အရောင်းအဝယ်အနည်းငယ်အေးလျက်ရှိကြောင်း မန္တလေး-ပြင်ဦးလွင် ကားလမ်းဘေးရှိ သလဲကုန်းပန်း စျေးတန်းမှ သိရသည်။

"ကျွန်မက ဒီပန်းတန်းမှာပန်းမျိုးစုံ ဖောက်သည်ပေးပါတယ်၊ ဒီပန်းတန်းမှာ ယာခင်းပိုင်ရှင် တွေ ကိုယ်တိုင်လာရောင်းတာရှိသလို ပြင်ဦးလွင်ဘက်ကလည်း လာရောင်းကြပါတယ်၊ တရုတ်ပြည်က ပန်းတွေလည်း တိုက်ရိုက်ဝင်ပါတယ်။ တရုတ်ပန်းတွေဖြစ်တဲ့ ပဲဟော့ပန်း၊ လီလီပန်း၊ ကာနေရှင်းပန်း၊ တရုတ်နှင်းဆီ၊ တရုတ်ဒေလီယာ အစရှိတဲ့ပန်းတွေ တရုတ်ပြည်ကနေ တိုက်ရိုက်ဝင်ရောက်မှုကြောင့် ပြည်တွင်းပန်းတွေဖြစ်စတဲ့ သစ္စာပန်း၊ ဂန္ဓမာပန်း၊ ပန်းတိန်ဝိုပန်း၊ ကြွေဖြူ၊ အရိုင်းတုံး၊ အစရှိတဲ့ပန်းတွေ အရောင်းအဝယ် အနည်းငယ်အေးသွားတယ်၊ မနှစ်ကကျတော့ တရုတ်ပန်းတွေက တစ်စီးကို ၁၀၀၀၀ ကျော်၊ တစ်သောင်းဆိုတော့ ပြည်တွင်းပန်းတွေပဲ အရောင်းအဝယ်ဖြစ်တာများတယ်။ ဒီနှစ်ကျတော့ တရုတ်ပြည်ကတိုက်ရိုက်ဝင်ရောက်မှု၊ အခွန်အခသက်သာမှုတွေကြောင့် တရုတ်ပန်းတွေက ပြည်တွင်းကထွက်တဲ့ ပန်းတွေနဲ့ စျေးနှုန်းယှဉ်လာတယ်။ ပြည်တွင်းက ထွက်တဲ့ပန်းတွေနဲ့ တရုတ်ပြည်ကထွက်တဲ့ပန်းတွေရဲ့ အဓိကကွာခြားချက်က အထားခံတာပဲ။ ပြည်တွင်းကထွက်တဲ့ပန်းတွေက တစ်ပတ် ကျော်သာ အထားခံပြီး၊ တရုတ်ပန်းတွေက တစ်လကျော်အထားခံတယ်။ တရုတ်ပန်းက စျေးနှုန်းပိုများပေမယ့် ပြည်တွင်းကထွက်တဲ့ပန်းတွေနဲ့ စျေးနှုန်းကွာဟမှုကျဉ်းလာတော့ တရုတ်ပန်းအသုံးပြုသူများလာတယ်။ ဒါကြောင့် ပြည်တွင်းက ပန်းစိုက်တောင်သူတွေ နစ်နာမှုရှိလာတယ်" ဟု သလဲကုန်းပန်းစျေးတန်းမှ ပန်းအရောင်းအဝယ်ပြုလုပ်သူ မချိုသဲက ပြောပြသည်။

ယခုနှစ်တွင် တရုတ်ပြည်မှ ထွက်သည့် ပန်း ၁၀ ရိုး တစ်စီးကို ငွေကျပ် ၂၅၀၀ မှ ၇၅၀၀၊ ၁၀၀၀၀ ဖြစ်ကာ ပန်းအမျိုးအစားပေါ်မူတည်ပြီး စျေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် မြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးထံသို့ မြန်မာနိုင်ငံအတွင်း ကြုံတွေ့ခဲ့ရသော ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံဆိုင်ရာ အစွလာမ်ဘာသာရေးအဖွဲ့ကြီးက အလှူငွေကျပ်သိန်းတစ်ရာကို ဟာဂျီဦးသန်းမောင်နှင့် အစွလာမ်ဘာသာရေးအဖွဲ့ဝင်များ ဩဂုတ် ၂၆ ရက်က ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ခရီးသွားများ အန္တရာယ်ကင်းဝေးရန် အဝေးပြေးမော်တော်ယာဉ်များကို ရှောင်တခင်စစ်ဆေး

မုံရွာ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ခရီးသွားပြည်သူများယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် မုံရွာမြို့ကို အခြေပြုပြီး အနယ်နယ် အရပ်ရပ်သို့ ပြေးဆွဲလျက်ရှိသည့် အဝေးပြေးမော်တော်ယာဉ်များအား ပူးပေါင်း အဖွဲ့များဖြင့် ရှောင်တခင် စစ်ဆေးခြင်းကို စက်တင်ဘာ ၂ ရက် ညနေ ၄ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ခရီးသည်တင် အဝေးပြေးယာဉ်ရပ်နားစခန်း (ကားလေးကွင်း)တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အဓိက စစ်ဆေးနေတာကတော့ မုံရွာကနေ ဒေသအသီးသီးကို ထွက်ခွာကြမယ့် အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်တွေဖြစ်ပါတယ်။ အဆိုပါ ယာဉ်တွေကို မောင်းနှင်ကြမယ့် ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေ အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိကို အရက်မူးတိုင်း ကိရိယာတွေနဲ့ တိုင်းတာစစ်ဆေးခြင်း၊ ယာဉ်မောင်းများ လိုင်စင်ပြည့်စုံမှု ရှိ-မရှိ၊ ယာဉ်ကြွေခိုင်မှု ရှိ-မရှိ နှင့် မော်တော်ယာဉ်ပေါ်တွင် အရေးပေါ်အခြေအနေ ရုတ်တရက်ကြုံတွေ့ရပါက အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူး၊ ကားမှန်ခွဲတဲ့ စိန်တူ(ရဲခင်း) ပါ၊ မပါ၊ အရေးပေါ် ထွက်ပေါက်များ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိတွေကို အဖွဲ့စုံ ပူးပေါင်းပြီး ရှောင်တခင် စစ်ဆေးလျက်ရှိပါတယ်။

'ဒါ့အပြင် မော်တော်ယာဉ်နောက်လိုက်များအား မော်တော်ယာဉ်မထွက်ခွာမီ ခရီးသည်များအား အရေးပေါ်အခြေအနေ ကြုံတွေ့ရပါက မည်သို့ ဆောင်ရွက်ရမည်ကို ကြိုတင်သရုပ်ပြပြောကြားကြရန် ပညာပေးဟောပြောခဲ့ပါတယ်" ဟု အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးခင်ဇော်မြင့်က ပြောသည်။

အဆိုပါ အဝေးပြေး ခရီးသည်တင် မော်တော်ယာဉ်များ စစ်ဆေးခြင်းကို အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီ၊ ကညန၊ ပို့/ဆက်(မုံရွာ)၊ စည်ပင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ထိုသို့စစ်ဆေးခြင်းကို အပတ်စဉ် ရှောင်တခင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဖိုးချမ်း–မုံရွာ)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဆင်းပွဲ ဝါးခယ်မတွင် ကျင်းပ

ဝါးခယ်မ စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဆင်းပွဲကို ပိတ္တာလေးကျေးရွာ၌ စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သင်တန်းဆင်းပွဲတွင် ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ တွေ့ကြုံရင်ဆိုင်ရပါက အချိန်နှင့်တစ်ပြေးညီတုံ့ပြန် ဆောင်ရွက်နိုင်စေရန် သင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း၊ လုပ်သားပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာပစ္စည်းများကို မီးလောင်မှုဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်နိုင်စေရန် နောက်မဆုတ်သော စိတ်ဓာတ်၊ ကောင်းမွန်သော စည်းကမ်း၊ ပြည့်ဝသော အရည်အချင်းများ အစဉ်အမြဲရှိစေရေးအတွက် အထူးဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် တာဝန်ရှိသူများက အပေါ်စားမီးသတ်စက် စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသော အဖွဲ့သုံးဖွဲ့ကို ဆုများခီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ သင်တန်းကို ဩဂုတ် ၈ ရက်မှ စကာ စက်တင်ဘာ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်း၊ သင်တန်းသား ၁၁၀ ဦး တက်ရောက် သင်ယူခဲ့ကြောင်း သိရသည်။

လွမ်းသီဟ (ဝါးခယ်မ)

မန္တလေးမြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့မှ တရားမဝင် အလုံပိတ်တဲများအား ဖမ်းဆီး

မန္တလေး စက်တင်ဘာ ၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စည်ပင်သာယာရဲတပ်ဖွဲ့မှူးရဲမှူး ချမ်းငြိမ်းအောင်၏ ကြီးကြပ်မှုဖြင့် နယ်လှည့်စစ်ဆေးရေးခေါင်းဆောင် ရဲအုပ်သဲဦးလှိုင် ဦးစီးသော စည်ပင်သာယာရဲတပ်ဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ ဒေါနဘွားရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂ ရက်မွန်းလွဲ ၂ နာရီခွဲက MCDC page လူမှုကွန်ရက်စာမျက်နှာတွင် အများပြည်သူများမှ ရေးသားတင်ပြလာသည့် အကြောင်းအရာများအား စိစစ်သုံးသပ်၍ အောင်မြေသာစံမြို့နယ် ၆၂ လမ်း ၁၄ လမ်းနှင့် ၁၅ လမ်းကြား ဒေါနဘွားရပ်ကွက်ရှိ 'အကြင်နာရိပ်' အအေးဆိုင်အား ဝင်ရောက်စစ်ဆေးခဲ့ပြီးဂင်းအအေးဆိုင်တွင် ခွင့်ပြုချက်မဲ့ တရားမဝင် ဆောက်လုပ် ဖွင့်လှစ်ထားသော အလုံပိတ်တဲ ၁၇ လုံးအား စစ်ဆေးတွေ့ရှိခဲ့သည်။

ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် အကွက် (၄၆) ၁၉ လမ်းနှင့် လမ်း၂၀ ကြား 'ထူးခြား' အအေးနှင့်ကဖေး ဆိုင်မှအလုံပိတ်ခန်း ၁၀ ခန်း၊ အကွက် (၄၇) ၂၂ လမ်း ၅၈ လမ်း နှင့် ၅၉ လမ်းကြား 'Cupit' ကဖေးနှင့်အအေးဆိုင်တွင် အလုံပိတ်ခန်း ၂၀၊ အကွက်(၄၇) ၂၂လမ်း၊ ၅၇ လမ်းနှင့်၅၈ လမ်းကြား CAFÉ-58 တွင်အလုံပိတ်ခန်း ရှစ်ခန်း၊ အကွက် (၄၇) ၅၇ လမ်းနှင့် ၅၈ လမ်းကြား 'ဆုံနေကြ' ကဖေးနှင့်အအေးဆိုင်တွင် အလုံပိတ်ခန်း ၁၄ ခန်း တွေ့ရှိသဖြင့် ဆိုင်ရှင်များအား စည်ပင်သာယာ အထူးတရားရုံးမှစည်ပင်သာယာ ဥပဒေပုဒ် မ ၁၀၈အရ တစ်ဆိုင်လျှင် ကျပ်လေးသိန်းစီ ဒဏ်တပ်ရိုက်ခဲ့သည်။

အဆိုပါ တရားမဝင်ဆောက်လုပ်ထားသော အလုံပိတ်တဲများနှင့် အခန်းများအား ဖျက်သိမ်း ဖယ်ရှားရန် အဆောက်အအုံနှင့် ကုန်ရုံဌာနတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

မောင်ပြည်သူ(မန္တလေး)

နမ့်ဆန်မြို့တွင် မဟာဗုဒ္ဓဝင်ပြခန်း လာရောက်ပြသ

နမ့်ဆန် စက်တင်ဘာ ၄

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မြို့မဂိုဏ်းချုပ်ကျောင်း၌ မဟာဗုဒ္ဓဝင်ပြခန်းကို ဩဂုတ် ၃၁ ရက်က စတင်ပြသလျက်ရှိသည်။

အဆိုပါ မဟာဗုဒ္ဓဝင်ပြခန်းကို ရန်ကုန်မြို့ သနန္တနဓမ္မပါလအဖွဲ့မှ လာရောက်၍ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၂ ရက်အထိ သုံးရက်တိုင်တိုင် ပြသမည်ဖြစ်ပြီး၊ ဗုဒ္ဓမြတ်စွာဘုရား၏ ဖွားမြင်တော်မူရာဒေသ၊ ပွင့်တော်မူရာဒေသနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားအားထုတ်ကျင့်ကြံခဲ့သည့် ဖြစ်စဉ်များကို ရုပ်ပုံများနှင့်တကွ အသေးစိတ်ပြသလျက်ရှိပြီး၊ ဗုဒ္ဓဘာသာကိုးကွယ်သည့် မိဘပြည်သူများအနေဖြင့် ဗုဒ္ဓဘာသာအကြောင်းကို ထဲထဲဝင်ဝင်သိရှိပြီး၊ မိမိဘာသာကို အမြတ်တနိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ လာရောက်ပြသခြင်းဖြစ်ကြောင်း မဟာဗုဒ္ဓဝင်ပြခန်းကို တစ်နိုင်ငံလုံးရှိ မြို့များသို့ လှည့်လည်ကာပြသသွားမည်ဖြစ်ကြောင်း ပြခန်းတာဝန်ခံ ဦးခင်မောင်ထံမှ သိရသည်။ **ကျောက်မဲခရိုင်ပြန်/ဆက်**

မယ်စဲ့ အထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး အန္တရာယ် အကြောင်း ပညာပေးဟောပြော

မယ်စဲ့ စက်တင်ဘာ ၄

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် ရဲတပ်ဖွဲ့မှ ပြုလုပ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက်နံနက် ၁၀ နာရီက မယ်စဲ့မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မယ်စဲ့မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်မျိုးလွင်က ယာဉ်မောင်းနှင်စီးနင်းသူများအနေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရန် စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း ဖြင့် အပြစ်မဲ့သူများ အသက်အန္တရာယ်နှင့် ကြုံတွေ့ကြရခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရန် သတိပြုဆင်ခြင်ရန်အချက်များ၊ မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ဖြစ်တတ်သော ဆိုးကျိုးများအကြောင်းတို့ကို ဟောပြောပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူ ၁၉၁ ဦးတို့အား အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ကိုနိုင်း (လွှင်ကော်)

မိတ္ထီလာ စက်တင်ဘာ ၄

မိတ္ထီလာမြို့နယ် ၁၃၃ ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးဘုရားပွဲတော် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်လှေအသင်းများသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ပြိုင်ပွဲကျင်းပမည့် ဖောင်တော်ဦးဘုရားအနီး ရေကန်ထဲတွင် ပြိုင်ပွဲဝင်လေ့များဖြင့် စတင်လေ့ကျင့်လေ့ခတ်လျက်ရှိကြောင်း သိရသည်။

"မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ကျင်းပမှာက စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပမယ့် ရက်မတိုင်မီ နှစ်စဉ် ကြိုတင်လေ့ကျင့်နေကျအတိုင်း ပြိုင်ပွဲဝင်မယ့်လေအသင်းသားများက ပြိုင်ပွဲဝင်မယ့်လှေ၊ လှေခတ်ယှဉ်ပြိုင်ရမယ့် ရေလမ်းကြောင်းနဲ့ အသားကျအောင် ကြိုတင်လှော်ခတ်လေ့ကျင့်ကြတာပါ။ ဒီနေ့လေအသင်း ခြောက်သင်းလောက် စတင်လှော်ခတ်လေ့ကျင့်ပါတယ်" ဟု ယင်းလှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လေအသင်းတစ်သင်းမှ အသင်းခေါင်းဆောင်တစ်ဦးက ပြောသည်။

မိတ္ထီလာ သမိုင်းဝင်ဖောင်တော်ဦးဘုရားပွဲတွင် နှစ်စဉ်ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ၌ နှစ်စဉ်နှစ်တိုင်းအုတ်နဲ့ဘုတ်၊ လူးခင်းကြီး၊ နွားစမ်းတောင်၊ အင်းပက်လက် စသည် မိတ္ထီလာကန်အနီးကျေးရွာများမှ လေအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ယခုနှစ်တွင် မြင်းခြံမြို့နယ်မှ လေအသင်းနှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုနှစ် မြန်မာရိုးရာလောင်းလှေပြိုင်ပွဲတွင် ဆုကြေးငွေများခြီးမြှင့်ရာတွင် ယခင်က ပထမ သုံးသိန်း၊ ဒုတိယ နှစ်သိန်း၊ တတိယ တစ်သိန်း အစား ပထမ ငါးသိန်း၊ ဒုတိယ သုံးသိန်း၊ တတိယနှစ်သိန်း၊ နှစ်သိမ့်ဆု ၁ သိန်းအထိ ဆုကြေးငွေများ တိုးမြင့်ခြီးမြှင့်မည်ဖြစ်ပြီး လေပြိုင်ပွဲတွင် လေအသင်းပေါင်း ၂၁ သင်းခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အဖွဲ့စုံပူးပေါင်းပါဝင်သည့် လှည့်ကင်းများ ညစဉ်လှည့်လည် စစ်ဆေးနေသော်လည်း မှုခင်းများ မကြာခဏဖြစ်ပွားနေ

မကွေး စက်တင်ဘာ ၄

မကွေးမြို့တွင် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးများဦးဆောင်ကာ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော လှည့်ကင်းအဖွဲ့များသည် မြို့ပေါ် ၁၅ ရပ်ကွက်အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ကားနှင့် ဆိုင်ကယ်များအတွင်း ဒုတ်၊ ဓား လက်နက်ဆောင်ကာ သွားလာမှု ရှိ-မရှိ စစ်ဆေးခြင်း၊ ညအချိန်မတော် အဆောင်ရှေ့မှ ဂစ်တာပိုင်းများ ပြဿနာမဖြစ်ပွားစေရန် ကြီးကြပ်ခြင်းလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်နေသော်လည်း ပြည်သူများကို ခြောက်လှန့်နေသော မှုခင်းများ မကြာခဏဖြစ်ပွားနေကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

"ညဆို ၁၀ နာရီလောက် အပြင်မထွက်ရဲတော့ဘူး။ လူငယ်တွေ အုပ်စုဖွဲ့ရမ်းကားတာတွေ တွေ့နေရတယ်။ ဆိုင်ကယ်တွေ အရှိန်ပြင်းပြင်းနဲ့ မောင်းနေကြတယ်။ မိန်းကလေးဆောင်ရှေ့ ဂစ်တာတီးရင်း ပြဿနာတွေတက်ကြ၊ တစ်ယောက်တည်းလာတဲ့ ဆိုင်ကယ်သမားကို ပိုင်းရိုက်ကြတာတွေကြားနေရတယ်။ နောက်ပြီး အဆောင်တစ်ခုကနေ မူးယစ်ဆေးမိတယ်။ မူးယစ်ဆေးသုံးထားတဲ့ လူငယ်တွေ အနုကြမ်းစီးတယ်လို့လည်း သတင်းတွေဖတ်ရတယ်။ စက်တင်ဘာ ၂ ရက် ညကလည်း ည ၉ နာရီခွဲလောက် ပိုက်ဆံ အိတ်လုခံရတယ်တဲ့။ မကွေးက ဘာတွေဖြစ်ကုန်ပြီလဲ။ ဘယ်သူတွေက ကျွန်တော်တို့ကို ကြောက်အောင်လုပ်နေတာလဲ ။ လူငယ်တွေလား၊ အရက်နဲ့မူးယစ်ဆေးကလား၊ လုံခြုံရေးအားနည်းမှုတွေကြောင့်လား" ဟု ဒေသခံတစ်ဦးက ပြောသည်။

"ရပ်ကွက်တွေနဲ့ပူးပေါင်းပြီး လှည့်ကင်း၊ ပတ်ကင်းတွေ ဆောင်ရွက်နေပါတယ်။

ဘော်ဒါဆောင်ပိုင်ရှင်တွေအနေနဲ့လည်း ကျောင်းသား၊ ကျောင်းသူကို မိမိတို့အဆောင် စည်းကမ်းနဲ့အညီ ထိန်းသိမ်းပေးဖို့လိုပါတယ်။ ဘော်ဒါဆောင်ပိုင်ရှင်တွေနဲ့၊ လုံခြုံရေး၊ အုပ်ချုပ်ရေး အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းတွေ ပိုပြီး အောင်မြင်မှာပါ" ဟု မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ပြောသည်။

မှုခင်းဆိုင်ရာပြဿနာများ ဖြစ်ပွားနေရခြင်းမှာ မှုခင်းဖြစ်စဉ်များအရ မကွေးမြို့ပေါ်အတွင်း ကျောင်းသားလူငယ်များကို ပစ်မှတ်ထား ဝင်ရောက်နေသော စိတ်ကြွဆေးပြားများကြောင့် လည်းဖြစ်နိုင်ကြောင်း၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေး တာဝန်ရှိသူများဘက်တွင်လည်း ဝန်နှင့် အားမျှတမှု ရှိ-မရှိ အပေါ်တွင်လည်း သုံးသပ်ဖြေရှင်းရန် လိုအပ်ကြောင်း ဒေသခံများက သုံးသပ်ပြောကြားသည်။

ဇေယျတု(မကွေး)

အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

မော်လမြိုင် စက်တင်ဘာ ၄

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်သည် သြဂုတ် ၃၀ရက်က မော်လမြိုင်ခရိုင်ဦးစီးမှူးနှင့်အတူ ကျိုက်မရောမြို့နယ် ပန်းကုန်းကျေးရွာတွင် ပြုလုပ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းသားများအား သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ကျိုက်မရောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မင်းသန့်(ကျေးလက်)

ကျောင်းသား ကျောင်းသူလေးများမှတစ်ဆင့် မိသားစုများထံသို့ စွန့်ပစ်အမှိုက်နှင့် ပတ်သက်၍အမူအကျင့်ကောင်းများအသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့် အခြေခံပညာကျောင်းများ ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူလေးများမှတစ်ဆင့် မိသားစုများ မိဘပြည်သူများထံသို့ အမှိုက်နှင့်ပတ်သက်၍အမူအကျင့်ကောင်းများရရှိစေရန် အသိပညာပေးဟောပြောပွဲများကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ကမာရွတ်မြို့ နယ် အ-ထ-က(၅) ၌ ကျင်းပခဲ့ကြသည်။

ယင်းနေ့ဟောပြောပွဲတွင် ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ လ/ထ ဌာနမှူး ဒေါက်တာအောင်မြင့်မော်က အမှိုက်နှင့် ပတ်သက်၍ ဆောင်ရွက်နေမှု ဌာနမှမိဘပြည်သူများ အတွက်ဝန်ဆောင်မှုလုပ်ငန်းများ၊ အမှိုက်မှ စွမ်းအင်ထုတ်လုပ်မည့် အခြေအနေများ၊ အမှိုက်လျှောချရန်နည်းလမ်းများနှင့် အမှိုက်စွန့်ပစ်မှုနှင့် စပ်လျဉ်းသည့် အမူအကျင့်ကောင်းများအား အသိပညာပေး ဟောပြောခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင် ပါဝင်ဆွေးနွေးခဲ့ကြသည့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် အကြောင်းအရာများအား သရုပ်ပြ ဂိမ်းကစားခဲ့ကြသည်။

ယင်းနောက်အနိုင်ရရှိသည့်အဖွဲ့အား ဆုလက်ဆောင်များ ပေးအပ်ခီးမြှင့်ပေးကြသည်။ ဆက်လက်၍ ကျောင်းအတွက် အသုံးပြုရန် ၂၄၀ လီတာဆန့် အမှိုက်ပုံးနှစ်ပုံအမှိုက်အိတ် ၁၂၀၀ အား ခရိုင်မှူးဦးသန်းထိုက်အောင်က ပေးအပ်လျှက်ဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါက်တာနွယ်နီလွင်ကိုယ်စား ဆရာမ ဒေါ်မြင့်မြင့်ကြည်က လက်ခံရယူခဲ့သည်။

ယင်းနောက် အနောက်ပိုင်းခရိုင် ပညာရေးမှူးရုံး စီမံဘဏ္ဍာဌာနလ/ထ ညွှန်ကြားရေးမှူး ဒေါ်စုစုခင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အဆိုပါအခမ်းအနားသို့ ခေတ္တဒုတိယဌာနမှူး ၊ ခရိုင်မှူးနှင့် လ/ထ ညွှန်ကြားရေးမှူး မြို့နယ်စည်ပင်သာယာ ခေတ္တအုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်နှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူစုစု ပေါင်း ၃၃၅ ဦး တက်ရောက်ခဲ့ကြသည်။

၁၉၇

ပြည်ပနိုင်ငံများသို့ စေလွှတ်ရန် ထူးချွန်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ရွေးချယ်ရေးစာမေးပွဲ နမ့်စန်၌ကျင်းပ

နမ့်စန်(တ) စက်တင်ဘာ ၄

အခြေခံပညာဦးစီးဌာနအောက်ရှိ ထူးချွန်ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို အစည်းအဝေး၊ ဆွေးနွေးပွဲ၊ သင်တန်း၊ လေ့လာရေး၊ ပညာသင်ဆု၊ ယဉ်ကျေးမှုဖလှယ်ပွဲများနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများသို့ စေလွှတ်နိုင်ရန်အတွက် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် မြို့မ အခြေခံပညာ အထက်တန်းကျောင်းတွင် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်အဆင့် ရွေးချယ်ရေးစာမေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာမေးပွဲကို နမ့်စန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းပြ သုံးဦး၊ မူလတန်းကျောင်းအုပ် ၁၄ ဦး ၊ အလယ်တန်းပြ ခြောက်ဦး ၊ မူလတန်းပြ ၁၅ ဦး စုစုပေါင်း ဆရာ၊ ဆရာမ ၃၈ ဦး နှင့် အထက်တန်းနှင့် အလယ်တန်းမှ ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး စက်တင်ဘာ ၃ ရက်တွင် အင်္ဂလိပ်စာဘာသာရပ်နှင့် စက်တင်ဘာ ၄ ရက်တွင် အထွေထွေဗဟုသုတဘာသာရပ်ကို ဖြေဆိုရခဲ့ကြောင်း သိရသည်။

သူရအောင်(ပြွန်/ဆက်)

၂၀၁၆–၂၀၁၇ ပညာသင်နှစ် ခန္ဓီးခရိုင် ပထမအကြိမ် ဘာသာရပ်ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ခန္ဓီး စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင်ပညာရေးဌာနမှကြီးမှူးကျင်းပသော ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ခရိုင်အဆင့် ပထမအကြိမ်အခြေခံပညာ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ခန္ဓီး အ-ထ-က ကျန်စစ်သားခန်းမ၌ ကျင်းပခဲ့ရာခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးအောင်ကျော်မြင့်က ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များဖြစ်သည့်-

(၁) ဆရာ၊ ဆရာမများလုပ်ငန်းကျွမ်းကျင်မှုရှိစေရန်

(၂) ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်များကို ထိရောက်စွာ သင်ကြားနိုင်စေရန်

(၃) ဆရာ၊ ဆရာမများကိုယ်တိုင် တီထွင်ဖန်တီးမှုများဖြင့်သင်ကြားရန်

(၄) ဘာသာရပ်များကို ဆရာနှင့် ကျောင်းသား လက်တွေ့သင်ကြားမှုစနစ်ဖြင့် အပြန်အလှန်ဆွေးနွေးရန်

(၅) သင်ကြားသည့်သင်ခန်းစာများ၏ ရည်ရွယ်ချက်များကို အကဲဖြတ်နိုင်စေရန်

(၆) ဆရာနှင့် ကျောင်းသားများရင်းနှီးခင်မင်စွာဖြင့် အပြန်အလှန်ဆက်ဆံရေး ကောင်းမွန်စေရန်စသည့် ရည်ရွယ်ချက်ခြောက်ရပ်ကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ ခန္ဓီးခရိုင် ၁၀ မြို့နယ်အတွင်းမှ အလယ်တန်းအဆင့် (အဌမတန်း) သင်ကြားသည့် ဆရာ၊ ဆရာမ ၅၅၁ ဦးနှင့် မူလတန်းအဆင့် (စတုတ္ထတန်း)သင်ကြားကြသည့် ဆရာ၊ ဆရာမ ၁၂၂ ဦးတို့တက်ရောက်ကြပြီး၊ အလယ်တန်းအဆင့်တွင် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ာ၊ ပထဝီဝင်၊ သမိုင်းနှင့် သိပ္ပံ) ဘာသာရပ်ခြောက်ခုကိုလည်းကောင်း၊ မူလတန်းအဆင့်တွင် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ာ၊ သိပ္ပံ၊ လူမှု) ဘာသာရပ်ငါးခု ကိုလည်းကောင်း၊ခန္ဓီးအထကနှင့် မြို့မ အ-လ-ကတို့တွင် နှစ်နေရာခွဲ၍၊ နံက် ၉ နာရီမှ၊ ညနေ ၄ နာရီအထိ သုံးရက်ကြာသင်ကြားဆွေးနွေးကြမည်ဖြစ်သည်။

စန်းလွင်ဦး

ပြည်တွင်းရေးရာ

ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ ဥပဒေများစာရင်း

နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ သြဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲ ဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

ယမန်နေ့မှအဆက်

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း	မှတ်ချက်
၁။	The Chin Special Division (Extension of Laws) Act, 1948 (Act 48, 1948, Vol.XIII)		
၂။	The State (Extension of Laws) Act, 1948 (Act 50, 1948, Vol.XIII)		
၃။	The State (Extension of Laws) Act, 1949 (Act 15, 1949, Vol.XIII)		
၄။	The Kayah State (Extension of Laws) Act (Act 35, 1949, Vol.XIII)		
၅။	The ThanlwinDistrict (Extension of Laws) Act, 1949 (Act 61, 1949, Vol.XIII)		
၆။	The Wa States and Ko Kang State Criminal Law Extension Act, 1955 (Act 31, 1955)		
၇။	The Shan State Criminal Law and Procedure Extension Act, 1959 (Act 45, 1959)		
၈။	၁၉၄၈ ခုနှစ်၊ ချင်းပိသေသတိုင်းအက်ဥပဒေ (ဥပဒေအမှတ် ၄၉/၁၉၄၈ ခုနှစ်၊ အတွဲ-၁၃)		
၉။	၁၉၆၀ ပြည်နှစ်၊ ပြည်နယ်များ ရာဇဝတ် တရားဥပဒေ အကျိုးသက်ရောက်ရေး အက်ဥပဒေ (ဥပဒေအမှတ် ၃၃/၁၉၆၀ ခုနှစ်)		
၁၀။	၁၉၆၃ ခုနှစ်၊ တရားဥပဒေများ အာဏာတည်စေခြင်းနှင့် ရပ်စဲစေခြင်းဥပဒေ (ဥပဒေအမှတ် ၄/၁၉၆၃ ခုနှစ်)		
၁၁။	၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ (ဥပဒေအမှတ် ၂၂/၁၉۷۳ ခုနှစ်)		
၁၂။	၁၉۷۴ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်နယ်ဦးစီးအဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များအား လစဉ်ခံစားမြင့်ငွေပေးရေးဥပဒေ (တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁/၁၉۷۴ ခုနှစ်)		
၁၃။	ပြည်သူ့ကိုယ်စားလှယ်များ၏ခံစားခွင့်ဥပဒေ (ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၂/၁၉۷၅)		
၁၄။	ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေ (ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၃/၁၉۷۷)	ပြည်ထဲရေး	
၁၅။	နိုင်ငံရေးပင်စင်ဥပဒေ (ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄/၁၉၈၀ ပြည်နှစ်)	ဘဏ္ဍာရေး	
၁၆။	အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သော အသုံးစရိတ်ဆိုင်ရာ အထူးရန်ပုံငွေဥပဒေ (နယက ဥပဒေအမှတ် ၁၀/၂၀၁၁)		
၁၇။	မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ (ပထစဥပဒေအမှတ် ၂၁/၂၀၁၄)	လူ့အခွင့်အရေး ကော်မရှင်	

ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း	မှတ်ချက်
၁။	The Land and Revenue Act India Act 2,1876,Vol.III)	စိုက်/မွေး/ဆည်၊ စည်ပင်	
၂။	The Upper Myanmar Land and Revenue Regulation (Reg.3, 1889, Vol.III)	စိုက်/မွေး/ဆည်၊ စည်ပင်	
၃။	The Lower Myanmar Town and Village Land Act (India Act 4, 1898,Vol.X)	စိုက်/မွေး/ဆည်၊ စည်ပင်	
၄။	The District Cesses Act (India Act 2,1889,Vol.III)		
၅။	The Revenue Recovery Act (India Act 1, 1890,Vol.III)	ဘဏ္ဍာရေး	
၆။	The Land Acquisition Act (India Act I, 1894,Vol.XI)	ဘဏ္ဍာရေး	
၇။	The State Grants Act (India Act 15, 1895,Vol.10)	ဆောက်လုပ်ရေး၊ စည်ပင်	
၈။	The Arms Act (India Act II,1878,Vol.II)		
၉။	The Arms (Temporary Amendment) Act (51, 1951)		
၁၀။	လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ) အက်ဥပဒေ(ဥပဒေအမှတ် ၃၁/၁၉၄၉)		
၁၁။	The Explosives Substances Act (India Act 6, 1908, Vol.II)		
၁၂။	The Prisons Act (India Act 9, 1894,Vol.I)		
၁၃။	The Prisoners Act (India Act 3, 1900,Vol.I)		
၁၄။	The Identification of Prisoners Act (India Act 33, 1920,Vol.I)		
၁၅။	The Yangon Police Act (India Act 4, 1899,Vol.I)		
၁၆။	The Police Act,1945 (6, 1945)		
၁၇။	The Myanmar Extradition Act (India Act, 15,1903,Vol.I)		
၁၈။	The Unlawful Associations Act (India Act 4, 1908,Vol.II)		
၁၉။	The Myanmar Excise Act (India Act 5, 1917, VoL.III)		
၂၀။	The Myanmar Passport Act (India Act 34, 1920 VoL.1)	အလုပ်သမား	
၂၁။	The Myanmar Official Secrets Act (19, 1923)		
၂၂။	The Public Order (Preservation) Act (Myanmar Act 16, 1947, Vol.II)		
၂၃။	The Public Property Protection Act (83, 1947)		
၂၄။	ပြည့်တန်ဆာနိုပ်ကွပ်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၂၄/၁၉၄၉)	လူ/ကယ်/ပြန်	
၂၅။	အရေးပေါ်စီမံမှုအက်ဥပဒေ(ဥပဒေအမှတ် ၁၇/၁၉၅၀)		
၂၆။	၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေ (ဥပဒေအမှတ် ၁၉/၁၉၅၁ ခုနှစ်၊ အတွဲ-၈)	တရားလွှတ်တော်ချုပ်	
၂၇။	အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာနအက်ဥပဒေ (ဥပဒေအမှတ် ၅၀/၁၉၅၁)		
၂၈။	နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေ (ဥပဒေအမှတ် ၄၇/၁၉၅၄)	ပြန်ကြားရေး	
၂၉။	၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၃၉/၁၉၅၉)		
၃၀။	၁၉၆၀ ပြည်နှစ်၊ မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ (ဥပဒေအမှတ် ၈/၁၉၆၀)		
၃၁။	၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ (ဥပဒေအမှတ် ၁၂/၁၉၆၁)	တရားလွှတ်တော်ချုပ်	
၃၂။	၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ (ဥပဒေအမှတ် ၁/၁၉၆၃)		
၃၃။	ကွဲနွားတိရစ္ဆာန်ကျော်နင်းမှုဥပဒေ (ဥပဒေအမှတ် ၁၁/ ၁၉၈၅ ခုနှစ်)		
၃၄။	တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ (ဥပဒေအမှတ် ၃/၁၉၈၆ ခုနှစ်)		
၃၅။	လောင်းကစားဥပဒေ(ဥပဒေအမှတ် ၆/၁၉၈၆ ခုနှစ်)		
၃၆။	မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ (ဥပဒေအမှတ် ၁/၁၉၈၇ ခုနှစ်)		
၃၇။	မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ (နဝတဥပဒေအမှတ် ၁/၁၉၉၃)	ကျန်းမာရေး၊ လူ/ကယ်/ပြန်	
၃၈။	မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ (နဝတဥပဒေအမှတ် ၄/၁၉၉၅)		
၃၉။	ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ (နယကဥပဒေအမှတ် ၄/ ၂၀၀၄)	နိုင်ငံခြားရေး၊ တရားလွှတ်တော်ချုပ်၊ ရှေ့နေချုပ်ရုံး	
၄၀။	လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (နယကဥပဒေအမှတ် ၅/ ၂၀၀၅)	လူ/ကယ်/ပြန်၊အလုပ်သမား၊ ရှေ့နေချုပ်ရုံး	
၄၁။	နိုင်ငံတော်အလံဥပဒေ (နယကဥပဒေအမှတ် ၈/ ၂၀၁၀)		
၄၂။	နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ (နယကဥပဒေအမှတ် ၉/ ၂၀၁၀)		
၄၃။	နိုင်ငံတော်သီချင်းဥပဒေ(နယကဥပဒေအမှတ် ၁၀/ ၂၀၁၀)		
၄၄။	ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၁၅/ ၂၀၁၁)		
၄၅။	ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ (ပထစဥပဒေအမှတ် ၁/ ၂၀၁၂)		
၄၆။	ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၁၁/ ၂၀၁၄)	ဘဏ္ဍာရေး	
၄၇။	အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၃/ ၂၀၁၄)	ပို့/ဆက်	
၄၈။	အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၃၁/ ၂၀၁၄)		
၄၉။	မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (ပထစဥပဒေအမှတ် ၁၁/ ၂၀၁၅)		
၅၀။	နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၅/ ၂၀၁၆)		

ဆက်လက်ဖော်ပြပါမည်။

လူကုန်တားနှင့် ကမ္ဘာ့ခရီးသွား စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပုံစတာ ပြိုင်ပွဲ လောင်းလုံတွင် ကျင်းပ

လောင်းလုံး စက်တင်ဘာ ၄

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပညာရေးမျူးရုံးကဦးစီး၍ ၂၀၁၆ ခုနှစ် လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပုံစတာများပြိုင်ပွဲကို အခြေခံပညာ အထက်တန်းကျောင်းရတနာခန်းမ၌ စက်တင်ဘာ ၂ ရက် နံနက်၉ နာရီက ပြုလုပ်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် 'လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး' ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင်အထက်တန်းလေးဦး၊ အလယ်တန်းရှစ်ဦး၊ ကဗျာပြိုင်ပွဲတွင်အထက်တန်းသုံးဦး၊ အလယ်တန်းတစ်ဦး၊ ပန်းချီပြိုင်ပွဲတွင် ရှစ်ဦး၊ ပုံစတာပြိုင်ပွဲတွင်သုံးဦး၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် 'မျှဝေခံစား အလေးထား အားလုံးအတွက် ခရီးသွား'ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် လေးဦး စုစုပေါင်း ၃၁ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို အ-ထ-က ရတနာခန်းမ၌ ယှဉ်ပြိုင်ကြပြီး ပန်းချီ၊ ပုံစတာများကို မိမိတို့၏ကျောင်း၌ ယှဉ်ပြိုင်ကြကာ မြို့နယ်ပညာရေးမှူးရုံးသို့ ကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ဖြင့်ယနေ့မွန်းလွဲပိုင်းအရောက် ပေးပို့ရမည်ဖြစ်ပြီး မြို့နယ်ပညာရေးမှူးရုံးမှစိစစ်၍ ပထမ၊ ဒုတိယ၊ တတိယရရှိ သူများအားတိုင်းပညာရေးမှူးရုံးသို့ပေး ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးထွန်း(မြန်/ဆက်)**

အမရပူရမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှု ဧက ၁၂၃၀ အထိ လျှာထားစိုက်ပျိုးမည်

အမရပူရ စက်တင်ဘာ ၄

အမရပူရမြို့နယ် ဆည်တော်ကြီးဆည်ရေသောက်လယ်မြေများ စပါးစတင်စိုက်ပျိုးလျက်ရှိသည်။ ၂၀၁၆ ခုနှစ် အမရပူရမြို့နယ် မိုးစပါးစိုက်ပျိုးမှုအတွက် လယ်ဧက ၁၂၃၀ လျှာထားပြီး လက်ရှိကာလ ဩဂုတ်လကုန်ပိုင်းအထိ ၆၈၁၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လယ်စိုက်ရန် စိုက်ရေကိုလည်းဆည်တော်ကြီးမှ အပြည့်အဝလွှတ်ပေးလျက်ရှိသည်။ ဆည်တော်ကြီး ရေလှောင်တမံမှ မန္တလေးနှင့် အမရပူရကို မန္တလေးတူးမြောင်းမကြီး ၄၂ မိုင်အရှည် လက်တံမြောင်း ၁၀၂ မိုင်အရှည်ဖြင့် ဆည်ရေသောက်လယ်မြေများကို ရေပေးဝေလျက်ရှိကြောင်း သိရသည်။

အမရပူရမြို့နယ် ဆည်ရေသောက်လယ်မြေများတွင် စပါးများစတင် စိုက်ပျိုးလျက်ရှိပြီး တောင်သူများမှာ ဧရာမင်းစပါးမျိုးများကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရေရကာ ထယ်ရေးပြင်ရာတွင် စက်အား၊ နွားအားရသမျှဖြင့် အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်နေကြသည်။ စိုက်ပျိုးမှုအချိန်အခါမီ ပြီးစီးနိုင်ရန်အတွက် ပျိုးနုတ်သူ၊ ကောက်စိုက်သူ ကောက်စိုက်စည်းများကို လက်ငင်းငွေချေစနစ်ဖြင့် ခေါ်ယူလာကြသည်။ လယ်တစ်ဧကကို ကောက်စိုက်သမ ၁၆ ယောက်နှုန်းဖြင့်စိုက်ပြီး လူပိုနင်းကာ ရှစ်ယောက်စိုက်ကာ ၁၆ ရောက်အတွက် လူပိုနင်းခကိုယူကာ ခွဲဝေလုပ်ကိုင်သည်အထိ အလုပ်အရေးကြီးနေကြောင်း သိရသည်။

လက်ရှိကာလတွင် တောင်သူများသည် စက်ဖြင့်ထယ်ကာ နွားဖြင့်ထွန်ယက်စိုက်ပျိုးကြသည်။ စက်ဖြင့်ထယ်နှုန်း လယ်တစ်ဧက ငွေကျပ်တစ်သောင်း၀ါးထောင်ပေးရပြီး၊ ထယ်ရှဉ်းတစ်ရှဉ်းလျှင် ငွေကျပ်ခုနှစ်ထောင်ပေးရသည်။ ပျိုးနုတ်ခမှာ ပျိုးတစ်ရာလျှင် ငွေကျပ် ၁၅၀၀ ပေးရသည်။ ကောက်စိုက်သမတစ်ဦးလျှင် တစ်နေ့ကောက်စိုက်ခငွေ ကျပ်၄၀၀၀ ပေးရပြီး နှစ်ယောက်စာလူပိုနင်းသည့်အတွက်တစ်ဦးလျှင် ငွေကျပ် ၆၀၀၀ မှ ၈၀၀၀ အထိ ရရှိကြောင်းသိရသည်။

တိမ်တမန်

ယာဉ်အန္တရာယ် ကင်းရှင်းစေရေး၊ မှုခင်းကျဆင်းရေးအတွက် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးစစ်ဆေး

ကျောင်းကုန်း စက်တင်ဘာ ၄

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မြို့ဝင်လမ်းဆုံတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မောင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကြေပ်မတ် စစ်ဆေးခဲ့ကြသည်။

ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန် စစ်ဆေးဆောင်ရွက်ခဲ့ရာ ဦးထုပ်မဆောင်းသူလေးဦးနှင့် ယာဉ်မောင်းလိုင်စင် မရှိသူတစ်ဦး ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂ ရက် နံနက်တွင် လိုင်စင်မဲ့ယာဉ်များ စစ်ဆေးမည်ဆိုသည့် သတင်းကြောင့် လိုင်စင်မရှိသော သုံးဘီးဆိုင်ကယ်များနှင့် ထော်လာဂျီယာဉ်များသည် ခရီးသည်များ တင်ဆောင်မောင်းနှင်မှု ရပ်ဆိုင်းထားသဖြင့် ကျောင်းကုန်းမြို့တွင်းလမ်းများတွင် ယာဉ်သွားလာမှု ရှင်းသွား၍ ဒေသခံများ ဝမ်းသာနေကြောင်းနှင့် စက်လှေယာဉ်များတွင် ခရီးသည်ပိုမိုစီးနင်းလာကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဝင်းကြိုင်(မြန်/ဆက်)

ကျေးရွာကိုးရွာအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထပ်မံထုတ်ချေး

ခင်ဦး စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်မ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာကိုးရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ၁၊၆ရွာ စုစုပေါင်းကျေးရွာ ၁၅ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သောကျေးရွာကိုးရွာမှာ သြဂုတ်လကုန်တွင် စီမံကိန်းကာလ တစ်နှစ်ပြည့်ပြီး အတိုးအရင်းပြေကျေစွာဆပ်ပြီးဖြစ်သဖြင့် အဆိုပါကျေးရွာများကို ဒုတိယအကြိမ် ထပ်မံထုတ်ချေးပေးလျက်ရှိသည်။

မြစ်မ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေထဲမှ တစ်နှစ်အတွင်း ရွာ၏ရန်ပုံငွေအဖြစ်ရရှိသော အတိုးရငွေမှာ သိန်း ၅၀ ကျော်ရှိကြောင်း၊ ယင်းရန်ပုံငွေအား ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မသုံးသေးဘဲ ဒုတိယနှစ်စီမံကိန်းတွင် မတည်ငွေကျပ်သိန်း ၃၀၀ နှင့် ထပ်ပေါင်း၍ ရန်ပုံငွေလည်ပတ်သွားမည်ဖြစ်ကြောင်း ကျေးရွာကော်မတီဝင်များက ပြောသည်။ **ခင်ဦးစိုးဝေ**

စားသုံးသူအသိပညာပေးဟောပြောပွဲကျင်းပ

စဉ်ကိုင် စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂ ရက် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ ဟောပြောပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်စားသုံးသူရေးရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးမိုးက စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များမှလည်း ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များကို ထုတ်လုပ်ရောင်းချရန်၊ ကျောင်းသား၊ ကျောင်းသူများ ဝယ်ယူစားသောက်နေသည့် မုန့်ပဲသရေစာများတွင် ဆိုးဆေးများပါဝင်မှုကြောင့် စားသုံးမိပါက ကျန်းမာရေးထိခိုက်နိုင်ကြောင်း၊ သက်တမ်းလွန်မုန့်များကို ဝယ်ယူစားသုံးခြင်းမပြုကြရန်နှင့် လက်လီလက်ကားဖြန့်ဖြူးရောင်းချနေသည့် မုန့်ဆိုင်များတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ထုတ်ပြန်ထားသောမုန့်များ ရောင်းချခြင်းမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းမုန့်ဆိုင်များနှင့် ပတ်ဝန်းကျင်သန့်ရှင်းစေရေးများကိုလည်း ကျောင်းကော်မတီဝင်များနှင့် လိုက်လံစစ်ဆေးပြီး အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုးအောင်(စဉ်ကိုင်)

ဘာဒိုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံသံဃာ့ဟောဆက်သင်တန်း(၈/၂၀၁၆)ဖွင့်လှစ်

လွိုင်ကော် စက်တင်ဘာ ၄

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံဃာ့ဟောဆက်သင်တန်း အမှတ်စဉ် (၈/၂၀၁၆)ဖွင့်ပွဲအား လွိုင်ကော်မြို့ ဘာဒိုကျေးရွာ ဘုရားရှိခိုးကျောင်းခန်းမ၌ စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးသိန်းက အဖွင့်အမှာစကားပြောကြားရာ "နိုင်ငံတော်အစိုးရမှ ကျေးရွာအရောက် အသက်မွေးဝမ်းကျောင်းပညာအား ရွာသူရွာသားများကို သင်ကြားပေးတဲ့အတွက် ငွေကြေးကုန်ကျမှု သက်သာပြီး သင်ကြားမှုကြောင့် ပိုပြီးစနစ်ကျ၍ ကောင်းမွန်သော သံဃာ့ဟောဆက်နည်းစနစ်တွေကိုရရှိမှာဖြစ်တယ်။ သင်တန်းသားများအနေဖြင့်လည်း ကြိုးကြိုးစားစား သင်ယူကြပါ" ဟု ပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းသားများက သံဃာ့ဟောဆက်ခြင်းအား လက်တွေ့ဆောင်ရွက်ပြသခဲ့ပြီး သင်တန်းသားတစ်ဦးဖြစ်သည့် မောင်ရှားရယ်က "ယခုလို ကျေးရွာမှ ရွာသူရွာသားများ ဒီသင်တန်းကို တက်ရောက်ရသည့်အတွက် အလွန်ပင်ဝမ်းသာပါတယ်။ လက်လှမ်းမမီနိုင်တဲ့ သံဃာ့ဟောဆက်ခြင်းနည်းပညာကို ဒီသင်တန်းမှာ ရရှိမှာဖြစ်တယ်။ ယခင်က သံဃာ့ဟောဆက်ခြင်းကို လုပ်ကိုင်ဖူးပါတယ်။ ဒါပေမယ့် စနစ်တကျသင်ကြားပြီး လုပ်ကိုင်ခြင်း မဟုတ်တဲ့အတွက် ကောင်းမွန်တဲ့လက်ရာ မရရှိခဲ့ပါ။ ယခုသင်တန်းမှာ စနစ်တကျ သင်ကြားလိုက်မယ်ဆိုရင် ကျွန်တော်တို့ကို များစွာအထောက်အကူပြုနိုင်မှာပါ" ဟုပြောသည်။

ယခုဖွင့်လှစ်သည့် သင်တန်းအတွက် ကုန်ကျငွေကျပ် ၁၂၉၄၀၀၀ ဖြစ်ပြီး ဘာဒိုကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာပေါင်းလေးရွာမှသင်တန်းသား ၃၀ တက်ရောက်ကြကာ သင်တန်းကာလမှာ စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်ထိ ၁၅ ရက်ကြာမြင့်မည်ဖြစ်သည်။ **ကိုစိုင်း (လွိုင်ကော်)**

ကျောင်းသား၊ ကျောင်းသူများ

အခြေခံပညာ မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ပုလဲ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပိုလ်သာကြည်ခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၉နာရီက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာအရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်လှမြင့်က "ပုလဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ စတုတ္ထတန်းအောင်ချက် ၉၇ ဒသမ ၄၃ ရာခိုင်နှုန်းနှင့် အဋ္ဌမတန်းအောင်ချက် ၉၂ ဒသမ ၂၁ ရာခိုင်နှုန်းရှိပါတယ်။ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပို့ချတဲ့ ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်နိုင်ရေးနှင့် အောင်ချက်ရာခိုင်နှုန်းမြင့်မားစေရေးအတွက် ယခုလို အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ပေးရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းနောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းစိုးက အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ တည်းခိုနေထိုင်ရေးနှင့် ဆွေးနွေးပွဲဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပုလဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၇၉ ကျောင်းမှ ဆရာ၊ ဆရာမ ၁၇၉ ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိုးကျောင်းမှ ဆရာ၊ ဆရာမကိုးဦးနှင့် ကိုယ့်အားကိုယ်ကိုးကျောင်းလေးကျောင်းမှ ဆရာ၊ ဆရာမလေးဦး တက်ရောက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို သုံးရက်ကြာပြုလုပ်မည်ဖြစ်ကြောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေး မြှင့်တင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်းကောင်း၊ အလယ်တန်းအဆင့်ကို ခရိုင်များတွင်လည်းကောင်း၊ မူလတန်းအဆင့်ကို မြို့နယ်များတွင်လည်းကောင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မြို့နယ်ပြန်/ဆက်**

တောင်သာမြို့နယ် နယ်သာယာကျေးရွာမူလွန်ကျောင်းကို အ-လ-က(ခွဲ)အဆင့် တိုးမြှင့်ဖွင့်နိုင်၍ ကျောင်းသား၊ကျောင်းသူများအဆင်ပြေ

တောင်သာ စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် မင်းတည်းကျေးရွာအုပ်စု နယ်သာယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပွဲအခမ်းအနားကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် နယ်သာယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်(ခွဲ)၌ ကျင်းပပြုလုပ်ခဲ့သည်။

ကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ ကျေးရွာရာအိမ်မှူး ဦးထွန်းဝေနှင့် မြို့နယ်ပညာရေးမှူးဦးသန်းညိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က အမှာစကား အသီးသီးပြောကြားခဲ့ကြပြီး အခြေခံပညာ အလယ်တန်းကျောင်းခွဲအဆင့် တိုးမြှင့်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးဦးသန်းညိုက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

အဆင့်တိုးမြှင့်ခဲ့သည့် နယ်သာယာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ်အဆင့် တိုးမြှင့်ခြင်းခံခဲ့ရပြီး ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ အဖြစ် အဆင့်တိုးဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

